အဆုံးမဲ့ဓားကမ္ဘာ ၄၈၂ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၈၂) - အခြေအနေက ဆိုးတယ်

သူသည် ဗဟိုပိုင်းနယ်မြေသို့သွားရန်အတွက် သဘော်စီးရမည်ဖြစ်သည်၊ မဟုတ်ပါက ချီးမြှောက်ခြင်းနယ်ပယ် တွင်ရှိနေသည့်တိုင် ဗဟိုနယ်မြေသို့ ရောက်အောင် ပျံသန်းရန် မဖြစ်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော် မင်းမဲ့စရိုက်သမုဒ္ဒရာတစ်ခုလုံးတွင်

ခရမ်းရောင်လေများ တစ်နှစ်ပတ်လုံး ပြင်းထန်စွာ တိုက်ခတ်နေပြီး မုန်တိုင်းနှင့် လေဆင်နှာမောင်းများ အဆက်မပြတ် ကျရောက်နေသည့်တိုင်အောင်ပင်။

လူတစ်ဦးသည် လေထဲတွင် ပျံသန်းမည်ဆိုလျှင် ဤလေဆင်နှာမောင်းနှင့် မုန်တိုင်းများကို ခုခံတွန်းလှန်ရမည်ဖြစ်ပြီး ဆန်းကြယ်ချီစွမ်းအင်ကို ချက်ချင်း ကုန်ဆုံးသွားစေနိုင်သည်။

ထို့အပြင် သဘော်များက အလွန်လျင်မြန်ပြီး ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ထက်ပင် အရှိန်မနိမ့်ပါ။

ထို့ကြောင့် ယန်ယဲ့သည်
ဗဟိုနယ်မြေသို့သွားရန်အတွက် သင်္ဘောစီးရန်
ရည်ရွယ်ထားသည်။

...

တင်းကလန်

တင်းရှောက်ယောင် နှင့် ဦးလေးကွမ် တို့
တင်းကလန် သို့ပြန်ရောက်သည်နှင့်
"သခင်မလေး!ကောင်းကင်နတ်ဆိုးဂိုဏ်း
နဲ့တခြားအင်အားစုတွေက ယန်ယဲ့ရှိတဲ့နေရာကို
ရှာနေတယ်လို့သတင်းရထားတယ်။ အခုအချိန်မှာ

ကောင်းကင်နတ်ဆိုးဂိုဏ်းက

ယန်ယဲ့ကိုဖမ်းဆီးဖို့အတွက်

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၃

ဦးတောင်စေလွှတ်ထားတယ်။

ဒါ့အပြင်

ဗဟိုနယ်မြေကိုသွားတဲ့လမ်းတစ်လျှောက်မှာ

ရာချီတဲ့

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူတွေအ

ပြင် မရေမတွက်နိုင်တဲ့

သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူ တွေပါ ရှိနေတယ်။

ဒီလူ ယန်ယဲ့က အခု အခြေအနေ

တော်တော်ဆိုးနေပုံပဲ။”

တင်းရှောက်ယောင်က မထူးခြားစွာ ပြောလိုက်သည်။ "သူက ဒီလူတွေကိုတောင် မလွတ်မြောက်နိုင်ရင် လော့ကျန်း ကို ဘယ်လိုတားဆီးနိုင်မှာလဲ။ နောက်ဆုံးတော့ သူ ဗဟိုနယ်မြေထဲရောက်သွားရင် သူ့ရန်သူအဖြစ် ကမ္ဘာတစ်ခုလုံးရှိနေလိမ့်မယ်။ ဦးလေးကွမ်၊ ဦးလေးရဲ့ရည်ရွယ်ချက်ကို ရှောက်ယောင် နားလည်တယ်။ တင်းကလန် က အခုအချိန်မှာလမ်းနှစ်လမ်းပဲ ရှိတော့တယ်။ အဲဒါက လော့ကျန်း နဲ့ ပူးပေါင်းမလား ဒါမှမဟုတ် ယန်ယွဲ့ နဲ့ မဟာမိတ်ဖွဲ့မလား ဆိုတာပဲရှိတယ်။

ငါတို့က လော့ကျန်း နဲ့ လက်တွဲဖို့ဆိုတာ လက်တွေ့မှာ မဖြစ်နိုင်ပေမယ့် ယန်ယွဲ့ ...."

တင်းရှောက်ယောင် က ဤစကားများပြောရင်း
တိတ်ဆိတ်သွားပြီး၊ "အခုအချိန်မှာ ငါတို့
တင်းကလန် က သူ့နောက်မှာရှိတဲ့ အင်အားစုတွေနဲ့
မဟာမိတ်ဖွဲ့ဖို့စပြီးကြေညာလိုက်ရင်
ကျိန်းသေပေါက် ကဲ့ရဲ့ခံရလိမ့်မယ်။ အဲဒါက
အနာဂတ်မှာ ငါတို့ရဲ့တင်းမျိုးနွယ်အတွက်
ဆိုးရွားလိမ့်မယ်။ ဒါကြောင့် ငါတို့က
လေးစားတန်ဖိုးထားတဲ့နေရာမှာရှိနေချင်ရင်
အဲဒီဂိုဏ်းတွေကို ဖယ်ရှားပြီး မင်းမဲ့စရိုက်
သမုဒ္ဒရာတစ်ခုလုံးကို
တိုက်ရိုက်ချုပ်ကိုင်ထားရမယ်။ ဒီလိုမှသာ ငါ့
တင်းကလန် က

တောင်ပိုင်းနယ်မြေမှာ လုံလောက်တဲ့ လေးစားမှုနှင့် အခွင့်အာဏာကို ရရှိနိုင်မယ်!”

အဘိုးအိုက ပြုံးပြီး ပြောလေသည်။
“မင်းကအရာရာတိုင်းကို အမြဲတမ်း ထည့်သွင်းစဉ်းစားတတ်တယ်။ ဒါပေမဲ့ ဒီလူ ယန်ယဲ့က ငါတို့ တင်းကလန် ရဲ့အကူအညီမပါဘဲ ဗဟိုနယ်မြေကိုရောက်ဖို့ ခက်လိမ့်မယ်။ ငါတို့ သူ့ကို လက်မငှားသင့်ဘူးလား။ နောက်ဆုံးတော့ သူက သခင်ရှောင် ရဲ့....”

တင်းရှောက်ယောင် က ခေါင်းခါလိုက်ပြီး "ငါတို့ တင်းကလန် က သူ့ကို ကူညီလိမ့်မယ်၊ ဒါပေမဲ့ အခု

မဟုတ်ဘူး။ ငါ သူ့ကို ငါတို့ တင်းကလန်
ရဲ့အကူအညီကို လာရှာစေချင်တယ်၊ မဟုတ်ရင်
ငါတို့က သူ့ကိုကူညီဖို့ အစပျိုးခဲ့မယ်ဆိုရင်၊ သူက
ကျေးဇူးတင်တယ်လို့ မခံစားရဘဲ ဒါဟာ
ကိစ္စတစ်ခုလို့ ထင်ကောင်းထင်လိမ့်မယ်!"

အဘိုးအိုက ခဏလောက်စဉ်းစားပြီး
ခေါင်းညိတ်ပြသည်။ “မင်းပြောတာမှန်တယ်။
ဒီကလေးကို သင်ခန်းစာပေးသင့်တယ်။
တကယ်တော့ သူက မင်းကို ကန်ကျောက်ပြီး
ချင်ဟောင်ကို ငါတို့ရှေ့မှာ သတ်ပစ်လိုက်တာ။
ငါတို့က သူ့ကိုကူညီဖို့ အစပြုမယ်ဆိုရင် ငါတို့
တင်းကလန် က ကိုယ့်ကိုကိုယ် အရှက်ရစေတယ်လို့

ပြောကြမှာသေချာတယ်။ ငါတို့ကို တင်းကလန်
ထဲက အဖွဲ့ဝင်တချို့တွေတောင် မိုက်မဲတဲ့
စကားတွေ စပြောကြလိမ့်မယ်။”

“ဦးလေးကွမ်၊ အဲဒီဂိုဏ်းတွေရဲ့ လုပ်ရပ်တွေကို
သေချာအာရုံစိုက်ဖို့ ဒုက္ခပေးရဦးမယ်။ ဒီဂိုဏ်းတွေရဲ့
နောက်ကွယ်မှာ ရပ်နေတဲ့ အင်အားစုတွေကို
သတိထားမိရင်....” ဤအချက်ကို
သူမပြောသောအခါ
"သူတို့အားလုံးကိုသတ်ပစ်လိုက်ပါ" ဟုပြောရင်း
သူမ၏မျက်လုံးများအတွင်းမှ
အေးစက်စက်အလင်းတန်းတစ်ခု
တောက်ပလာခဲ့သည်။

“ကောင်းပါပြီ!”

...

ယန်ယဲ့သည် ဗဟိုနယ်မြေသို့ ရောက်ရှိရန် သင်္ဘောစီးရမည်ဖြစ်သည်။

သို့သော် တင်းကလန် နှင့် ဤဂိုဏ်းကြီးများကသာ သင်္ဘောများ ရှိကြသည်။

၎င်းတို့အပြင် မင်းမဲ့စရိုက်သမုဒ္ဒရာထဲက ကုန်သည်အဖွဲ့အချို့တွင်သာ ပိုင်ဆိုင်ကြ၏။

သို့ရာတွင် ယန်ယဲ့သည် တင်းကလန်
၏အကူအညီကို လိုက်ရှာမည်မဟုတ်ပေ။

သူသည် ဤမျှအရေထူသော
လူတစ်ယောက်မဟုတ်ပါ။

တစ်ဖက်တွင်မူ ဤဂိုဏ်းများကို
သူ့ကိုယ်သူအဖမ်းဆီးခံမည့်အထိ မမိုက်မဲခဲ့ပေ။

ထို့ကြောင့် သူ့အနေဖြင့် သဘော်များပိုင်ဆိုင်သည့်
ကုန်သည်အဖွဲ့များကို ရှာဖွေရန်မှတပါး
အခြားရွေးချယ်စရာမရှိပေ။

"ဆရာ၊ မင်းက ဗဟိုနယ်မြေကို
ခရီးသွားချင်တာလား" တိမ်ပင်လယ်ဟုခေါ်သော
ကုန်သည်အုပ်စု ၏ခန်းမဆောင်တွင်
အဘိုးအိုတစ်ဦးက သူ့ရှေ့တွင်ရပ်နေသော
လူငယ်တစ်ဦးအား မေးလိုက်သည်။

လူငယ်သည် အခြားလူမဟုတ်ပေ၊
ဗဟိုနယ်မြေသို့သွားရန်ပြင်ဆင်နေသော ယန်ယဲ့ ပါ။

၎င်းထံမှ အကြောင်းစုံကို မေးမြန်းခဲ့ရာ
တိမ်ပင်လယ်ကုန်သည်အုပ်စုက
ကူးသန်းရောင်းဝယ်ရန် ဗဟိုနယ်မြေသို့
မကြာခဏသွားရောက်တတ်ပြီး တင်းကလန်
၏သင်္ဘောများနှင့် တန်းတူဖြစ်သည့်

တစ်ခုတည်းသော ကုန်လက်မက်သဘော်ကို ပိုင်ဆိုင်ထားခဲ့သည်။

ခဏအကြာတွင် ယန်ယဲ့က ခေါင်းညိတ်ပြီး "ကျုပ်တို့ ဈေးနှုန်းကို ဆွေးနွေးလို့ရတယ်!"

အဘိုးအိုက ခဏတာ လေးလေးနက်နက် စဉ်းစားကာ အနည်းငယ် စိတ်ပူပန်နေပုံရသည်။ “ငါ့ရဲ့ကုန်သည်အဖွဲ့က ဒီနေ့ညမှာ ဗဟိုနယ်မြေကို ကုန်ပစ္စည်းအချို့ပို့ဆောင်ရမယ်၊ အဲဒီကုန်ပစ္စည်းတွေက အရမ်းတန်ဖိုးကြီးတော့သတိထားဖို့လိုတယ်။ ဒါဆို....”

ယန်ယဲ့သည် ထိပ်တန်းစွမ်းအင်ကျောက်တုံး ၃၀ ကိုထုတ်ယူပြီး စားပွဲပေါ်တင်လိုက်ရာ အဘိုးအို၏စကားသံက ရုတ်ချည်း ရပ်တန့်သွားသည်။ တစ်ချိန်တည်း ၎င်း၏မျက်လုံးထဲတွင် ကျေနပ်နေသည့် အမူအရာ ပေါ်လာပြီး ခေါင်းတညိတ်ညိတ်နှင့် ပြောလိုက်သည်၊

"ဒီလူငယ်က လုပ်ပုံလုပ်နည်းကို တကယ်သိတယ်။" အဘိုးအိုသည် တိမ်ပင်လယ်ကုန်သည်အုပ်စု၏မန်နေဂျာဖြစ်သည်။

တိမ်ပင်လယ်ကုန်သည်အဖွဲ့မှ ဗဟိုနယ်မြေသို့
ကုန်ပစ္စည်းများ ပေးပို့တိုင်း
အပိုဝင်ငွေအနည်းငယ်ရရှိရန် ကြိုးစားခဲ့၏။

အခြားသူများကို သင်္ဘောပေါ်
လျှို့ဝှက်ခေါ်ဆောင်ခြင်းသည်
သူ၏နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။

ဟုတ်သည်၊ ထိုအကျိုးအမြတ်များကို
သူတစ်ယောက်တည်းချည်းတော့ မယူခဲ့ပေ။

ယေဘုယျအားဖြင့် တိမ်ပင်လယ်ကုန်သည်အဖွဲ့ပိုင်
သင်္ဘောပေါ်တွင်

ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကို
လုံးဝလက်မခံပါ။

အကြောင်းမှာ သင်္ဘောသာ
ဒုက္ခတစ်ခုခုနှင့်ကြုံတွေ့ရလျှင် ၎င်းက
သေချာပေါက် ဒုက္ခများပေးမည်။

သို့သော် ဤလူငယ်သည်
ဝိညာဉ်နယ်ပယ်အလွှာအဆင့် တွင်သာရှိခဲ့၏။
ဤလူငယ်က ပြဿနာလုံးဝမဟုတ်ပေ။

အဘိုးအိုက ထိပ်တန်း စွမ်းအင်ကျောက်တုံးများကို
သိမ်းယူပြီး ပြုံးပြသည်။ "ဆရာလေး၊ ဒီည
သင်္ဘောဆိပ်ကို သွားပါ။ အချိန်ကျရင် ငါတို့က

ဆရာလေး ကို ခေါ်သွားလိုက်မယ်။
အချိန်မှန်ရမယ်ဆိုတာကို သတိရပါ။”

"ကျေးဇူးတင်ပါတယ်!" ယန်ယွဲ့က ခေါင်းညိတ်ပြပြီး
မတ်တပ်ထရပ်ကာ ထွက်လာခဲ့သည်။

သူသည် တိမ်ပင်လယ်ကုန်သည်အဖွဲ့မှ
ထွက်ခွာလာပြီးနောက် လူသူကင်းမဲ့သော
နေရာတစ်ခုကို ရှာလိုက်၏။
ထို့နောက်တွင် အချိန်ကိုဖြုန်းမနေတော့ဘဲ
အဆင့်လွန်စွမ်းအင်ကျောက်တုံးအချို့ကိုထုတ်ယူ
ကာ စတင်ကျင့်ကြံခဲ့သည်။

ပြောစရာမလိုလောက်အောင် သူက အလွန်ပင်
အားနည်းနေသေး၏ ။

အဆင့်တူနယ်ပယ်တွင် အန်နန်ကျင်း က လွဲ၍
တောင်ပိုင်းနယ်မြေရှိ အခြားမည်သူမျှ သူ့အတွက်
ပြိုင်ဖက်မဟုတ်ချေ။

သို့သော်လည်း ပြဿနာမှာ သူ
၏လက်ရှိပြိုင်ဖက်များသည်
ချီးမြှောက်ခြင်းနယ်ပယ်  (သို့) အထက်ဆင့်
ပညာရှင်များသာ ဖြစ်နေလေသည်။

သူသည် လက်ရှိ
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ ကို
သတ်နိုင်သော်လည်း တာအိုရတနာလက်နက်များ
ကို အသုံးပြုရန် လိုအပ်ပါသည်။

အကယ်၍ တာအိုရတနာလက်နက်များသာမရှိပါက
သူ့အနေဖြင့် သာမန်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကို
အနိုင်ယူနိုင်ရုံမျှသာ။
၎င်းတို့ကိုပင်သတ်နိုင်မည်မဟုတ်ပေ။

အထူးသဖြင့် အဆင့် ၅ ချီးမြှောက်ခြင်းနယ်ပယ်
(သို့) အထက်ဆင့်ပညာရှင်များဖြစ်နေပါက....?

ထိုနေ့က သူသတ်ခဲ့သော အဘိုးအို တင်းရှန်
ကဲ့သို့ပင်။ ဟုန် နှင့် အခြားသူများရှိမနေပါက သူဟာ
ချက်ချင်းသေဆုံးသွားရပေလိမ့်မည်။

နောက်ဆုံးတွင် ယန်ယဲ့ဟာ ပြင်ပအင်အားကို
အားမကိုးချင်ပေ၊ သူ၏ကိုယ်ပိုင်ခွန်အားသာလျှင်
စစ်မှန်သောခွန်အားဖြစ်ကြောင်း
ရှင်းရှင်းလင်းလင်းသိထားခဲ့သည်။

လက်ရှိအချိန်တွင် သူသည် အဆင့် ၂
ဝိညာဉ်နယ်ပယ်အလွှာအဆင့်တွင်ရှိနေပြီး

အလင်းအသံလှိုင်းများ ကို ၃ ကြိမ်ထိသာ
အသုံးပြုနိုင်ပါသည်။

အပြာရောက်သက်စောင့်များမှ
များလေးချောင်းကိုတစ်ကြိမ်သာအသုံးချနိုင်ပြီး
များဒြပ်စင်ကိုတော့
အများဆုံးတစ်ကြိမ်သာထုတ်ဖော်နိုင်သည်။

တစ်နည်းဆိုရသော် သူသည်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦးနှင့်သာ
အများဆုံး ယှဉ်ပြိုင်နိုင်၏။

အကယ်၍ သူသည်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်နှစ်ဦး
၏ပူးပေါင်းတိုက်ခိုက်မှုကိုရင်ဆိုင်ရပါက
ထွက်ပြေးရန်သာရွေးချယ်ရပါမည်။

ထို့အပြင် သူသည် ဗဟိုနယ်မြေသို့ ခရီးဆက်နေပြီး
၎င်းက မြင့်မြတ်သောဟန်အင်ပါယာ
၏နယ်မြေဖြစ်သည်။

ထို့အတွက် မရေမတွက်နိုင်သော
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ
အသင့်စောင့်ဆိုင်းနေသည်မှာ မလွဲကေန်ပါပင်။

ထိုကဲ့သို့ဖြစ်နေလျှင် သူက
မည်သို့ရင်ဆိုင်ပါမည်နည်း?
ထိုအချိန်တွင် လော့ကျန်းအား ကမ္ဘာ့ပေါ်တယ်ကို
မရရှိအောင် တားဆီးခြင်းကသာ သူ့အတွက်
အသက်ရှင်ရန်အခွင့်အရေးရှိနိုင်ပေသည်။

"ငါ တကယ်ကို အားနည်းလွန်းတယ်။"

အချိန် နှစ်နာရီခန့်အကြာတွင် ယန်ယဲ့ ၏နောက်တွင်
အနက်ရောင်အရိပ်သုံးခု ရုတ်တရက်ပေါ်လာသည်။

ယန်ယဲ့သည် မျက်လုံးများ မှိတ်ထားရာမှ
အနက်ရောင်အရိပ်သုံးခု

၏သတင်းပို့ချက်များကိုနားထောင်ပြီး
မျက်လုံးများပွင့်လာကာ
သူ့အမူအရာက သိသိသာသာ မှုန်မှိုင်းသွားခဲ့သည်။

ကောင်းကင်နတ်ဆိုးဂိုဏ်းက သူ့ကို
လိုက်လံရှာဖွေနေသည်ဖြစ်ရာ သူ့အနေဖြင့်
သေခြင်းတရားရောက်လာမည့်အချိန်ကိုစောင့်ဆိုင်း
နေရန်မဖြစ်နိုင်ပေ။

ထို့ကြောင့် ယန်ယဲ့ဟာ တင်းရှောက်ယောင် နှင့်
လမ်းခွဲပြီးသည်နှင့်
ဟုန်အမျိုးသမီးနှင့်အခြားနှစ်ဦးကို လွှတ်လိုက်ပြီး
သတင်အချက်အလက်များကို
စုဆောင်းစေလိုက်သည်။

အခုအချိန်တွင် ထိုသုံးဦးက ရရှိထားသော အချက်အလက်များနှင့်အတူ ပြန်လာခဲ့ပါပြီ။

“ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၂၅ ယောက်၊ ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူ ၁၀၀ ကျော် နဲ့ မရေမတွက်နိုင်တဲ့ သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူတွေ...။

ဟားဟား! သူတို့က ငါ့ကို တကယ် အထင်ကြီးထားတာပဲ! အမဲလိုက်နေတာလား! ငါက အစွမ်းထက် ကေရာဇ်အဆင့်စွမ်းအားရှင် ဖြစ်နေတဲ့အတိုင်းပဲ။ ငါ့နောက်ကို ပညာရှင်တွေ အများကြီး စေလွှတ်လိုက်တာက ဘာလဲ။"

ယန်ယဲ့ဟာ  သူ့မျက်နှာပေါ်တွင် မှုန်ကုပ်ကုပ်ဖြင့် ကျိန်ဆဲလိုက်သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၉၃ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၉၃) - အန်ရှောင်းနန်

ယန်ယဲ့သည် ကုန်သည်အဖွဲ့သို့လျှောက်လာစဉ် မန်နေဂျာက သူ့ရှေ့တွင် ချက်ချင်းဆိုသလို ပေါ်လာပြီး ဆိပ်ကမ်းသို့ ခေါ်ဆောင်သွားသည်။

"မင်းဘာလို့ဒီမှာရပ်နေတာလဲ။ သင်္ဘောက နောက်ထပ် ၁၅ မိနစ်အတွင်း ထွက်ခွာသွားလိမ့်မယ်။" မန်နေဂျာက ဒေါသတကြီးဖြင့် ပြောလိုက်သည်။

ယန်ယဲ့က တစ်ခုခုပြောရန် ပြင်လိုက်သော်လည်း မန်နေဂျာက လက်ကိုဝှေ့ယမ်းကာသင်္ဘောပေါ်သို့ ဆွဲတင်လိုက်သည်။

ငင်းက “ငါတို့ရဲ့ကုန်သည်သင်္ဘောက
ပြင်ပလူတွေကို တားမြစ်လေ့ရှိတယ်။ ဒါပေမဲ့
မင်းက ငါ့အတွက်
လူကောင်းတစ်ယောက်လို့သဘောထားပြီး
ဗဟိုနယ်မြေကို အပြေးအလွှား သွားချင်နေလို့
ကိုယ်ချင်းစာမိပြီး
သင်္ဘောပေါ်တက်ခွင့်ပြုလိုက်တာ။တစ်ခုတော့ရှိတယ်။ သင်္ဘောပေါ်မှာတစ်စုံတစ်ယောက်ပိုပါလာရင်
တစ်စုံတစ်ရာကိုပိုပြီးမြင့်မားသွားစေလိမ့်မယ်။
ဒီတော့ငါက မင်းအတွက်
အထောက်အထားတစ်ခုကို ပြင်ဆင်ပြီးပြီ။ မင်းက
ဒီအချိန်မှာ ငါ့ရဲ့တူလေးပဲ၊ နားလည်လား"

ယန်ယဲ့ ၏ပါးစပ်ထောင့်များ လှုပ်ယမ်းသွားသည်။

"ငါ့ကို လူကောင်းတစ်ယောက်လို ထင်ခဲ့တာလား? ကြည့်ကောင်းတဲ့ ငါ့ရဲ့ထိပ်တန်း စွမ်းအင်ကျောက်တုံးတွေ ဖြစ်ကောင်းဖြစ်နိုင်တယ် ဟုတ်တယ်ဟုတ်! ယန်ယဲ့က ခေါင်းကိုညိတ်ပြီး "မန်နေဂျာ ယွန် ရဲ့ညွှန်ကြားချက်အားလုံးကို လိုက်နာပါ့မယ်!"

ဤအခိုက်အတန့်တွင် သူအလိုရှိသော အရာမှာ မင်းမဲ့စရိုက်သမုဒ္ဒရာ ၏ဂိုဏ်းလေးခုကို ရှောင်တိမ်းရန်ပင်။

သူသည်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦးဖြစ်ခဲ့လျှင်
ပင် ထိုမျှ များပြားသောပညာရှင်အုပ်စုကို
ရင်ဆိုင်နိုင်မည်မဟုတ်ပါ။

မျိုးဆက်တူများကြားတွင် သူ့ခွန်အားက
သိပ်ပြီးမဆိုးလှဟု ခံစားမိသော်ငြား
ချီးမြှောက်ခြင်းနယ်ပယ်တွင်
ပြိုင်ဖက်ကင်းမဟုတ်ပါ။

ယုံကြည်မှုသည်
ကောင်းမွန်သည့်အရာဖြစ်သော်လည်း
ထိုယုံကြည်ချက်မှာ ငရဲသွားရာလမ်း(သို့)

သေခြင်းတရားကိုဖိတ်ခေါ်သည်နှင့်
ထူးမခြားနားပေ။

ယန်ယဲ့ ၏ရိုကျိုးသောအသံကိုကြားလိုက်သည်နှင့်
မန်နေဂျာ ယွန် လည်း သက်သာရာရသွားပြီး
"ပထမအဆင့်က ကုန်ပစ္စည်းတွေ သိမ်းဆည်းတဲ့
နေရာဖြစ်တယ်။ အဲဒီနေရာကို
ပညာရှင်တွေစောင့်ကြပ်နေတာ။

အဲဒီကို မသွားပါနဲ့ ဒါမှမဟုတ်ရင် မင်းက
သေချာပေါက် သေလိမ့်မယ်။
ဒုတိယအဆင့်ကတော့ အစေခံကျွန်တွေ
အနားယူတဲ့နေရာတစ်ခုပဲ။ မင်း သူတို့နဲ့
ရင်းနှီးတဲ့လူမဟုတ်တဲ့အတွက် အဲဒီကို မသွားပါနဲ့၊

မဟုတ်ရင် ပြဿနာတစ်ခုခု ဖြစ်လာနိုင်တယ်။ တတိယအဆင့်အနေနဲ့ကတော့….”

ဤအချိန်တွင် မန်နေဂျာ ယွန် ၏အမူအရာက လေးနက်သွားပြီး " တတိယအဆင့်က သခင်မကြီးနဲ့ သခင်ငယ်တို့အနားယူတဲ့နေရာ။ အဲဒီကို လုံးဝမသွားသင့်ဘူး။ မင်းသူတို့ကို စော်ကားရင် မင်းအသက်ဘယ်လောက်ပဲရှိရှိ မင်းရှင်သန်နိုင်မှာမဟုတ်ဘူး။”

ယန်ယဲ့ က ပြုံးပြီးပြောလိုက်ပါသည်။ "မန်နေဂျာ ယွန်၊ ငါတို့ ဒါကို ဘယ်လို လုပ်ရမလဲ။

ငါမင်းနောက်လိုက်မယ်၊ မင်းပြောသမျှ ငါလုပ်မယ်။ အဆင်ပြေလား?"

မန်နေဂျာ ယွန် က ခေါင်းညိတ်ပြီး "ဟမ်၊ မင်းက တကယ်ကို ညဏ်ကောင်းတဲ့ ကလေးပါ။ မင်းက တကယ်ကို ကတိပေးတတ်တယ်!"

ယန်ယွဲ့လည်း အနည်းငယ်ပင် စကားမပြောနိုင်အောင် ခံစားလိုက်ရသည်။

ကုန်သည်အုပ်စု ၏သဘော်ကြီးက အလွန်ကြီးမားလှသည်။

အလျား ၁ ကီလိုမီတာကျော် နှင့် အကျယ် ၃၀၀၀ မီတာကျော်ရှိကာ အလွန်မြင့်မားလှသော ကုန်တင်သင်္ဘောကြီးတစ်ခုဖြစ်သည်။

သင်္ဘောတစ်ဝိုက်တွင် သင်္ကေတအမှတ်အသားများ မြောက်မြားစွာရှိပြီး ၎င်းနေရာများက ဤသင်္ဘောကို စွမ်းအင်ကျောက်တုံးများဖြင့် ရွေ့လျားနိုင်စေရန်ပြုလုပ်ထားသည်။

ဤသင်္ဘောတွင် စွမ်းအင်ကျောက်တုံးများ ပါနေသရွေ့ အလိုရှိရာကို ရွက်လွှင့်နိုင်ပေသည်၊ စွမ်းအင်ကျောက်တုံးများ သုံးစွဲမှုနှင့် သင်္ဘော

၏အရှိန်က အမှတ်အသားများ၏
အဆင့်ပေါ်မူတည်၍ ရွက်လွှင့်နိုင်သည်။

သင်္ဘောကို ရွေ့လျားနိုင်စွမ်းရှိခြင်းအပြင်
ခံစစ်ဖွဲ့စည်းပုံနှင့် အမျိုးမျိုးသော တိုက်ခိုက်မှုများကို
ထုတ်လွှတ်ရန်အတွက် အဆောင်
အမှတ်အသားများကိုပင် အသုံးပြုနိုင်သည်။

နောက်ဆုံးတွင်တော့ မင်းမဲ့စရိုက်သမုဒ္ဒရာထဲတွင်
မရေမတွက်နိုင်သောအန္တရာယ်များစွာရှိ၏။

မန်နေဂျာ ယွန် ၏အဆိုအရ ခံစစ်ဖွဲ့စည်းမှုက အဆင့် ၅ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်ပင်လျှင် ချိုးဖျက်နိုင်စွမ်းမရှိပေ။

စွမ်းအင်ကျောက်တုံးအများအပြားပိုင်ဆိုင်ပါက တိုက်ခိုက်မှုဖြင့် အဆင့်မြင့် ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကိုပင် သတ်ဖြတ်နိုင်လေသည်။

ထိုစကားကို ကြားလိုက်သည်နှင့် ယန်ယွဲ့လည်း အလွန် အံ့ဩသွားပါသည်။

" ဒီသဘော်က ဒီလောက်တောင် အားကောင်းသလား?

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေကို ခွေးတစ်ကောင်လိုမောင်းထုတ်ပြီးသတ်ပစ်နိုင်တာလား?" မန်နေဂျာ ယွန်က ယန်ယဲ့ ၏အံ့အားသင့်မှုကို သတိပြုမိသောအခါ အနီးလူငယ်က တောင်ပိုင်းနယ်မြေ ၏အဆင့်နိမ့်လူတစ်ဦးဟု ယူဆပြီး အသိပညာကျယ်ပြန့်စေရန် ရှင်းပြနေလေသည်။

ယန်ယဲ့ဟာ မန်နေဂျာ ယွန် ၏အထင်အမြင်သေးမှုကို စိတ်မဝင်စားဘဲ ကျိုးနွံသောအမူအရာဖြင့် လမ်းညွှန်မှုကိုပင် တောင်းခံလိုက်ပါသည်။

ထို့အတူ ယန်ယဲ့ သည် သူတို့နှစ်ဦး ၏စကားဝိုင်းမှ အချက်အလက်များစွာကို သိရှိခဲ့ရသည်။

ဤသို့ဖြင့်သာ တစ်ယောက်နှင့်တစ်ယောက် စကားစမြည်ပြောရင်း သတိမထားမိလိုက်ဘဲ သဘော်ပေါ်သို့ပင် ရောက်သွားလေတော့သည်။ သို့သော် သဘော်ပေါ်သို့ ခြေချခါနီးတွင် အဆင့် ၉ ဝိညာဉ်နယ်ပယ်အလွှာအဆင့် အစောင့်တစ်ဦးက တားဆီးလိုက်၏။

သို့ရာတွင် မန်နေဂျာ ယွန် က စကားအနည်းငယ်ပြောပြီး ထိပ်တန်းစွမ်းအင်ကျောက်တုံး ၂ တုံးကိုထုတ်ကာ အစောင့်အားစကားအနည်းငယ်ပြောလေသည်။

အစောင့်က ပြုံးပြီး ခေါင်းညိတ်ကာ
နှစ်ယောက်စလုံးကို
သဘော်ပေါ်တက်ခွင့်ပြုလိုက်ပါသည်။

မန်နေဂျာ ယွန် က ယန်ယဲ့ကို
သင့်ရာအခန်းတစ်ခုစီစဉ်ပေးလိုက်ပြီးနောက်
အခြားမည်သည့်နေရာကိုမှထွက်မသွားရန်
အထပ်ထပ်ပြောပြီး ထွက်သွား၏။

အခန်းက သိပ်မကျယ်လှပေ။ အခန်းထဲတွင်လည်း
မည်သည့်ထူးထူးခြားခြားပစ္စည်းမှရှိမနေပါ။
အသုံးမပြုသည်မှာကြာနေသောအခန်းတစ်ခုဖြစ်
ကြောင်းသိသာပေသည်။

သို့သော် ယန်ယဲ့က စိတ်မဝင်စားပေ။

အခန်းထဲသို့ရောက်သည်နှင့် ခဏအကြာတွင်

ကြမ်းပြင်ပေါ်တင်ပျဉ်ခွေလျက်ထိုင်ချလိုက်ကာ

စတင်ကျင့်ကြံလိုက်ပါတော့သည်။

လက်ရှိတွင် သူက အချိန်မဖြုန်းချင်တော့ဘဲ

အချိန်ရှိသရွေ့ ကျင့်ကြံရန်သာ ဆုံးဖြတ်ထား၏။

အကြောင်းမှာ သူသည်

အစွမ်းထက်ခွန်အားမရှိပါက ဤကမ္ဘာတွင်

အမှန်တကယ် လုံခြုံမှုမရှိသောကြောင့်ပင်။

ခဏအကြာတွင် စကြိုလမ်းမှခြေသံကို ရုတ်တရက်ကြားလိုက်ရပြီး အနည်းငယ် မျက်မှောင်ကြုတ်သွားသည်။

ထိုအချိန်တွင် မန်နေဂျာ ယွန် က အခန်းတံခါးကို ဖွင့်ကာ အခြားလူတစ်ဦးနှင့် ဝင်ရောက်လာ၏။

၎င်းနှင့်အတူပါလာသောလူမှာ အသက် ၁၇ နှစ်ဝန်းကျင် လူငယ်တစ်ဦးဖြစ်သည်။

လူငယ်လေးက အပြာရောင်ဝတ်ရုံရှည်ကိုဝတ်ဆင်ထားသော ချောမောလှပသူတစ်ဦးပါ။

အခန်းထဲမှ ယန်ယဲ့ ကိုမြင်သောအခါ လူငယ်လေးက အနည်းငယ် အံ့အားသင့်သွားပုံရ၏။ သူက အခန်းထဲတွင် သူ့ထက်အရင်ကြိုပြီးရောက်နှင့်နေသူရှိမည်ဟုမထင်ထားပုံပါ။

“ဟုတ်တယ်၊ မင်းတို့နှစ်ယောက်စလုံး ဒီမှာပဲနေပြီး တခြားဘယ်ကိုမှ မသွားနဲ့။ နားလည်ကြလား?" စကားပြောပြီးသည်နှင့် မန်နေဂျာ ယွန် က လှည့်ထွက်သွားပြီး အခန်းထဲတွင် ယန်ယဲ့ နှင့် လူငယ်လေး တို့သာ ကျန်နေခဲ့သည်။

ယန်ယဲ့သည် ရှင်းလင်းစွာနားမလည်ခင်
ခဏလောက် တွေးကြည့်လိုက်မိသည်။

ဤလူငယ်လေးကလည်း သူနှင့်တူသော
အခြေအနေတွင် ရှိကောင်းရှိနိုင်ပေသည်၊
ဤအချက်ကို စဉ်းစားမိလိုက်သောအခါ ယန်ယဲ့က
သူ့အကြည့်ကို ရုတ်ပြီး မျက်လုံးများကိုမှိတ်ကာ
ဆက်၍လေ့ကျင့်နေလေသည်။

လူငယ်လေးကတော့ ယန်ယဲ့ ကို
အလွန်သတိထားနေပုံရပြီး ခပ်ဝေးဝေးတွင်သာ
ရှိနေ၏။

သူ့အကြည့်များက စူးစူးရဲရဲဖြင့် ယန်ယဲ့ ဖက်ကို
အဆက်မပြတ်လှည့်ကြည့်နေလေသည် ။

ယန်ယဲ့ဟာ မျက်လုံးများကိုဖွင့်၍
တစ်ချက်ကြည့်လိုက်သောအခါ ထိုအကြည့်များကို
သတိထားမိသွား၏။

အဆုံးတွင် သူ့အကြည့်များက လူငယ်လေး
၏ရင်ဘတ်ပေါ်သို့ ကျဆင်းသွားသည် ။

တစ်ဆက်တည်း လက်ရှိသူ့ခွန်အားဖြင့် သူ့ရှေ့မှ
လူငယ်လေးက လူငယ်မဟုတ်ဘဲ
ယောကျ်ားတစ်ဦးကဲ့သို့ ဝတ်စားထားသော
အမျိုးသမီးဖြစ်ကြောင်း သိမြင်လိုက်ပါတော့သည်။

သို့သော် ၎င်းသည် သူ့ကိစ္စ
လုံးဝမဟုတ်ပေ။ဤမိန်းမပျိုက

သူနှင့်ရည်ရွယ်ချက်တူသော လူတစ်ဦးဖြစ်ပြီး ခရီးစဉ်တွင်သာ ဆုံတွေ့ခွင့်ရခဲ့သည်။

"ဟော့! မင်းက တောင်ပိုင်းကလား" 'လူငယ်လေးက အချိန်အတော်ကြာ တိတ်ဆိတ်နေရာမှ ရုတ်တရက် စကားစပြောလိုက်သည်။

ယန်ယဲ့သည် မျက်လုံးမှိတ်ပြီးလေ့ကျင့်နေရာမှပြန်ဖွင့်လိုက်ကာ လူငယ်လေးကို တစ်ချက်ကြည့်လိုက်ပြီးနောက် ခေါင်းညိတ်လိုက်သည်။

"ဒါဆို မင်းက အန်နန်ကျင်း ကို သေချာသိတယ်"
'လူငယ်လေးက အနည်းငယ် စိတ်လှုပ်ရှားစွာဖြင့် ပြောလာသည်။

ယန်ယဲ့ ၏အမူအရာက အနည်းငယ်ပြောင်းလဲသွားသော်လည်း လူငယ်လေးက သတိမထားမိဘဲ ဆက်ပြောနေ၏။ “သူမက အဆင့်တူနယ်ပယ်မှာ တကယ်ကို မရှုံးနိမ့်နိုင်သူလား? သူမက တကယ်ပဲ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေကို သတ်နိုင်လို့လား? မှန်တယ်၊ သူမက သိုင်းနတ်ဘုရားရဲ့အမွေအနှစ်ကို တကယ်ပဲ အမွေဆက်ခံခဲ့တာလား။ လူငယ်လေးက

အတော်လေး စိတ်လှုပ်ရှားနေပုံရပြီး ယန်ယဲ့ထံ မသိမသာပင်လျှောက်သွားခဲ့သည်။

ယန်ယဲ့သည် 'လူငယ်' ၏အမူအရာနှင့်ပတ်သက်ပြီး အထူးအဆန်းမဟုတ်ကြောင်း သတိပြုမိသောအခါ ခေါင်းညိတ်လိုက်သည်။

အန်နန်ကျင်း ၏ဂုဏ်သတင်းသည် အမှန်တကယ်လေးစားသူများစွာရရှိရန် ဤမျှကြီးကျယ်ခမ်းနားလိမ့်မည်ဟု မထင်ထားမိသောကြောင့် သူ့နှလုံးသားထဲတွင်ပင် ကြည်နူးနေခဲ့သည်။

သို့သော်လည်း အန်နန်ကျင်းက
ယောက်ျားသားများစွာနှင့် မနိုင်းယှဉ်နိုင်သော
အမျိုးသမီးတစ်ဦးဖြစ်ရာ
သူ့အတွက်အဓိပ္ပါယ်ရှိလှသည်။

ယန်ယဲ့ က ခေါင်းညိတ်သည်ကိုမြင်သော အခါ
'လူငယ်လေး သည် ပို၍ပင် စိတ်လှုပ်ရှားလာသည်။
ငါ အန် ရှောင်းနန် သဘောကျတဲ့လူက
မျှော်လင့်ထားသလိုပဲ။ ဟုတ်တယ်၊ ဓားအင်ပါယာ
ယန်ယဲ့ က သူ့ရှေ့မှာ ဒူးထောက်ပြီး ပြောတာ
မှန်တယ် မဟုတ်လား"

ယန်ယဲ့ ၏မျက်ခွံများ လှုပ်ယမ်းကာ ငြိမ်သက်စွာ မပြောမီ သူ့ညာလက်ကို ဆုပ်ထားကာ "မင်းသိလား ယန်ယဲ့ ကို "

"တောင်ပိုင်းနယ်မြေရဲ့တစ်စုံတစ်ယောက်က သူ့ကို မသိဘူးလား" အန်ရှောင်းနန် က “အဲဒီလူက တောင်ပိုင်းနယ်မြေမှာတင် မဟုတ်ဘဲ မင်းမဲ့စရိုက်သမုဒ္ဒရာ တစ်ခုလုံးမှာတောင် ပျံ့နှံ့ခဲ့တယ်။ ဗဟိုနယ်မြေမှာတောင် သူ့ရဲ့နာမည်ဂုဏ်သတင်းက အတော်လေးကျော်ကြားနေတယ်လို့ပြောနိုင်တယ်။ ငါ တောင်ပိုင်းနယ်မြေကို တစ်ခါသွားပြီး

သူ့ကို စုံစမ်းခဲ့သေးတယ်။ သူ့ရဲ့အစွမ်းက မဆိုးသလို ဓားအင်ပါယာ ဘွဲ့ကိုလည်း မစော်ကားခဲ့ပါဘူး။ ဒါပေမဲ့ ငါ သူ့ကို တကယ်ပဲ နှိမ့်ချတယ်။" သူမက စကားပြောပြီးသည်နှင့် အန်ရှောင်းနန်၏မျက်နှာဟာ အထင်အမြင်သေးမှုဖြင့် ဖုံးလွှမ်းသွားသည်။

သူ့ရှေ့က မိန်းကလေးပြောနေသည်ကိုနားထောင်ရင်း ယန်ယဲ့၏မျက်နှာတွင် အပြုံးအနည်းငယ် ပေါ်လာသည်။ သို့သော်လည်း သူမ ပြောလိုက်သောနောက်ဆုံးစကားလုံးကို

ကြားလိုက်ရာ သူ့အပြုံးက ရုတ်တရက်
အေးခဲသွားပါတော့သည်။

ဆက်ရန်

အဆိုးမဲ့ဓားကမ္ဘာ ၄၉၄ (ယန်ယဲ့)
မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး
(အပိုင်း ၄၉၄) - တိုက်ခိုက်ခံရခြင်း

ယန်ယဲ့ က သူမကို ငုံ့ကြည့်ပြီး တည်ငြိမ်သော အမူအရာဖြင့် ပြောလိုက်သည်။ "ဘာလို့ သူ့ကို နှိမ့်ချနေတာလဲ"

“သူက စိတ်ထားကျဉ်းမြောင်းတယ်၊ ရန်စတတ်တယ်၊ သူတစ်ပါးကို ယင်ကောင်တွေလိုခုတ်ဖြတ်ပြီး သူ့စိတ်အလိုကျ အရာရာကို လုပ်ဆောင်တယ်။ သူခံစားမိတဲ့ မကျေနပ်မှုအနည်းငယ်က တစ်စုံတစ်ဦးကို သတ်ဖြတ်တာ ဒါမှမဟုတ် အဲဒီလူရဲ့ မိသားစုတစ်ခုလုံးကို ဖျက်ဆီးပစ်တာနဲ့ အဆုံးသတ်သွားမယ်။

ဒီလိုလူက ဘယ်လိုလုပ်ပြီး ဓားအင်ပါယာ ဖြစ်လာနိုင်တယ်ဆိုတာ ငါတကယ်မသိပါဘူး။ ငါ့အမြင်အရတော့ ဓားနတ်ဆိုး ဆိုတဲ့နာမည်ကသာ သူ့အတွက် ပိုသင့်တော်ပါတယ်။ ဟုတ်တယ်၊ သူက တော်တော် တဏှာရူးနေတယ်လို့ ငါကြားတယ်။ သူ့မှာ တာအိုလက်တွဲဖော်ရှိနေတာတောင် နေရာအနှံ့ လှပတဲ့အမျိုးသမီးတွေကိုရှာဖွေနေတာသိသာတယ်။

သူ့ရဲ့တာအိုလက်တွဲဖော်တစ်ယောက်တည်းအပေါ် မေတ္တာမထားနိုင်တဲ့ ဒီလိုလူကို ငါ မထီမဲ့မြင်မပြုသင့်ဘူးလား" အန်ရှောင်းနန်က

ဒေါသတကြီးပြောနေစဉ် သူမ၏လက်သီးများကို တင်းတင်းဆုပ်ထားသည်။

ယန်ယဲ့ ၏ပါးစပ်ထောင့်များ တုန်လှုပ်သွားပြီး သူ့မျက်နှာပေါ်မှ မမြင်နိုင်သော အမူအရာတစ်ခုကို အမြန်ဖယ်လိုက်သည်။

"ဟမ်! သူလိုလူနဲ့တွေ့ရင် ဒီကမ္ဘာမှာရှိတဲ့ မိန်းမတွေအပေါ် ဘေးဥပဒ်မကျရောက်စေဖို့အတွက် သူ့ကို သင်းကွပ်ပစ်မှာ သေချာတယ်” အန်ရှောင်းနန်က

သူမ၏ လက်သီးများကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်ပြီး ဒေါသသံဖြင့် ပြောလိုက်သည်။

"မင်း သူ့ကို အနိုင်ယူနိုင်မှာလား" ယန်ယဲ့က မသိသလိုဖြင့် ပြောလိုက်သည်။

"ငါ့အဘိုး တတ်နိုင်တယ်!"အန်ရှောင်းနန်က ခေတ္တရပ်ပြီး ဆက်ပြောလေသည်။ “အဖေလည်း တတ်နိုင်တယ်။ ဟုတ်တယ် ငါ့ဦးလေးတွေလည်း ! အိုး ငါ့အစ်ကိုကြီးလည်း သူ့ကို အနိုင်ယူနိုင်ရမယ်!"

ယန်ယဲ့ ဇါပါးစပ်ထောင့်များ လှုပ်ယမ်းသွားသည်။
သူက ခေါင်းကို ခါယမ်းပြီး သူမကို
ဂရုမစိုက်တော့ပေ။

အန်ရှောင်းနန်က စကားစမြည်ပြောခြင်းကို
အလွန်စိတ်ဝင်စားပုံရပြီး ဆက်ပြောနေပါသည်။
"အန်နန်ကျင်းကို တွေ့ဖို့ ဒီတစ်ခေါက် ငါ
တောင်ပိုင်းနယ်မြေကို ရည်ရွယ်ချက်ရှိရှိ
ခရီးထွက်ခဲ့တာ။ ကံမကောင်းစွာပဲ၊ သူမကို
ဘယ်လိုမှ ရှာမတွေ့ခဲ့ဘူး။ ဘယ်လောက်
ဒေါသဖြစ်စရာကောင်းလဲ။
ကံကောင်းထောက်မစွာပဲ သူမက ဗဟိုနယ်မြေကို
ရောက်သွားတယ်လို့ ကြားတယ်။ ဟီးဟီး၊ ငါ

ဗဟိုနယ်မြေကို ရောက်တာနဲ့ သူနဲ့တွေ့နိုင်မှာပါ။
အဲဒီအချိန်မှာ သူဘာလို့ ဒီလောက်တောင်
ကြောက်စရာကောင်းနေတာလဲလို့
သေချာမေးလိုက်မယ်!”

ယန်ယဲ့သည် စကားစလုဆဲဆဲတွင် သဘော်က
စတင်ရွေ့လျှားလာသည်ကို ခံစားမိလိုက်ပါသည်။

ထိုအခြေအနေကြောင့်
ယန်ယဲ့ဟာသက်သာရာရသွားပြီး
သက်ပြင်းချလိုက်ပါတော့သည်။

ယခုအချိန်တွင် သူသည် အချိန်ဖြုန်းရန် လုံးဝ
မတတ်နိုင်ပေ။ သူ ဒီမှာရှိနေသည့်အချိန်တိုင်း
လော့ကျန်း အနေဖြင့်
ကမ္ဘာ့ပေါ်တယ်ကိုသိမ်းယူရန်အခွင့်အရေးများနိုင်
ပေသည်။

လော့ကျန်း ကသာ အောင်မြင်သွားခဲ့လျှင်
အကျိုးဆက်များက မထင်မှတ်လောက်အောင်
ဖြစ်ပါလိမ့်မည်။

သို့သော် ယန်ယွဲ့သည်
ကမ္ဘာ့ပေါ်တယ်ကိုရယူရန်အတွက်

အလွှန်ခက်ခဲကြောင်း သတိပြုမိခြင်းအပြင် ဗဟိုနယ်မြေက မြင့်မြတ်သော ဟန်အင်ပါယာ၏နယ်မြေဖြစ်သောကြောင့်သတိထားရန်လိုအပ်သည်။

ကေရာဇ်အဆင့်စွမ်းအားရှင်များက သူ့ကိုမတိုက်ခိုက်နိုင်သော်ငြား မြင့်မြတ်သောဟန်အင်ပါယာတွင် ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ မရေမတွက်နိုင်အောင်ပိုင်ဆိုင်ထားသည်မဟုတ်လော။

ထိုသို့ဆိုလျှင် သူက
သချောပေါက်လွတ်မြောက်နိုင်မည်မဟုတ်ပါ။
အတိုချုပ်ဆိုရသော် သူ၏လက်ရှိခွန်အားက
အလွန်နိမ့်ကျခဲ့သည်။
အကယ်၍ သူဟာ ချီးမြှောက်ခြင်းနယ်ပယ် (သို့)
အထွတ်အထိပ် ဝိညာဉ်နယ်ပယ်အလွှာအဆင့် သို့
ရောက်ပါက အခြေအနေများ တစ်မျိုးတစ်ဖုံ
ပြောင်းလဲသွားနိုင်ပေသည်။

အထွတ်အထိပ်
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကိုရောက်သည်နှင့်
တာအိုရတနာလက်နက်များကိုအသုံးပြုရာတွင်

သူ့ခွန်အားကုန်ဆုံးမည်ကိုစိုးရိမ်နေစရာမလိုတော့ပေ။

ထိုအချိန်တွင် အန်ရှောင်းနန်က ရုတ်တရက်ပြောလေသည်။ "ဟမ်၊ မင်းက ဘာလို့ ယန်ယဲ့ နဲ့ ခပ်ဆင်ဆင်ဖြစ်နေရတာလဲ"

ယန်ယဲ့ ၏မျက်ခွံများ လှုပ်ယမ်းသွားပြီးနောက် အေးစက်စက်အလင်းတန်းတစ်ခု တောက်ပလာသည်။

"စောင့်ပါ၊ မင်းက ဘယ်လိုလုပ် ဒီနတ်ဆိုးယန်ယဲ့ ဖြစ်နိုင်မှာလဲ !" အန်ရှောင်းနန်က စကားကို ငြင်းဆန်သလိုဖြင့် ခေါင်းယမ်းလိုက်သည်။

"ယန်ယဲ့က အသိမိတ်ဆွေကင်းမဲ့ပြီး အကြောင်းပြချက်မရှိဘဲ သတ်ရတာကို နှစ်သက်တယ်လို့ ကြားတယ်။ မင်းက သိပ်မကောင်းပေမဲ့ မင်းမဆိုးဘူးဆိုတာ ငါနားလည်တယ်။ ဩော်၊ ဒီနတ်ဆိုးလို အသွင်အပြင်မျိုး ပိုင်ဆိုင်ဖို့ ဘာကြောင့် ကြီးပြင်းလာရတာလဲ။ အိုး…."

မျက်လုံးထဲတွင် သတ်ဖြတ်ခြင်းအငွေ့အသက်များ ပျောက်ကွယ်သွားပြီးနောက် ယန်ယဲ့

၏ပါးစပ်ထောင့်များ လှုပ်ယမ်းသွားပြီး တည်ငြိမ်စွာ ပြောလိုက်သည်။ "မင်း ယန်ယဲ့ ကိုတွေ့ဖူးသလား"

အန်ရှောင်းနန်က  ခေါင်းခါပြီး “ငါ မဟုတ်ဘူး၊ ဒါပေမဲ့ သူ့ပုံတူကို ငါမြင်ဖူးတယ်။”
သူမစကားပြောနေစဉ်တွင် ပုံတူရုပ်ပုံကို ထုတ်ယူကာ ယန်ယဲ့အားပြောလေသည်။
“ဒီမှာကြည့်လိုက်!”

သူကိုယ်တိုင်မှလွဲ၍ အခြားသူမဟုတ်သောကြောင့် တစ်ချက်ကြည့်လိုက်သောအခါ ယန်ယဲ့

၏မျက်ခွံများ
တဆတ်ဆတလလှုပ်ယမ်းသွားသည်။

တစ်ခုတည်းသော ခြားနားချက်မှာ
သူ့ပုံတူကအေးစက်လွန်းပြီး အသိမိတ်ဆွေမရှိဟု
အထင်ခံရခြင်းပါ။

"တကယ်တော့ မင်းကို ငါဆက်ကြည့်နေတဲ့
ယန်ယွဲ့နဲ့ ပိုတူတယ်" အန်ရှောင်းနန်က
စကားပြောနေစဉ် သူ့ကို စိုက်ကြည့်နေသည်။

"ငါက ယန်ယွဲ့ ပဲလေ။" ယန်ယွဲ့ဟာ အမှန်တရားကို တစ်ခါတည်းပြောခဲ့သည့် ရှားရှားပါးပါး အခိုက်အတန့်ဟုပင်ဆိုနိုင်သည်။

အန်ရှောင်းနန်က အံ့အားသင့်သွားပြီးနောက် ရယ်မောလိုက်သည်။ သူမက ယန်ယွဲ့ ကို လက်ညှိုးထိုးမပြခင် ခဏလောက် ရယ်မောပြီး “မင်းက ဒီနတ်ဆိုးလို ဟန်ဆောင်ဖို့ တကယ်သတ္တိရှိတာပဲ။ သတိထားပါ။ ဒီနတ်ဆိုးက မင်းကိုတွေ့ရင် မင်းကို အရေခွံခွာပြီး မင်းရဲ့အရိုးတွေကို ဆွဲထုတ်ပြီး မင်းသိတဲ့လူတိုင်းကို သတ်ပစ်လိမ့်မယ်။”

"ယန်ယဲ့ က တကယ်ရှုးသွပ်ပြီး ဆင်ခြင်တုံတရားမဲ့နေတာလား?" ယန်ယဲ့က အကူအညီမဲ့စွာဖြင့် မေးလိုက်လေသည်။ သူ့နာမည်ဂုဏ်သတင်းကမကောင်းမှန်း သိသော်လည်း ဤမျှအထိ ကြောက်စရာကောင်းလိမ့်မည်ဟု သူ မထင်ထားခဲ့ပေ။

"သူဖြစ်သင့်တယ်!" အန်ရှောင်းနန်က မကျေမနပ်အသံဖြင့် "ဘယ်လိုပဲဖြစ်ဖြစ်၊ သူ့အကြောင်းပြောတဲ့ တောင်ပိုင်းနယ်မြေက

ဘယ်သူမဆို သူတို့ရဲ့အမူအရာတွေက သိသိသာသာပြောင်းလဲတာကို မြင်နိုင်တယ်။

 ဟုတ်တယ်၊ ပြီးတော့ သူက အင်ပါယာမြို့တော်မှာရှိတဲ့ ပေ့မင်ကလန် တစ်ခုလုံးကိုဖျက်ဆီးပစ်ခဲ့တယ်လို့ ငါကြားခဲ့တယ်။ အဲဒီဓားနတ်ဆိုးက ကလေးသူငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေကိုတောင် လွှတ်မပေးခဲ့ဘူး။ မင်းက တောင်ပိုင်းနယ်က ဆိုတော့ ကြားဖူးသင့်တယ် ဟုတ်လား။ အဲဒါ အမှန်လား?"

"အဲဒါ အမှန်ပဲ!" ယန်ယွဲ့က အမှန်တိုင်းပင် ထောက်ခံလိုက်ပါသည်။

အန်ရှောင်းနန်က မတ်တပ်ထရပ်ပြီး

လက်သီးသေးသေးလေးများကို တင်းတင်းဆုပ်ကာ

“ငါအန်ရှောင်းနန်က ဒီလိုမိုက်မဲပြီး ယုတ်တိမဲ့တဲ့

နတ်ဆိုးတစ်ကောင်နဲ့ တွေ့ခဲ့ရင် သူ့ကို သင်းကွပ်ပြီး

ရိုက်နှက်မှာ သေချာပါတယ်။ ငါအန်ရှောင်းနန်က

ကောင်းကင်ဘုံအတွက် တရားမျှတမှုကို

ထောက်ကူပေးမှာ။” ဤစကားကို ပြောလိုက်ရင်း

သူမက ယန်ယွဲ့ကို

စိုက်ကြည့်ကာ "မင်းငါ့ကို ထောက်ခံမှာ

မဟုတ်လား။ အိုး၊ မင်းသေချာပေါက်ပါလိမ့်မယ်။

တရားမျှတမှုရှိတဲ့သူတိုင်း

ဒီလိုနတ်ဆိုးတစ်ကောင်ကို

ကမ္ဘာကြီးတစ်ခုလုံးအတွက် ဘေးဥပဒ်တွေ ဆက်ပြီး သယ်ဆောင်လာခွင့်ပေးမှာမဟုတ်တာ သေချာပါတယ်။”

ယန်ယဲ့က မည်သည့်စကားမှ ပြန်မပြောနိုင်ပေ၊ အံ့သြစွာဖြင့်သာ သူမကို စိုက်ကြည့်နေသည်။

"ကောင်းကင်ကြီးအတွက် တရားမျှတမှုကို လက်ကိုင်ထားသလား? ကိုယ့်ကိုယ်ကို သင်းကွပ်ဖို့ သူမကို ထောက်ခံရမှာလား?"

အကယ်၍ သူမ သာ အသက် ၁၇ နှစ်အရွယ်မဟုတ်ပါက ပေါင်အာ ရုပ်ဖျက်ထားသည်ဟုပင်ထင်မိလိမ့်မည်။

ပြောစရာမလိုအောင် ဤမိန်းကလေးက

အစွမ်းထက်ပညာရှင်တစ်ဦး ၏မြေး (သို့)

သမီးဖြစ်သည်မှာ သေချာပါသည်။

ထိုကဲ့သို့မဟုတ်လျှင် သာမန်မျိုးနွယ်စုက

အန်ရှောင်းနန် လို ထူးဆန်းသည့်

မိန်းကလေးမျိုးမွေးထုတ်ရန်မဖြစ်နိုင်ပေ။

ဘုန်း!

ထိုအချိန်တွင် ကုန်တင်သင်္ဘောကြီးက ရုတ်တရက်

ပြင်းပြင်းထန်ထန် တုန်ခါသွားခဲ့၏။

ဤတစ်ကြိမ်တွင်မူ ယခင်ကထက် ပိုမိုပြင်းထန်စွာ တုန်ခါနေပြီး ကုန်တင်သင်္ဘောကြီး တိမ်းမှောက်တော့မည်ဟုပင် ခံစားလိုက်ရသည်။

လျော့ကျသွားသော ယန်ယဲ့ ၏မျက်ခုံးများပင် နောက်တစ်ကြိမ် ထပ်၍ ချည်နှောင်ထားသည်။ ၎င်းက မုန်တိုင်းကျရောက်လာခြင်းမဟုတ်တန်ရာ၊ တစ်စုံတစ်ယောက်က ကုန်တင်သင်္ဘောကို တိုက်ခိုက်နေခြင်းပါ။

မန်နေဂျာ ယွန် ၏မျက်နှာသည် ဖြူဖျော့သွားကာ
"ဒီမှာနေရုံနဲ့ ဘယ်မှ မသွားနဲ့။
ငါသွားကြည့်လိုက်မယ်…."

ယန်ယဲ့ နှင့် အန်ရှောင်းနန် တို့နှစ်ဦးလည်း
အကြည့်ချင်းဖလှယ်လိုက်ကာ အခန်းထဲမှ
ဆက်တိုက်ထွက်လာကြသည်။

သဘော်ကုန်းပတ်ပေါ်တွင်....။

မျက်နှာပေါ်တွင် အဖြူရောင်ပုဝါပါးပါးကို
ဖုံးအုပ်ထားသည့် အမျိုးသမီးတစ်ဦးနှင့်

လူငယ်တစ်ဦး ရပ်နေပြီး သူတို့နှစ်ဦးစလုံး၏

မျက်လုံးများတွင် လေးနက်သော အမူအရာများ

ရှိနေသည်။

၎င်းတို့နောက်တွင် အစောင့်ဒါဇင်အနည်းငယ်ရှိကာ

အားလုံးက

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များဖြစ်ပြီး

ကျန်လူများကတော့

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူများသာ

။

သို့သော် အားလုံးက ကုန်တင်သင်္ဘောရှေ့တွင်

ပိတ်ရပ်နေသည့်

သင်္ဘောထက်သေးငယ်ခြင်းမရှိသည့် ထူးဆန်းပြီး

ကြီးမားလှသောသတ္တဝါကြီးကြောင့်
၎င်းတို့မျက်နှာထက်တွင် အလွန်လေးနက်သော
အမူအရာများ ရှိနေကြသည်။

၎င်းသည် ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
ပင်လယ်သတ္တဝါ အတောင်ပံပါငမန်းဖြစ်သည်။

"အစ်မကြီး၊ အတောင်ပံပါငမန်းတွေက
အများအားဖြင့် သမုဒ္ဒရာထဲအနက်ပိုင်းထဲမှာပဲ
ရှိတာမဟုတ်လား။ အခု ဘယ်လိုဖြစ်ပြီး
ဒီမှာပေါ်လာရတာလဲ" အမျိုးသမီး

ဧါဘေးနားရှိလူငယ်က
တိုးညှင်းသောအသံဖြင့်မေးလိုက်သည်။

"ငါလည်း အဲဒါကို သိပ်နားမလည်ပါဘူး၊ ဒါပေမဲ့
တစ်စုံတစ်ယောက်ဟာ ငါတို့ရဲ့
တိမ်ပင်လည်ကုန်သည်အုပ်စုက ကုန်ပစ္စည်းတွေကို
လုယက်ဖို့ ရည်ရွယ်ထားတယ်လို့ ထင်တယ်။"
မျက်နှာဖုံးအုပ်အမျိုးသမီးက အသံကျယ်ကျယ်ဖြင့်
ပြောသည်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ" လူငယ်က
အံ့ဩသွားသည်။ "ငါတို့ရဲ့ရဲကလန် က

စီးပွားရေးလုပ်ဖို့ မင်းမဲ့စရိုက်သမုဒ္ဒရာကို
မရောက်ခင် တင်းကလန်
နဲ့တခြားဂိုဏ်းတွေကိုကြို့ပြီးအကြောင်းကြားထား
တယ်လေ။ သူတို့ ငါတို့ကို ဘယ်လို
ပစ်မှတ်ထားနိုင်မှာလဲ။
တခြားတစ်ယောက်ယောက်က ငါတို့ကို
မျက်စိကျနေတာဖြစ်နိုင်မလား”

မျက်နှာဖုံးအုပ်အမျိုးသမီးက ခေါင်းခါပြီး
“ဘယ်သူလဲ၊ ငါတို့ မကြာခင် သိလိမ့်မယ်! ဦးလေး
ယွန်၊ ဒီပင်လယ်သတ္တဝါ နဲ့ ရင်ဆိုင်ဖို့ ဦးလေး
ကိုဒုက္ခပေးရဦးမယ်။ အသက်ရှင်ခွင့်မပြုပါနဲ့။ ငါ့
ကုန်သည်အုပ်စုပိုင်တဲ့

သဘော်ကိုတောင်တိုက်ခိုက်ရဲတယ်ဆိုတော့သူတို့
ကတမင်သေလမ်းရှာတာပဲဖြစ်ရမယ်။
အဲဒီလူက အသက်ရှင်ရတာ
ပင်ပန်းနေပြီထင်တယ်!”

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၉၅ (ယန်ယဲ့)
မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး
(အပိုင်း ၄၉၅) - လိုက်လံဖမ်းဆီးခံရပြီ

ထိုအခိုက်အတန့်တွင် အတောင်ပံပါငမန်း

အထက်ကောင်းကင်ယံ၌

လှိုင်းလုံးကြီးတစ်ခုပေါ်လာပြီး လူလတ်ပိုင်းအရွယ်

အမျိုးသား ၂၄ ဦးနှင့် အမျိုးသမီးတစ်ဦး

ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် တိမ်ပင်လယ်ကုန်သည်အုပ်စု

၏ကုန်သင်္ဘောနှင့်အရွယ်အစားတူညီသော

အခြားသင်္ဘောသုံးစင်း ပတ်ဝန်းကျင်တွင်

ရုတ်တရက် ပေါ်လာခဲ့ပါသည်။

ထို့အပြင် ထိုသင်္ဘောသုံးစင်းစလုံးသည် ဝိညာဉ်နယ်ပယ်အလှဴအဆင့်ကျွမ်းကျင်သူများဖြင့် ပြည့်နှက်နေ၏။

ဦးလေး ယွန် နှင့် မျက်နှာဖုံးအုပ်အမျိုးသမီးက ဤမြင်ကွင်းကို မြင်တွေ့ရသောအခါ ပြင်းထန်စွာ ပြောင်းလဲသွားကြလေသည်။

အထက်

ကောင်းကင်တွင်ရုတ်ချည်းပေါ်လာသောပုံရိပ်များ က ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ ဖြစ်နေသဖြင့် မျက်နှာဖုံးအုပ်အမျိုးသမီး

၏အမူအရာကလည်းသိသိသာသာကိုကိုပျက်ယွင်းသွားပါတော့သည်။

သဘော်ပေါ် ရှိလူတိုင်း ကြောက်မက်ဖွယ်ရန်သူကိုရင်ဆိုင်နေကြပုံရသည်။

"မင်းတို့အားလုံးက ဘယ်သူတွေလဲ။" မျက်နှာဖုံးအုပ်အမျိုးသမီးက ညှိုးငယ်သောအသံဖြင့် ပြောသည်။

လူလတ်ပိုင်းအရွယ်
အမျိုးသားတစ်ဦးရှေ့နှစ်လှမ်းတိုးကာ လေထဲတွင်

ရပ်တန့်ရင်း “ဒီလူက ကောင်းကင်နတ်ဆိုးဂိုဏ်းရဲ့ နံပါတ် ၄ အကြီးအကဲ လို့ခေါ်တယ်။ မိန်းကလေးတို့ကုန်သည်အဖွဲ့ကို မကောင်းတဲ့ရည်ရွယ်ချက်မရှိပါဘူး။ ငါတို့က ဒီသင်္ဘောပေါ်မှာပါလာတဲ့တစ်စုံတစ်ဦးကိုလိုချင်လို့ လာပြီးရှာဖွေတာ။

သူ့ကို လက်လွှဲပြီးတာနဲ့ မင်းရဲ့တိမ်ပင်လည်ကုန်သည်အဖွဲ့ကို လုံးဝအနှောင့်အယှက်မပေးဘဲ ငါတို့ချက်ချင်း ထွက်သွားမှာပါ။”

တိမ်ပင်လယ်ကုန်သည်အုပ်စုတွင်လည်း
အင်အားကြီးနောက်ခံတချို့ရှိနေသဖြင့်
ကောင်းကင်နတ်ဆိုးဂိုဏ်းက ဒေါသတကြီး
ဖိအားပေးဝံ့ခြင်းမရှိပေ။

"ဘယ်လို? ဒါက ဘယ်လိုဖြစ်ရတာလဲ?"
မျက်နှာဖုံးအုပ်အမျိုးသမီးက အံ့အားသင့်စွာ
မေးလိုက်ပါသည်။

သက်လတ်ပိုင်းအဘိုးအိုက ပြုံးပြပြီးနောက်
သဘော်ကို မော့ကြည့်ကာ “ဓားအင်ပါယာ ယန်ယဲ့!
ကိုယ့်ကိုယ်ကို ဖုံးကွယ်နေစရာ မလိုပါဘူး။ ငါတို့က

ဒီနေရာမှာရောက်နေပြီဆိုမှတော့ မင်းက ကိုယ့်ကိုယ်ကိုပြသင့်တယ်မဟုတ်လား? ဒါက တင်းကလန် ရဲ့နယ်မြေမှာပဲရှိသေးတယ်။ ဒါကြောင့် မင်းကို ဘယ်သူမှကူညီနိုင်မှာမဟုတ်ဘူး။

နာခံမှုရှိရှိနဲ့ထွက်လာပြီး သေခြင်းကို လက်ခံပါ။ စိတ်မပူပါနဲ့၊ ငါတို့က မင်းကို အရမ်းဆိုးတဲ့ သေခြင်းမျိုးဖြစ်အောင် လုပ်မှာမဟုတ်ဘူး။ နောက်ဆုံးတော့ မင်းက ဓားအင်ပါယာ ပဲလေ။”

ယန်ယဲ့ ? ဓားအင်ပါယာ....?

အားလုံးလည်း အံ့သြသွားကြသည်။

ယန်ယဲ့ ၏ဘေးနားမှ အန်ရှောင်းနန်ပင် အံ့အားသင့်သွားသည်။

ထို့နောက် သူမက အော်ဟစ်ပြီး နောက်ကို တစ်ဒါဇင်လောက် ပြန်ဆုတ်သွားကာ ယန်ယဲ့ကို စူးစိုက်ကြည့်လိုက်သည်။

သူမက ယန်ယဲ့ ကို လက်ညှိုးထိုးပြပြီး တုန်လှုပ်သောလေသံဖြင့် ပြောလိုက်သည်။ “မင်း… မင်း… မင်းက အဲဒီနတ်ဆိုးပဲ။ မင်း….”

ယန်ယဲ့က သူမကို မျက်စောင်းလှန်ကြည့် လိုက်သည်။

"သူမဒီလောက်တောင်ပဲ…. ။"

သို့ရာတွင် ခေါင်းယမ်းလိုက်ပြီး သူမကို
ဂရုမစိုက်တော့ဘဲ အသက်ပြင်းပြင်းရှူလိုက်သည်။

သူသည် ထိုလူများထံမှ ပုန်းအောင်းနိုင်မည်ဟု
ထင်ထားသော်ငြား သူ့အား ရှာတွေ့သွားလိမ့်မည်ဟု
မမျှော်လင့်ခဲ့ပေ။

ထို့နောက်တွင် လူတိုင်း၏
အံ့အားသင့်နေသောအကြည့်အောက်မှာပင်

ယန်ယဲ့က သဘော်ာကုန်းပတ်ဆီသို့
တစ်လှမ်းချင်းဖြည်းညှင်းစွာ လျှောက်သွားသည်။

ထိုအခိုက်အတန့်တွင် မျက်နှာဖုံးအုပ် အမျိုးသမီးနှင့်
လူငယ်က ယန်ယဲ့ကို စူးစမ်းလိုသောအမူအရာဖြင့်
ကြည့်နေသည်။

အထူးသဖြင့် လူငယ် ၏မျက်လုံးများတွင်
စိတ်လှုပ်ရှားမှုနှင့် တိုက်ပွဲဝင်လိုစိတ်များ
ရှိနေသောကြောင့် လူငယ်လေးအတွက်
အတော်လေး ဝမ်းသာနေပုံရ၏။

“ဟေး….” ထိုအချိန်မှာပဲ အန်ရှောင်းနန် ၏အသံ သူ့နောက်ကနေ ရုတ်တရက်ထွက်လာသဖြင့် သူမကို လှည့်ကြည့်လိုက်မိသည်။

အန်ရှောင်းနန် က  မပြောခင် ခဏလောက် တွန့်ဆုတ်နေပြီးမှ "အင်း၊ နတ်ဆိုးကြီး။ မင်းနောက်ကျသေရင် ငါက မင်းရဲ့အလောင်းကို မြှုပ်နှံဖို့ ကူညီပေးမယ်!”

ယန်ယဲ့သည် သူမကို စူးစူးစိုက်စိုက်စိုက်ကြည့်ရင်း နှုတ်ခမ်းများ တုန်ရီသွားခဲ့သည်။

တစ်ချိန်တည်းတွင် သူ့လက်ထဲ၌
အလင်းအသံလှိုင်းများ ပေါ်လာရင်း တစ်ဖက်ကို
ပြန်လှည့်လိုက်ပါတော့သည်။

နောက်ထပ် ခြေနှစ်လှမ်းတိုးပြီးသည်နှင့်
နောက်ကျောတွင်လွယ်ထားသော
အပြာရောင်သက်စောင့်များက
အရောင်တဖျပ်ဖျပ်လက်လာလေသည်။

သဘော်ာကုန်းပတ် ၏အလယ်ဗဟိုသို့
ရောက်သောအခါ
နဝမငရဲအေးမီးတောက်အတောင်ပံများက
သူ့နောက်ကျောတွင် ပေါ်လာသည်။

"ကောလဟာလတွေအရ ယန်ယဲ့မှာ

သဘာဝလွှန်ရတနာတစ်ခုနဲ့

အရမ်းကြောက်စရာကောင်းတဲ့

တာအိုရတနာလက်နက် ကို ပိုင်ဆိုင်ထားပါတယ်။

ကြည့်ရတာ တကယ်ကို ဓားအင်ပါယာ ဖြစ်ပုံပဲ!"

မျက်နှာဖုံးအုပ်အမျိုးသမီး၏ နံဘေးမှ

လူငယ်လေးသည် အနည်းငယ် စိတ်လှုပ်ရှားစွာ

ပြောလိုက်သည်။

"ဟားဟား! ဓားအင်ပါယာ က

မျှော်လင့်ထားတဲ့အတိုင်း။ ငါတို့လို

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေနဲ့

ရင်ဆိုင်နေရတာတောင်
အရာရာကိုလစ်လျူရှုပြီးတည်ငြိမ်နေတယ်။
ဒါဟာ တကယ်ကို ရှက်ရွံ့စေတယ်။
နောက်ဆုံးတော့ မင်းရဲ့အသက်အရွယ်အရ
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်နဲ့ရင်ဆိုင်ရတဲ့အခါ
ကျယ်ကျယ်လောင်လောင် မပြောဝံ့ဘူး!"
လူလတ်ပိုင်းအရွယ်က ပြောသည်။

“ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် အယောက် ၂၀
ကျော်နဲ့ အဆင့် ၅ လေးယောက်တောင်ပါလား?
ဟူး....။ ကြည့်ရတာက မင်းရဲ့
ကောင်းကင်နတ်ဆိုးဂိုဏ်းကတော့မဖြစ်နိုင်ဘူး။

လော့ကျန်း က ဒီလိုအင်အားကို ပြင်ဆင်ဖို့
ငါ့အတွက် အတော်လေးစဉ်းစားလိုက်ရပုံပဲ!"
ယန်ယွဲ့သည် လူအုပ်ကိုတစ်ချက်ကြည့်ရင်း
ရယ်လိုက်သည်။

“မတတ်နိုင်ဘူး။ မင်းက
ဝိညာဉ်နယ်ပယ်အလွှာအဆင့် မှာရှိပေမဲ့
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေကို
အသာလေးသတ်နိုင်တယ်လေ။ လူသားဧကရာဇ်က
ငါတို့တွေကိုစေလွှတ်တယ်ဆိုတော့
မင်းကိုဒီတစ်ကြိမ်တည်းနဲ့သတ်နိုင်မှာပါ။

ဘာလို့လဲဆိုတော့ သူက မင်းကို အခွင့်အရေး မပေးချင်ဘူး။ အခု မင်းရဲ့အသက်ကို ငါယူခွင့်ပြုနိုင်ရင် ဘယ်လိုလုပ်ရမလဲ။ ငါလုပ်မယ်ဆိုရင် ဂုဏ်သိက္ခာရှိတဲ့ ဓားအင်ပါယာ က အလောင်းမကျန်တော့တာ ဖြစ်နိုင်တယ်!” လူလတ်ပိုင်းအရွယ်က ပြုံးကာ ပြောသည်။

ယန်ယွဲ့သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ရာ ကုန်သဘော်တစ်ဝိုက်တွင် ချီး
မြောက်ခြင်းနယ်ပယ်ပညာရှင်များအများပြားရှိနေသည်ကို သတိပြုမိခဲ့ြသည်။

အဆင့် ၅ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
၄ ဦး၊ အဆင့် ၆ တစ်ဦးဖြစ်ပြီး ကျန်လူများကတော့
အဆင့် ၁ ချီးမြှောက်ခြင်းနယ်ပယ် နှင့် အဆင့် ၄
များဖြစ်သည်။

ထို့အပြင် သင်္ဘောများပေါ်တွင်
မရေမတွက်နိုင်သော
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူများရှိ
နေ၏။

"ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် အယောက် ၂၀ ကျော်၊ ရာချီတဲ့ ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူတွေ.... .... အဲဒီလို အင်အားတွေကနေ ဘယ်လို ထွက်ပြေးရမလဲ?"

ထိုအချိန်တွင် ယန်ယွဲ့ ၏နှလုံးသားက ခွန်အားမဲ့ခံစားချက်တစ်ခု ပေါ်လာပြန်သည်။

သူ၏ရန်သူများသည် အရေအတွက်အားဖြင့် အလွန်ကြီးမားပြီး အားကောင်းလွန်းသည်၊ အဆုံးတွင် သူသည် အလွန်အားနည်းနေသေး၏။

"မင်း ကိုယ့်အသက်ကို မယူဖို့ ငြင်းနေတာလား။ နောက်တော့ ငါ တောင့်ခံမှာ မဟုတ်ဘူး။" ယွမ်ရန်က သူ၏ညာဖက်လက်ကို ဖြည်းညှင်းစွာ မြှောက်လိုက်ရာ အာကာသဟင်းလင်းပြင်ထဲတွင် လှိုင်းလုံးကြီးတစ်ခု ဖြစ်ပေါ်လာသည်။

“စောင့်ပါ!” ထိုအချိန်တွင် အမျိုးသမီး၏ နံဘေးမှ လူငယ်လေးသည် ရုတ်တရက် ရှေ့သို့ တိုးလာသည်။

ယန်ယဲ့သည် ထိုအမျိုးသမီးကို တစ်ချက်မကြည့်မိ
လူငယ်အား တစ်ချက်ကြည့်လိုက်ပြီးနောက်
တစ်စုံတစ်ခုကို တွေးတောနေပုံရပြီး
ပါးစပ်ထောင့်တွင် လျှို့ဝှက်ဆန်းကြယ်သော
အပြုံးတစ်ခု ချက်ချင်းထွက်ပေါ်လာသည်။

မျက်နှာဖုံးအုပ်အမျိုးသမီးက မျက်မှောင်ကြုတ်ကာ
လူငယ်လေးကိုကြည့်ပြီး "နင်ဘာလုပ်နေတာလဲ"
ဟုမေးသည်။

ယွမ်ရန်က "သခင်လေး ရဲ! ဒါက ယန်ယဲ့ နဲ့ ငါတို့ကြားက ကိစ္စပဲ။ သခင်လေး ရဲ က ဝင်မစွက်ဖက်ဖို့ မျှော်လင့်ပါတယ်။”

လူငယ်က ပြုံးပြီး “စိတ်မပူပါနဲ့ အကြီးအကဲ။ ငါက ယန်ယဲ့ ကို ကာကွယ်ဖို့ ရည်ရွယ်ချက် မရှိပါဘူး။ သူက ဒီခေတ်ရဲ့ ဓားအင်ပါယာ ဖြစ်နေတယ်ဆိုမှတော့ ဓားတာအိုမှာ အကောင်းဆုံးအောင်မြင်မှုတွေ ပိုင်ဆိုင်ပြီး လူငယ်မျိုးဆက် ဓားသမားတွေထဲမှာ အသန်မာဆုံး ဓားအင်ပါယာ လို့ ငါကြားဖူးထားတယ်။ ငါ ရဲလန်ချန် က အဲဒါကို လုံးဝ မယုံဘူး။ ဒီနေ့ သူနဲ့တွေ့ပြီဆိုတော့ ငါ သူနဲ့

ပြိုင်ဆိုင်မှုလေးတစ်ခုလုပ်ဖို့ ရည်ရွယ်ထားတယ်။
ခဏနေတော့ သူသေတော့မယ်။ ဒါကြောင့်
ဒီအခွင့်အရေးကို လက်လွှတ်လိုက်ရရင်
နောက်ထပ်အခွင့်အရေးရှိတော့မှာ မဟုတ်ပါဘူး။
ဒါကြောင့် အကြီးအကဲက ငါ့ဆန္ဒကို
ဖြည့်ဆည်းပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။”

"မင်းက ယန်ယဲ့ ကို စိန်ခေါ် ဖို့
ရည်ရွယ်ထားတာလား။" ယွမ်ရန်က
အံ့အားသင့်စွာဖြင့် ပြောလိုက်သည်။

လူငယ်က ခေါင်းညိတ်ပြီး "ဟုတ်ပါတယ်!"

ယွမ်ရန်သည် လူငယ်ကို
တစ်ချက်ကြည့်လိုက်သည်။ သူ့ရှေ့က လူငယ်သည်
သူ့ကိုယ်သူနာမည်ကောင်းရရန်အတွက်
ယန်ယဲ့အားယှဉ်ပြိုင်လိုကြောင်းသိလိုက်၏။

အကယ်၍ လူငယ်သည် ယန်ယဲ့ကို
သတ်နိုင်သည်(သို့) အနိုင်ယူခဲ့လျှင် သူ၏
ဂုဏ်သတင်းက တောင်ပိုင်းနယ်မြေတစ်ခုလုံးနှင့်
မင်းမဲ့စရိုက်သမုဒ္ဒရာတစ်ခုလုံးကို
ထိတ်လန့်သွားစေမည်မှာ သေချာပါသည်။

သို့သော် လူငယ်က ယန်ယဲ့ ကို အနိုင်ယူနိုင်ပါမည်လော။ သူ့စိတ်ထဲတွင် ရဲလန်ချန်က အနိုင်ယူသည်ကို မယုံခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် ယန်ယဲ့သာ ရှုံးနိမ့်ရန် လွယ်ကူလျှင် လူသားဧကရာဇ်က ၎င်းတို့နှင့်လူအများအပြားကို စေလွှတ်လိမ့်မည် မဟုတ်ပေ။

ရဲလန်ချန် က ဆက်ပြောသည်။ "အကြီးအကဲ! ကျေးဇူးပြုလို့ ငါ့တိမ်ပင်လည်ကုန်သည်အုပ်စုကို မျက်နှာသာပေးပြီး ယှဉ်ပြိုင်ခွင့်ပြုပါ။

ဘယ်လိုပဲဖြစ်ဖြစ် ငါနိုင်နိုင်ရှုံးရှုံး ယန်ယဲ့က လွတ်မြောက်နိုင်မှာမဟုတ်ဘူးလေ"

ယွမ်ရန်က ပြန်မပြောခင် ခဏလောက် လေးလေးနက်နက် စဉ်းစားပြီး "သခင်လေး ရဲ က ငယ်ငယ်လေးနဲ့ အရမ်းယုံကြည်နေတယ်ဆိုမှတော့ ကျေးဇူးပြုပြီး ဆက်လုပ်ပါ။ ဒါပေမဲ့ ယန်ယဲ့က မထိုက်တန်တဲ့ ဂုဏ်သတင်းကို မပိုင်ဆိုင်ထားဘူးဆိုတာတော့ သခင်လေး ရဲ ကို သတိပေးရမှာပေါ့။ ဒါကြောင့် သခင်လေး ရဲ က သတိပြုမိလိမ့်မယ်လို့ မျှော်လင့်ပါတယ်!”

"ကျေးဇူးတင်ပါတယ် အကြီးအကဲ!" ရဲလန်ချန် က ခေါင်းညိတ်လိုက်ပြီး ယန်ယဲ့ ကို လှည့်ကြည့်လိုက်သည်။

ထိုအတောအတွင်း မျက်နှာဖုံးအုပ်အမျိုးသမီးသည် ရဲလန်ချန် ၏လမ်းကိုပိတ်ဆို့ကာ "နင်သူ့အကြောင်းကိုစုံစမ်းပြီးပြီ၊ နင်သူ့ရဲ့စရိုက်ကိုသိတယ်မဟုတ်လား။ သေဖို့ အလားအလာ အရမ်းများတယ်!”

ရဲလန်ချန် က မျက်လုံးပြူးပြီး “အစ်မ၊ မင်းရဲ့မောင်လေးကို အယုံအကြည်မရှိဘူးလား။

သေသေချာချာကြည့်ရှုံနဲ့ ဒီဓားအင်ပါယာ ကို ငါဘယ်လိုအနိုင်ယူလဲဆိုတာ ကြည့်လိုက်ပါ။”

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၉၆ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၉၆) - ဓားစာခံ

သူစကားပြောရင်းနှင့် ယန်ယဲ့ ကို
လှည့်ကြည့်လိုက်၏။

တစ်ချိန်တည်းမှာပင် သူ့လက်ထဲတွင်
ဓားတစ်ချောင်း ပေါ်လာပြီး "ယန်ယဲ့၊ ငါမင်းကို
တိုက်ချင်နေတာကြာပြီ၊ နောက်ဆုံးတော့ ငါ့ဆန္ဒကို
ဒီနေ့ပဲ ရနိုင်တော့တယ်။ လာ၊ မင်းရဲ့အစွမ်းအစ
အကုန်ပြပြီး ငါ ရဲလန်ချန် က ဓားအင်ပါယာ လို့
ခေါ်တဲ့လူက ဘယ်လောက်တောင် သန်မာလဲဆိုတာ
ကြည့်ရအောင်။”

ယန်ယဲ့ က "ငါ့မှာ ရွေးချယ်စရာရှိလို့လား"

“မင်းမလုပ်ဘူး။ ဟားဟား…။"

သူစကားပြောပြီးသည်နှင့် ရဲလန်ချန်က သူ၏ဓားကို ပေါ့ပေါ့ပါးပါး ဝှေ့ယမ်းလိုက်သည်။

တစ်ခဏလေးအတွင်း သဘော်ာပတ်ဝန်းကျင်ရှိ သမုဒ္ဒရာရေများ တဝုန်းဝုန်းကြွတက်လာပြီး လှိုင်းလုံးကြီးများအဖြစ်တဟုန်ထိုးပစ်လွှတ်လိုက်လေသည်။

“ဟဲ။ သခင်လေးက လေပြင်းလှိုင်းဓားနည်းစနစ်ကို လေ့ကျင့်အောင်မြင်သွားပြီဆိုတာ ငါ တကယ်ထင်မထားဘူး။

သခင်မလေး၊ အခု မင်းစိတ်တွေ ငြိမ်နေနိုင်ပြီ မဟုတ်လား” မျက်နှာဖုံးအုပ်အမျိုးသမီး ၏ါနံဘေးမှ အဘိုးအိုက “သခင်လေးက ဒီဓားနည်းစနစ်ရဲ့ ၉၀ ရာခိုင်နှုန်း ကို ဆုပ်ကိုင်ထားပြီးသားဖြစ်တဲ့အပြင် အခုချိန်မှာ ငါတို့က သမုဒ္ဒရာအထက်မှာ ရှိနေတဲ့အတွက်ကြောင့် ကြီးကြီးမားမား တိုးတက်လာနိုင်ပါတယ်။

သခင်လေးက အဆင့် ၇ ဝိညာဉ်နယ်ပယ်အလွှာအဆင့် ပဲဆိုပေမဲ့ သူ့ရဲ့လက်ရှိတိုက်ခိုက်မှုဟာ သာမန် ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေတောင် ခုခံနိုင်မယ်မထင်ဘူး။

ဟီးဟီး! အဲဒီ ယန်ယဲ့က
သခင်လေးရဲ့တိုက်ခိုက်မှုကို
ဘယ်လိုကိုင်တွယ်မလဲဆိုတာ ကြည့်ရအောင်။”

မျက်နှာဖုံးအုပ်အမျိုးသမီးသည် စကားမပြောဘဲ
ယန်ယဲ့ ကိုသာ စိုက်ကြည့်နေ၏။

ထိုအချိန်တွင် ယန်ယဲ့ ၏အမူအရာသည်
အလွန်တည်ငြိမ်နေပြီး နည်းစနစ်ကို ထုတ်ဖော်ရန်
အရိပ်အယောင်မျှပင် မပြခဲ့ပေ။

သို့သော်လည်း ယန်ယဲ့က ထိုကဲ့သို့ ပြုမူလေလေ
သူမ၏နှလုံးသားထဲတွင် မသက်မသာ
ခံစားရလေလေဖြစ်သည်။

"လေပြင်းလှိုင်းဓားနည်းစနစ်!"

ထိုစဉ်မှာပဲ ရဲလန်ချန်က သူ့လက်ကောက်ဝတ်ကို လှည့်လိုက်ရင်း အော်ဟစ်လိုက်ကာ မရေမတွက်နိုင်တဲ့ လှိုင်းလုံးများက ယန်ယွဲ့ဆီသို့ ပြင်းထန်စွာ ရိုက်ခတ်သွားပါတော့သည်။

တစ်ချိန်တည်းမှာပင် ရဲလန်ချန် ၏ပုံရိပ်ကလည်း အလင်းတန်းများအသွင် ပေါက်ကွဲထွက်လာပြီး သူ့လက်ထဲမှ ဓားက ဖျတ်ခနဲလင်းလက်သွားကာ အလွန်ကြီးမားသော ရေစီးကြောင်းကို သယ်ဆောင်လာလေသည်။

ယန်ယွဲ့သည် လေထုကိုဖုံးလွှမ်းနေသော ရေစီးကြောင်းများကို ငေးကြည့်ရင်း ခေါင်းညိတ်လိုက်သည်။

"ဒီဓားနည်းစနစ်က တကယ်မဆိုးပါဘူး၊ ရဲလန်ချန်က ကောင်းကောင်းလေ့ကျင့်ထားနိုင်သားပဲ။"

သို့သော် ကံမကောင်းစွာပဲ ဓားစိတ်ဆန္ဒနှင့်အဆင့်မြှင့်တင်ထားခြင်းမရှိသဖြင့် ယန်ယွဲ့အားမည်သည့်ခြိမ်းခြောက်မှုမှမရှိပေ။

ယန်ယွဲ့ မတိုက်ခိုက်သေးကြောင်း သတိပြုမိသောအခါ ရဲလန်ချန်

၏ပါးစပ်ထောင့်တွင်ထူးထူးဆန်းဆန်း အပြုံးတစ်ခု ပေါ်လာပါသည်။

နောက်အခိုက်အတန့်တွင် သူ့ အရှိန်ကပေါက်ကွဲမြန်ဆန်လာပြီး ယန်ယဲ့ရှေ့သို့ ချက်ချင်းရောက်ရှိလာ၏။

တစ်ချိန်တည်းမှာပင် သူ့ခန္ဓာကိုယ်ထဲမှ မမြင်နိုင်သော စွမ်းအားတစ်ခု ပေါက်ကွဲထွက်ကာ ယန်ယဲ့ ကို ဖုံးအုပ်လိုက်သည်။

"အဲဒါက ဓားစိတ်ဆန္ဒ ပါ။ အဆင့် ၇ ဓားစိတ်ဆန္ဒ။"

ပတ်ဝန်းကျင်ရှိ လူတိုင်း အံ့သြသွားကြသည်။

အဖြစ်မရှိပုံရသော လူငယ်လေးက အဆင့် ၇ ဓားစိတ်ဆန္ဒ ကိုပိုင်ဆိုင်ထားလိမ့်မည်ဟု မည်သူမျှ မျှော်လင့်မထားကြချေ။

အထူးသဖြင့် မျက်နှာဖုံးအမျိုးသမီးနှင့် အခြားသူများအတွက် အတော်လေး အံ့အားသင့်နေ၏။

ရဲလန်ချန် သည် ယခင်က အဆင့် ၆ ဓားစိတ်ဆန္ဒ သာရှိသဖြင့် လက်ရှိတွင် အလွန်အံ့အားသင့်သွားကြသည်။

တစ်နည်းဆိုရသော် ရဲလန်ချန် က သူ၏ ခွန်အားကို အဆက်မပြတ်
ဖုံးကွယ်ထားခဲ့ခြင်းပင်မဟုတ်သလော။

မျက်နှာဖုံးအုပ်အမျိုးသမီးသည် ဤအခြေအနေကို တွေးလိုက်သောအခါ မျက်နှာတွင် တစ်ချက်
ပြုံးပြလိုက်သည်။

ယန်ယွဲ့သည်လည်း အနည်းငယ် အံ့သြသွား၏။
" အဆင့် ၇ ဓားစိတ်ဆန္ဒ လား။ ဒီကောင်လေးက လုကျန်းယောင် လို
ဓားတာအိုမှာထူးချွန်တဲ့လူတစ်ယောက်ပဲ။ ဒါပေမဲ့

အဆင့် ၈ ခားစိတ်ဆန္ဒ မဟုတ်သရွေ့တော့
ငါ့ကိုခြိမ်းခြောက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။"

ရုတ်တရက်ပင် ယန်ယဲ့သည်တည်ငြိမ်စွာရပ်ပြီး
လျှပ်တစ်ပြက်လှုပ်ရှားလိုက်ပါသည်။

သူ့ထံမှ
အနီရောင်အလင်းတန်းတစ်ခုလင်းလက်လာပြီး
ကောင်းကင်သို့ ပျံတက်သွားကာ
ပတ်ဝန်းကျင်တစ်ခုလုံးဖုံးလွှမ်းနေသောရေလှိုင်းလုံး
များကို တိုက်ရိုက်ဖောက်ခွဲပစ်လေသည်။

"အဆင့် ၈ ဓားစိတ်ဆန္ဒ ....။"

ရဲလန်ချန် ၏မျက်လုံးများက
အလွန်ကိုကျဉ်းမြောင်းသွားပါသည်။

ယန်ယွဲ့ဟာ အဆင့် ၈
ဓားစိတ်ဆန္ဒကိုနားလည်ထားကြောင်းသိနေသော်လ
ည်း သူ၏ အဆင့် ၇ ဓားစိတ်ဆန္ဒ
ထက်ပို၍ကြောက်စရာကောင်းနေမည်ဟု
မမျှော်လင့်ခဲ့ပါ။

ရဲလန်ချန်က သူ့လက်ကောက်ဝတ်ကို
နောက်တစ်ကြိမ် မလှည့်မီ ရင်ထဲမှ ထိတ်လန့်မှုကို
မျိုသိပ်လိုက်သည်။

ထို့နောက်တွင် သူ့ဓားကို
ယန်ယွဲ့ဆီသို့ခုတ်ပိုင်းလိုက်ရာ နောက်ထပ်
လှိုင်းလုံးကြီးတစ်ခုထွက်ပေါ်လာလေသည်။

ဒီအချိန်မှာပဲ ယန်ယွဲ့ ရုတ်တရက်
ပျောက်ကွယ်သွားသည်ကို သတိပြုမိသွား၏။

ရဲလန်ချန် ၏အမူအရာက သိသိသာသာ
ပြောင်းသွားကာ
ရှောင်တိမ်းရန်ပြင်လိုက်လေတော့သည်။
ကံဆိုးစွာပင်
သူ့အရှိန်ကအတော်လေးနောက်ကျနေ၏။

ယန်ယဲ့က သူ့နောက်တွင် ဖျတ်ခနဲပေါ်လာပြီး ဓားတစ်ချောင်းက သူ့လည်ပင်းနောက်ဖက်တွင် ကပ်ထားသည်ကိုသာခံစားမိလိုက်တော့သည်။

တစ်ခဏလေးအတွင်း ရှုံးနိမ့်သွားသဖြင့် ရဲလန်ချန်၏မျက်နှာက ကြည့်ရဆိုးစွာဖြစ်နေလေသည်။

ပတ်ဝန်းကျင်ရှိ လူတိုင်းပင် ရှေ့မှမြင်ကွင်းကြောင့် အကြီးအကျယ်တုန်လှုပ်သွားသည်။

"ငါရဲလန်ချန် ရှုံးတယ်ဆိုတာ မယုံဘူး!"

"ပါးစပ်ပိတ်ထား!" ယန်ယဲ့သည် မျက်နှာဖုံးအုပ်အမျိုးသမီးကို လှည့်ကြည့်လိုက်ကာ "သဘော်ာရဲ့တိုက်ခိုက်ရေးအစီအရင်ကိုအသက်သွင်းပြီး အဲဒီလူတွေကို အစိတ်စိတ်အမွှာမွှာ ဖောက်ခွဲပစ်လိုက်!"

ထိုစကားကြောင့် လူတိုင်း အံ့သြတုန်လှုပ်သွားကြသည်။

ယန်ယဲ့သည် သူ့ဓားကို တင်းတင်းဖိကပ်လိုက်ရာ ရဲလန်ချန်

၏နောက်ကျောတွင်ဒဏ်ရာအပေါက်တစ်ခုပေါ်လာပြီး သွေးများစီးကျလာခဲ့သည်။

သို့သော်လည်း ရဲလန်ချန်က အသံတစ်စက်မှပင်မထွက်ရဲပေ။ ယခုအချိန်တွင် သူသည် ဓားစာခံဖြစ်သည်ကို နားလည်ထားပုံရ၏။

ယန်ယွဲ့သည် သူ့လက်ကို နောက်တစ်ကြိမ် ရွှေ့ရင်း မျက်နှာဖုံးအုပ်အမျိုးသမီးကို စိုက်ကြည့်ပြီးနောက် ရဲလန်ချန် ၏ခန္ဓာကိုယ်ပေါ်တွင် နောက်ထပ်ဒဏ်ရာတစ်ခု ပေါ်လာသည်။ သူက "မင်း တိုက်ခိုက်ရေးအစီအရင်ကို အသက်သွင်းဖို့ပြင်းဆန်နေမယ်ဆိုရင်

ငါ့ဓားကိုနောက်တစ်ခါရွှေ့တာနဲ့သူ့ခေါင်းကိုခန္ဓာကို
ယ်နဲ့ခွဲထုတ်ပေးလိုက်မယ်။"

မျက်နှာဖုံးအုပ် အမျိုးသမီးသည်
တုန်လှုပ်ချောက်ချားနေရာက
သတိပြန်ဝင်လာသည်။သူမ၏အမူအရာကတော့အ
နည်းငယ်အမြင်မကြည်ဖြစ်နေ၏။
ယန်ယွဲ့သည်
သူမ၏မောင်လေးကိုခြိမ်းခြောက်အသုံးချနေသည်
ကိုကောင်းကောင်းကြီးသဘောပေါက်လိုက်သည်။

“တိုက်ခိုက်!” ယွမ်ရန် နှင့် အခြားလူများက မကြည့်တော့ဘဲ တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ကြသည်။

ယန်ယဲ့ ၏မျက်လုံးများသည် သတ်ပစ်ရန် ရည်ရွယ်ချက်များဖြင့် တလက်လက်တောက်ပလာကာ အနည်းငယ် ကျဉ်းမြောင်းသွားသည်။

သူက ရဲလန်ချန် ကိုအသုံးမဝင်တော့သည့်အလား သတ်ရန်ပြင်လိုက်စဉ် အမျိုးသမီးက ရုတ်တရက် အော်ဟစ်လိုက်ပါသည်။

"တိုက်ခိုက်ရေးအစီအရင်ကို အသက်သွင်းပါ။

လူတိုင်း၊ အစွမ်းကုန်ထုတ်ပြီး သူတို့ကို ရုပ်တန့်ကြ!" သူမက အလွန်ဒေါသထွက်နေပြီး ယန်ယဲ့ ကို သတ်ပစ်ချင်သော်လည်း ယန်ယဲ့ပြောသည့်အတိုင်း လုပ်ရုံကလွဲ၍အခြားရွေးချယ်စရာမရှိပေ။ အကြောင်းမှာ သူမသာ ဆက်၍ တုံ့ဆိုင်းနေလျှင် သူမ၏မောင်လေးဖြစ်သူက ယန်ယဲ့လက်ချက်ဖြင့် သေသွားမည်ဟုသိရှိနေသောကြောင့်ပင်။

မျက်နှာဖုံးအုပ်အမျိုးသမီး ၏စကားကြောင့် သဘော်ပေါ် ရှိ လူတိုင်းလည်း အနည်းငယ် တုံ့ဆိုင်းသွားကာ၊ တစ်ချိန်တည်းပင် သူမ၏

ပြင်းထန်သောအကြည့်ကို
မြင်လိုက်သဖြင့်ဆက်၍မဝံ့ရဲကြပေ။

ထို့နောက်တွင် ၎င်းတို့၏ခန္ဓာကိုယ်မှ
ဆန်းကြယ်ချီစွမ်းအင်များက
သဘော်ပတ်ပတ်လည်ရှိ
သင်္ကေတအမှတ်အသားများထဲသို့ ရှူးသွပ်စွာ
စီးဝင်သွားသည်။

တစ်ခဏလေးအတွင်း
တလက်လက်တောက်ပနေသော

အလင်းတန်းမြောက်များစွာက ကောင်းကင်ပေါ်
ပစ်လွှတ်လိုက်ကြသည်။

ယွမ်ရန်နှင့် အခြားလူများ၏ မျက်နှာပေါ် ရှိ
အမူအရာများမှာ ပြင်းထန်စွာ
ပြောင်းလဲသွားပါတော့သည်။

လူတိုင်းက အလင်းတန်းများကို
ထိပ်တိုက်ရင်ဆိုင်ဝံ့ခြင်းမရှိဘဲ ဆက်တိုက်ဆိုသလို
ရှောင်တိမ်းကာ မီတာ ၃၀၀ ကျော်အကွာအဝေးထိ
မြန်မြန်ဆန်ဆန် ဆုတ်ခွာသွားကြသည်။

တစ်ဖက်တွင် အတောင်ပံပါငမန်းကြီးက
အချိန်မီ နောက်ပြန်မဆုတ်နိုင်တော့သဖြင့်
အလင်းတန်းအနည်းငယ်ဖြင့် ထိမှန်ကာ
ချက်ချင်းဆိုသလို အပိုင်းပိုင်းကွဲထွက်သွားခဲ့သည်။

ယန်ယဲ့သည် မှန်ကန်သော အလောင်းအစား
ပြုလုပ်နိုင်သည် မြင်လိုက်ရသောအခါ
သက်ပြင်းချမိသည်။

"ရဲ! မိန်းမပျို ရဲ ။မင်းဘာလုပ်နေတာလဲ!"
ယွမ်ရန်က မျက်နှာပေါ်တွင်ကြည့်ရဆိုးစွာဖြင့်
အော်ငေါက်လိုက်သည်။

ထိုကဲ့သို့ဖြစ်ပျက်သွားမည်ကိုသာသိပါက ယန်ယဲ့နှင့် ရဲလန်ချန်
၏တိုက်ပွဲကိုသဘောတူလိုက်မည်မဟုတ်ပေ။

မျက်နှာဖုံးအုပ် အမျိုးသမီးက ယွမ်ရန်ကို ဂရုမစိုက်။ သူမ ၏လက်ကိုဝှေ့ယမ်းလိုက်ရာ ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး ၁၀၀ က သင်္ဘော ကုန်းပတ် ပတ်လည်ရှိ အပေါက်များထဲသို့ ဝင်ရောက်သွားသည်။

ချက်ချင်းပင် စူးရှသောအလင်းတန်းတစ်ခုက သင်္ဘောတစ်ခုလုံးကို ဖုံးလွှမ်းသွား၏။

"အရှိန်ပြင်းပြင်းနဲ့ ရှေ့ဆက်တိုးကြ!" မျက်နှာဖုံးအုပ်အမျိုးသမီးက အော်ဟစ်လိုက်ပါသည်။။

စကားဆုံးသည်နှင့် ကုန်တင်သင်္ဘောကလေးညို့မှပစ်လွှတ်လိုက်မြှားတစ်စင်းကဲ့သို့ တစ်ခဏလေးအတွင်း ၃ ကီလိုမီတာအကွာသို့ချက်ချင်းရောက်ရှိသွားပါတော့သည်။

တိမ်ပင်လယ်ကုန်သည်အုပ်စုက
အဝေးသို့ရောက်ရှိသွားသော်ကို ကြည့်နေရင်း
ယွမ်ရန် နှင့် နောက်လိုက်နောက်ပါများက
အမူအရာများသိသိသာသာဆိုးရွားနေကြသည်။

မည်သည့်အခါမှ
ကျရှုံးမှုမရှိနိုင်ဟုထင်ထားသောအရာက
ဤကဲ့သို့ဖြစ်လာလိမ့်မည်ဟု သူတို့
မမျှော်လင့်ထားခဲ့ကြပေ။

"သူတို့ကိုလိုက်! ဒီသဘော်က
ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး

ပမာဏအများကြီးကိုအသုံးပြုရတယ်။ သူတို့က ဒီအတိုင်း အကြာကြီး ထိန်းထားနိုင်မှာ မဟုတ်ဘူး။ ” ယွမ်ရန်က လေးနက်သော အသံဖြင့် ပြောလိုက်သည်။

သူ့နောက်ရှိ လူတိုင်းကလည်း ခေါင်းညိတ်ပြပြီး အာကာသဟင်းလင်းပြင် ကိုဆုတ်ဖြဲကာ ကုန်သဘော်နောက်သို့ လိုက်ပါသွားကြသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၉၇ (ယန်ယဲ့)

မှူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၉၇) - ထိတ်လန့်သွားကြခြင်း

သဘော်ာပေါ်တွင် အဆိုပါ

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၄ ဦးက

ယန်ယွဲ့ကို ချက်ချင်း ဝိုင်းထားခဲ့သည်။

ထိုအချိန်တွင်

တိမ်ပင်လယ်ကုန်သည်အုပ်စုမှလူတိုင်း ယန်ယွဲ့ကို

ဒေါသတကြီး စိုက်ကြည့်နေကြသည်။

ရဲလန်ချန် သာ ယန်ယဲ့၏ဖမ်းဆီးခြင်းမခံရပါက အားလုံး ပူးပေါင်းပြီး တိုက်ခိုက်ကြပေလိမ့်မည်။

"ဆရာကြီး ယန်၊ ငါ့မောင်လေးကို လွှတ်ထားလို့ရမလား"
မျက်နှာဖုံးအုပ်အမျိုးသမီးက ယန်ယဲ့ကို ကြည့်ကာ ပြောလိုက်၏။

ယန်ယဲ့သည် ပတ်ဝန်းကျင်ရှိ အခြားလူများကို တစ်ချက်ကြည့်လိုက်ပြီး "မင်းရဲ့မောင်လေး ကို အခုလွှတ်ထားရင် မင်းငါ့ကို ချက်ချင်းတိုက်ခိုက်မှာ

သေချာတယ်ဟုတ်လား။ ဒါ့ပြင် မင်းတို့အားလုံး
ငါ့ကို မတိုက်ခိုက်ရင်တောင်
သူတို့ရဲ့လိုက်ရှာမှုကနေ လွတ်မြောက်နိုင်မယ်လို့
မင်းထင်နေလား။ ဒါကြောင့် မိန်းမပျို ရဲ က ငါ့ကို
ဘေးကင်းတဲ့ နေရာအထိ ပို့ပေးနိုင်မယ်လို့
မျှော်လင့်ပါတယ်”

"ယန်ယဲ့၊ မင်းက အရမ်းဝေးလွန်းသွားပြီ!"
ရဲလန်ချန်က  ဒေါသတကြီးပြောလိုက်သည်။
"မင်းက ဒီဒုက္ခကို မင်းကိုယ်တိုင် လုပ်ခဲ့တာဆိုတော့
ငါတို့ မင်းအတွက် ဖင်ကို ဘာလို့ သုတ်ပေးရမှာလဲ!
မင်းက

သိပ်ကြောက်စရာကောင်းတာမဟုတ်ဘူးလား။ မင်းကိုယ်တိုင် လုပ်လိုက်ပါ!"

ဆူး!

ရဲလန်ချန် ၏ရင်ဘတ်တွင် နောက်ထပ်အပေါက်တစ်ခု ပေါ်လာပြီး ၎င်းမှ သွေးများ ဖျန်းခနဲ ထွက်လာပြီးနောက် သူ့မျက်နှာမှာ အနည်းငယ် ဖြူဖျော့သွားခဲ့သည်။

"ယန်ယဲ့၊ ငါ့ရဲ့ရှုံးနိမ့်မှုကို ငါမယုံဘူး။ မင်း ဒီလောက် အရည်အချင်းရှိရင် ငါ့ကို လွှတ်၊ ငါ ပြန်သက်သာပြီး

ငါနဲ့ တရားမျှတစွာ တိုက်ခိုက်လိုက်စမ်း!"
ရဲလန်ချန်က ဒေါသတကြီးပြောလိုက်သည်။

"မင်းပါးစပ်မပိတ်ရင် မင်းဓားကိုင်ထားတဲ့လက်ကို ငါခုတ်ပစ်လိုက်မယ်!" ယန်ယဲ့သည် ရဲလန်ချန် အေးစက်စွာ စိုက်ကြည့်ကာ ပါးစပ်ကို ချက်ချင်းပိတ်ပေးလိုက်သည်။

ရဲလန်ချန်လည်း သူ့လက်ကို မဆုံးရှုံးချင်သည်မှာသိသာပေသည်။

“ဆရာကြီး ယန်၊
ငါတို့ရဲ့ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးတွေက

ဗဟိုနယ်မြေကိုမရောက်မချင်း

အရှိန်ကိုဆက်ထိန်းဖို့မလုံလောက်တော့ဘူး။

ဒါ့အပြင် တိုက်ခိုက်ရေးအစီအရင်တွေက ၁၅ မိနစ်ကြာတိုင်း

ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး ၁၀၀ စီ

အသုံးပြုရတယ်။

ဒါကြောင့် အသက်ရှင်ချင်တယ်ဆိုရင်

သဘော်ာပေါ်ကနေ အခုချက်ချင်း ထွက်သွားတာ

အကောင်းဆုံးပါပဲ။

နင်ပိုင်တဲ့ စွမ်းအားတွေနဲ့ အကန့်အသတ်မဲ့

သမုဒ္ဒရာထဲမှာ အသက်ရှင်ဖို့ အခွင့်အလမ်း

ရှိနေတုန်းဘဲ!”

မျက်နှာဖုံးအုပ်အမျိုးသမီးက ပြောလိုက်သည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး " သခင်မလေး၊ ငါ့ကို လှည့်စားဖို့ ကြိုးစားနေတာ ရပ်လိုက်ပါ။ မင်းမဲ့စရိုက်သမုဒ္ဒရာက လက်တွေ့ကျကျ အကန့်အသတ်မရှိကျယ်ဝန်းတဲ့အပြင် မရေမတွက်နိုင်တဲ့ ပင်လယ်သတ္တဝါတွေပါရှိတယ်။ သင်္ဘောကထွက်တာနဲ့ သေရမှာပဲ။ ဒီတော့ ငါက မိန်းမပျို ရဲ ကို ဘေးကင်းတဲ့ နေရာကို ခေါ်သွားခိုင်းဖို့ကလွဲပြီး ရွေးချယ်စရာ မရှိတော့ဘူး။ ”

"အဲဒါကို ပြီးမြောက်အောင်လုပ်ဖို့ ငါ ခွန်အားမရှိတော့ဘူး!" မျက်နှာဖုံးအုပ်အမျိုးသမီးက ယန်ယဲ့ကိုစိုက်ကြည့်နေရင်း ပြောလိုက်ပါသည်။

ယန်ယဲ့ က ရဲလန်ချန် ၏လည်ပင်းပေါ် ဓားတင်ထားရင်း ပြုံးလိုက်ပြီး "ငါ့အထင် မင်းမှာရှိတယ်မဟုတ်လား?"

မှန်သည်၊ ရဲလန်ချန်ကို ဓားစာခံဖမ်းဆီးထားသဖြင့် တိမ်ပင်လယ်ကုန်သည်အုပ်စုက သူ့အား လွတ်မြောက်ခွင့်ပြုမည်မဟုတ်ပါ။

“ဆရာကြီး ယန်! လူတိုင်းက နင်ဟာ ရက်စက်ပြီး ဘာမှမလုပ်ဘဲနဲ့၊ ကြင်နာမှုနဲ့ ရန်ငြိုးဖွဲ့ခြင်းကြား ရှင်းရှင်းလင်းလင်း ခွဲခြားသိမြင်တယ်တဲ့။ အရင်က နင်သတ်ခဲ့တဲ့သူတွေအားလုံးက နင့်ကို အရင်စော်ကားခဲ့တဲ့သူတွေပဲ။ ဒါပေမဲ့ သခင်လေး ယန်! ငါ့ကုန်သည်အဖွဲ့က နင့်ကို မစော်ကားခဲ့ဘူးလေ... ဟုတ်တယ်မလား။ နင့်ရဲ့ လက်ရှိလုပ်ရပ်တွေက နည်းနည်းလေး အကျင့်ပျက်နေတာမဟုတ်ဘူးလား?” မျက်နှာဖုံးအုပ်အမျိုးသမီးက ပြောသည်။

"မင်း မဟုတ်ဘူး?" ယန်ယွဲ့ က ပြုံးပြီးပြောသည်။ “မင်း၊ မင်းရဲ့မောင်လေးက ငါ့ကို

အရင်တိုက်ခိုက်ခဲ့တာ မင်းမေ့သွားပြီလား ?
သူငါ့ကို မထိခိုက်စေဘူးလို့ မပြောနဲ့။ လုံလောက်တဲ့
ခွန်အားမရှိလို့ မရတဲ့ အကြောင်းရင်းကို
လူတိုင်းနားလည်ပါတယ်။ ဒါကြောင့် မိန်းမပျို ရဲ၊
ကျေးဇူးပြုပြီး မင်းရဲ့အသက်ရှူချိန်တွေကို
မဖြုန်းတီးပါနဲ့။

မဟုတ်ရင် မင်းရဲ့မောင်လေးက
ခေါင်းပြုတ်သွားလိမ့်မယ်။"

မျက်နှာဖုံးအုပ်အမျိုးသမီးက ခေါင်းခါရင်း
"သခင်လေး ယန်၊
နင့်ကိုလိုက်ဖမ်းနေတဲ့ချီးမြှောက်ခြင်းနယ်ပယ်ပညာ
ရှင်တွေကိုတားဆီးဖို့အတွက်

အကာအကွယ်နဲ့တိုက်ခိုက်ရေးအစီအရင်တွေကို ဆက်ပြီးအသက်သွင်းဖို့ ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးအများကြီး လိုအပ်တယ်။

ဒါပေမဲ့ ငါတို့မှာ အဲလောက်ထိအများကြီးမကျန်တော့ဘူး။ ဒါ့ကြောင့် နောက်ထပ် ၇ မိနစ်လောက်ဆိုရင် သဘော်ာရဲ့အစီအရင်တွေကပိတ်သွားတော့မယ်။

 တကယ်လို့ သခင်လေး ယန် က အသက်ရှင်ချင်တယ်ဆိုရင် ဒီသဘော်ာကို ထားခဲ့တာက အကောင်းဆုံးပါပဲ။ မဟုတ်ရင် ငါ့မောင်လေးကို သတ်ပစ်ရင်တောင် နင့်ကို ငါကူညီနိုင်မှာ မဟုတ်ဘူး။”

ယန်ယဲ့သည်
မျက်နှာဖုံးအုပ်အမျိုးသမီးကိုခဏလောက်စိုက်ကြ
ည့်လိုက်သော်လည်းရဲလန်ချန်ကိုမသတ်ခဲ့ပေ။

သူမက
လိမ်ညာနေခြင်းမဟုတ်ကြောင်းသူလည်းသိထား၏
။

ထို့နောက် သူ့လက်ကိုဝှေ့ယမ်းလိုက်ရာ
ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး ၁၀၀ က
အမျိုးသမီးရှေ့တွင် တဖျပ်ဖျပ်ပေါ်လေသည်။

ယန်ယဲ့က သူမကို

“ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးတွေ

ပေးမယ်။ မင်းရဲ့တစ်ခုတည်းသော တာဝန်က

သဘော်ကို အရှိန်မြှင့်ပြီး ဗဟိုနယ်မြေကို

ခေါ်သွားဖို့ပဲ။ လှည့်ကွက်တွေကို မကစားတာ

အကောင်းဆုံးပါပဲ။ မဟုတ်ရင် မင်းရဲ့မောင်လေးက

တကယ်သေသွားလိမ့်မယ်!"

ထိပ်တန်းအဆင့် စွမ်းအင်ကျောက်တုံး ၁၀၀

ကိုအသာလေးထုတ်ပေးနိုင်သည်မှာမည်သူမှအလွ

ယ်တကူပေးနိုင်သောအရာမဟုတ်ပေ။

"တကယ်ပဲ… သူက

တကယ်ပဲကြွယ်ဝနေတာလား?"

ဒီအခြေအနေက သူမကိုအံ့အားသင့်စေသော်လည်း ယန်ယဲ့ပြောသည့်အတိုင်းလုပ်ရန်ကလွဲ၍ အခြားရွေးချယ်စရာမရှိခဲ့ပေ။

"ငါ့ကို အခုသွားခွင့်ပြုလို့ရမလား" ရဲလန်ချန်က ယန်ယဲ့ ကို ဒေါသတကြီး စိုက်ကြည့်နေသည်။ အခုချိန်တွင်တော့ သူက အတော်လေးစိတ်ဓာတ်ကျနေပါပြီ။

သူဟာ ယန်ယဲ့ကိုတစ်ချက်တည်းနှင့်ရှုံးနိမ့်လိမ့်မည်ဟူ မျှော်လင့်မထားခဲ့ပေ။

ဒီရှုံးနိမ့်မှုက သူ့ယုံကြည်မှုကို
ထိခိုက်သွားစေပါသည်။

"ဒီလို မိုက်မဲတဲ့မေးခွန်းတွေ မမေးဘဲမနေ
နိုင်ဘူးလား" ယန်ယဲ့က
အေးစက်စက်ပြန်ပြောလိုက်၏။

"ယန်ယဲ့၊ မင်းက အရမ်းများသွားပြီ!" ရဲလန်ချန်က
ဒေါသထွက်သွားသည်။

ယန်ယဲ့က ရဲလန်ချန် ၏လည်ပင်းကို ဆွဲဖြင့်ဖိကာ
"ဒီလိုဆို မင်းဘာလုပ်မှာလဲ။"

“မင်း….” ရဲလန်ချန် က
ပါးစပ်မှသွေးအန်လုနီးပါးပင်။

ထိုအချိန်တွင် ယန်ယဲ့သည် ရုတ်တရက် လှည့်ပြီး
အဝေးသို့ လှမ်းကြည့်လိုက်ရာ သင်္ဘောနောက်သို့
အနီးကပ်လိုက်လာနေသည့် ပုံရိပ်များကို
တွေ့လိုက်ရသည်။

ယွမ်ရန် ဦးဆောင်သော
ကောင်းကင်နတ်ဆိုးဂိုဏ်းမှပညာရှင်များပင်။

ထိုလူများက လက်မလျှော့ဘဲ
ဆက်လိုက်နေသည်ကိုမြင်သောအခါ
ယန်ယဲ့ကအတော်လေးဒေါသထွက်သွား၏။

သူ့နှလုံးသားထဲက စိတ်ဆန္ဒတစ်ခုထုတ်လိုက်ကာ
အင်မော်တယ်နတ်ဘုရားချုပ်နှောင်ကြိုးက
ရဲလန်ချန် ၏လည်ပင်းကိုချက်ချင်း
ရစ်ပတ်သွားသည်။

သူ့ညာလက်က
တဖျပ်ဖျပ်တောက်ပလာပြီးအလင်းအသံလှိုင်းဓား
ကိုဝှေ့ယမ်းလိုက်ရာ

ပြင်းထန်သောစွမ်းအားလှိုင်းများပေါက်ကွဲထွက်လာလေသည်။

"ယန်ယွဲ့! ဘာလုပ်နေတာလဲ!?" ရဲလန်ချန်၏ပါးစပ်ထောင့်များ လှုပ်ယမ်းသွားသည်။ အမှန်အတိုင်းပြောရလျှင် သူသည် ယခုအချိန်တွင် ယန်ယွဲ့ ကို အလွန်ကြောက်ရွံ့နေပြီဖြစ်သည်။

ဤယန်ယွဲ့က အနည်းငယ်ဒေါသထွက်ရုံမျှဖြင့်သတ်ဖြတ်ပစ်မည့် လူမျိုးပင်မဟုတ်သလော။

"ယန်ယဲ့၊ မင်းပြောတဲ့အတိုင်း ငါတို့လုပ်ပြီးပြီ။
နောက်ထပ် ဘာလိုချင်သေးလဲ!?"
မျက်နှာဖုံးအုပ်အမျိုးသမီး၏ နံဘေးမှ အဘိုးအိုက
ဒေါသတကြီး ပြောလိုက်သည်။

မျက်နှာဖုံးအုပ်အမျိုးသမီး
၏မျက်လုံးများကလည်းသိသိသာသာကျဉ်းမြောင်း
သွားခဲ့ပါသည်။

အခြားသူများကလည်း ယန်ယဲ့ ကို
ဒေါသတကြီးစိုက်ကြည့်နေကြသည်။

ယန်ယဲ့ ၏လုပ်ရပ်က
အလွန်ဆိုးရွားလှကြောင်းခံစားမိပုံဖြင့်
အန်ရှောင်းနန်ပင်
စူးစူးစိုက်စိုက်စိုက်ကြည့်နေသည်။

ယန်ယဲ့ကတော့ ၎င်းတို့ကိုဂရုမစိုက်အားပေ။
သူ၏ဆန်းကြယ်ချီစွမ်းအင်များကအလင်းအသံလှို
င်းဓားထဲသို့အဆက်မပြတ်စီးဝင်သွားကာ အဆင့် ၈
ဓားစိတ်ဆန္ဒ
နှင့်ထပ်မံပေါင်းစပ်လိုက်ပါတော့သည်။

ယန်ယဲ့ ၏ခန္ဓာကိုယ်ထဲမှ အဆင့် ၈
သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ ထွက်ပေါ်လာချိန်တွင်
ရဲလန်ချန်က ပြင်းထန်သောဖိအားကို
ချက်ချင်းခံစားလိုက်ရသည်။

သူ၏ အဆင့် ၇ ဓားစိတ်ဆန္ဒက ယန်ယဲ့
ထက်များစွာနိမ့်ကျနေကြောင်းသိသာနေပါသည်။

ထိုအချိန်တွင် ယန်ယဲ့ ၏အကြည့်က မီတာ ၃၀၀
နီးပါးအကွာရှိ အဆင့် ၂
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်ဖြစ်သည့်

လူလတ်ပိုင်းအရွယ်အမျိုးသား ထံသို့ကျရောက်သွားသည်။ တစ်ဆက်တည်း သူ့မျက်လုံးထဲတွင် အေးစက်သော အလင်းတန်းတစ်ခု လင်းလက်သွားသည်။

ရုတ်ချည်းပင် သူ့လက်ကဆတ်ခနဲလှုပ်သွားကာ အလင်းအသံလှိုင်းဓား ကိုရှေ့လေထုထဲသို့ ထိုးသွင်းလိုက်သည်။

လူလတ်ပိုင်း၏လည်ပင်းရှေ့တွင် ဓားတစ်ချောင်း ရုတ်တရက်ပေါ်လာခြင်းကြောင့်

၎င်း၏အမူအရာက ချက်ချင်းပင်
ပြောင်းလဲသွားလေသည်။

လူလတ်ပိုင်းအရွယ်က ရှောင်တိမ်းရန်
ပြင်လိုက်သော်လည်း
အချိန်နောက်ကျသွားပြီဖြစ်ရာ
အလင်းအသံလှိုင်းဓားက
၎င်း၏လည်ပင်းအားထိုးဖောက်သွားတော့သည်။

ဆူး!

ဓားထိပ်ဖျားက အတားအဆီးမရှိ
ဂှင်း၏လည်ပင်းကို
ထိုးဖောက်ဝင်သွားလေတော့သည်။

လူလတ်ပိုင်းအရွယ် ၏မျက်လုံးများက အဆမတန်
ပြူးကျယ်သွားကာ မယုံနိုင်စရာများဖြင့်
ပြည့်နှက်နေသည်။

သူ့အနေဖြင့်
ဤကဲ့သို့သေဆုံးသွားလိမ့်မည်ဟုမမျှော်လင့်ထား
ပေ။

တစ်ချိန်တည်းပင် လူလတ်ပိုင်းအရွယ်
၏အလောင်းက လေထဲကနေ
ပြုတ်ကျသွားပါတော့သည်။

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦးက
ဓားတစ်ချက်တည်းဖြင့်အသတ်ခံလိုက်ရ၏။

လူတိုင်း ထိတ်လန့်သွားကာ ယန်ယဲ့အား
ဘီလူးတစ်ကောင်ကြည့်နေသကဲ့သို့
မျက်တောင်မခတ်တမ်း စိုက်ကြည့်နေကြသည်။

ရဲလန်ချန်ပင် ယန်ယွဲ့ကို လက်ညိုးထိုးရင်း တုန်လှုပ်သွားသည်။

သူကတစ်ခုခုပြောချင်သော်လည်း အဆုံးတွင် မည်သည့်စကားမှပြန်မပြောနိုင်ဘဲ တုန်လှုပ်ချောက်ချားမှုများပြည့်နေသည့်မျက်လုံးများနှင့်သာငေးကြောင်နေ၏။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၉၈ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၉၈) - ရေသူမမျိုးနွယ်

ရဲလန်ချန်သာမကဘဲ မျက်နှာဖုံးအုပ်အမျိုးသမီးနှင့်
ကုန်သည်အဖွဲ့မှ အခြား
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များပင်လျှင်
မျက်နှာတစ်ပြင်လုံး ကြောက်ရွံ့နေခဲ့သည်။

အတိတ်တွင် ဤလူငယ်က
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကို
အဆင့်ကျော်တိုက်ခိုက်ပြီးသတ်ပစ်နိုင်ကြောင်းသိခဲ့
သော်ငြား အဆုံးတွင်

ကောလဟာလများသာဖြစ်ပြီး ၎င်းတို့ကိုယ်တိုင်
မမြင်ခဲ့ကြပေ။

သို့ရာတွင် ယခုတစ်ကြိမ်တွင်တော့
လက်တွေ့မြင်လိုက်ကြရပြီဖြစ်သည်။

ယန်ယွဲ့သည် အဆင့် ၂
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူသာဖြစ်
သည့်တိုင်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦးကို
၎င်းတို့၏ မျက်စိရှေ့တွင် သတ်ပစ်ခဲ့၏။

ယန်ယဲ့သာ
ချီးမြှောက်ခြင်းနယ်ပယ်သို့တက်လှမ်းသွားလျှင်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များက
ဟန့်တားနိုင်စွမ်းရှိပါမည်လော။

ယွမ်ရန် နှင့် အခြားလူများမှာလည်း
မျက်နှာများထက်တွင် အလွန်ဆိုးရွားသော
အမူအရာများ ရှိနေကြသည် ။

ယန်ယဲ့သည် ၎င်းတို့
၏အဖွဲ့ဝင်တစ်ဦးကိုအသာလေးသတ်ပစ်သွားလိမ့်မ
ည်ဟု မမျှော်လင့်ထားခဲ့ပေ။

တစ်ချိန်တည်းမှာပင် လူတိုင်းက နှလုံးသားထဲတွင် နက်နက်ရှိုင်းရှိုင်း ကြောက်ရွံ့မှုကို ခံစားလိုက်ရသည်။

"ဒီလူငယ်က တကယ့်ကို ကြီးကျယ်ခမ်းနားတဲ့ ပါရမီရှင်တစ်ယောက်ပါ။ သူက အဆင့် ၂ ဝိညာဉ်နယ်ပယ်အလွှာအဆင့် မှာပဲရှိပေမဲ့၊ သူသာ ချီးမြှောက်ခြင်းနယ်ပယ်ကိုရောက်တာနဲ့ ငါတို့အားလုံးကို ပုရွက်ဆိတ်တွေလို သတ်နိုင်မှာသေချာတယ်။

လူသားဧကရာဇ်ကသူ့ကိုအရမ်းလေးလေးနက်နက်ထားပြီးတွေးနေတာအံ့သြစရာမဟုတ်တော့ဘူး။"

အဘိုးအို ယွမ်ရန်က ခဏတာတုံ့ဆိုင်းသွားပြီးမှ အသံတိုးတိုးလေးဖြင့် ရေရွတ်လိုက်၏။

"တိုက်ခိုက်ကြ! တိုက်ခိုက်ရေးအစီအရင်တွေကို အသက်သွင်းဖို့ သူတို့မှာ ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးတွေမရှိနိုင်တော့ဘူး။

အတူတူတိုက်ခိုက်ပြီး အကာအကွယ်အစီအရင်တွေကို

ဖျက်ဆီးလိုက်ကြရအောင်။ ဘာပဲဖြစ်ဖြစ် သူ့ကို
အသက်ရှင်ခွင့် ပေးလို့မရဘူး!"

အခြားသူများလည်း
ခေါင်းတညိတ်ညိတ်နှင့်သဘော် ဆီသို့
တစ်ပြိုင်နက်တည်းပြေးဝင်သွားကြသည်။

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များစွာရောက်ရှိ
လာနေသည်ကို မြင်သောအခါ ယန်ယွဲ့
၏မျက်ခွံများ တဆတ်ဆတ်လှုပ်ယမ်းသွားကာ
မျက်နှာဖုံးအုပ် အမျိုးသမီးကို ငေးကြည့်နေရင်း
"တိုက်ခိုက်ရေးအစီအရင်တွေကို အသက်သွင်း!"

"ငါ့မှာ စွမ်းအင်ကျောက်တေးတွေ မရှိတော့ဘူး…" မျက်နှာဖုံးအုပ်အမျိုးသမီးက စကားတစ်ဝက်နှင့်ရပ်သွားကာ သူမရှေ့တွင် ထိပ်တန်းစွမ်းအင်ကျောက်တုံး ၁၀၀ ပေါ်လာသည်ကို အံ့အားသင့်စွာမြင်တွေ့လိုက်၏။

ထို့နောက်တွင် သူမ၏လက်ကိုဝှေ့ယမ်းကာ သဘော်ာကုန်းပတ်ပေါ် ရှိအမှတ်အသားများထဲသို့ပစ်ထည့်လိုက်ရင်း ယန်ယွဲ့ကို လေးလေးနက်နက်တစ်ချက်ကြည့်လိုက်သည်။

တခဏအတွင်းမှာပင် မရေမတွက်နိုင်သော အလင်းတန်းများ လေထဲသို့ ကျရောက်လာတော့သည်။

ယွမ်ရန်လည်း အံ့အားသင့်သွားပြီး အခြား ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ ၏ အမူအရာများပင် သိသိသာသာ ပြောင်းလဲသွားသည် ။

"နောက်ဆုတ်! မြန်မြန်!" ယွမ်ရန် ၏ပုံရိပ်က ဖျတ်ခနဲ တောက်ပလာပြီး မီတာ ၃၀၀ အကွာတွင် ပေါ်လာသည်။

အလားတူပင် ကျန်လူများကလည်း
နှောင့်နှေးခြင်းမရှိ
ကမန်းကတန်းနောက်ပြန်ဆုတ်လိုက်ကြ၏။

သို့သော်၊ အုပ်စုရှေ့မှ အရင်ဦးဆုံးပျံသန်းသွားသော
လူ ၄ ယောက်က အချိန်မီ မရှောင်နိုင်သဖြင့်
အလင်းတန်းများ ထိမှန်ကာ ချက်ချင်း
သေဆုံးသွားခဲ့ပါသည်။

"သူတို့မှာ
ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးတွေ
ဘယ်လိုရှိနိုင်မှာလဲ!"

ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦးက ဒေါသတကြီး အော်ဟစ်လိုက်သည်။

ယွမ်ရန် ၏အမူအရာလည်း အနည်းငယ် ပြင်းထန်နေပါသည်။

တိမ်ပင်လယ်ကုန်သည်အုပ်စုတွင် ထိပ်တန်းအဆင့် စွမ်းအင်ကျောက်များ ထပ်မံရှိနေဦးမည်ဟု သူ မထင်ထားခဲ့ပေ။

ဤအခိုက်အတန့်အထိ ၎င်းတို့သည် အနည်းဆုံး ထိပ်တန်းအဆင့် စွမ်းအင်ကျောက်တုံး ၄၀၀ ကို အသုံးပြုခဲ့သည်။

ထိပ်တန်းအဆင့် စွမ်းအင်ကျောက်တုံး ၄၀၀...!
တိမ်ပင်လယ်ကုန်သည်အုပ်စုက
ထိပ်တန်းအဆင့် စွမ်းအင်ကျောက်တုံး ၄၀၀ ကို
ဆက်တိုက် စွန့်ပစ်ရန်
မည်မျှအထိကြွယ်ဝနေပါသနည်း။

နောက်ဆုံးတွင် ၎င်းတို့
ကောင်းကင်နတ်ဆိုးဂိုဏ်းပင်လျှင် ဤကဲ့သို့

အဆင့်မြင့်စွမ်းအင်ကျောက်တုံးများစွာကို
ပေါ့ပေါ့တန်တန် မထုတ်လုပ်နိုင်ခဲ့ပါ။

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၄
ဦးသေဆုံးသွားသဖြင့် ယွမ်ရန် နှင့်
အခြားလူများသည် အရူးအမူး
ရှေ့ကိုမတက်ဝံ့ကြပေ။

ယန်ယဲ့သည် ဤမြင်ကွင်းကိုမြင်လိုက်ရသောအခါ
သက်ပြင်းတစ်ချက်ချကာ
အဆင့်လွှန်စွမ်းအင်ကျောက်တုံးကို ထုတ်ယူပြီး

လက်ဝါးထဲတွင်ဆုပ်ကိုင်ထားကာ
အထဲမှစွမ်းအင်များကို စုပ်ယူလိုက်ပါသည်။

သူ့တွင် သဘော်ာ နှင့်
ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးများ
ရှိနေသရွေ့ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကို
ကြောက်ရွံ့နေစရာမလိုတော့ပေ။
အပြန်အလှန်အားဖြင့် သူသည် ၎င်းတို့အား
ရံဖန်ရံခါ အံ့အားသင့်ဖွယ် တိုက်ခိုက်မှုများကိုပင်
ပြုလုပ်နိုင်သည်မဟုတ်သလော။

အတိုချုပ်ပြောရလျှင် လက်ရှိအခြေအနေသည် ယခင်အခြေအနေထက် များစွာသာလွန်နေပေပြီ။

သို့သော် သူ့ကိုယ်သူ သတိလက်လွတ်ဖြစ်ခွင့် မပြုရဲပေ။

အကြောင်းမှာ အနည်းငယ်သတိလွတ်သွားလျှင် ပတ်ဝန်းကျင်မှ ပညာရှင်များက သူ့အားဝိုင်းရံတိုက်ခိုက်လာနိုင်လေသည်။

တိမ်ပင်လယ်ကုန်သည်အုပ်စုက သူ့ကို ကူညီရသည့် အကြောင်းရင်းမှာ ရဲလန်ချန် ကို ဓားစာခံအဖြစ်ချုပ်ကိုင်ထားသောကြောင့်ပင်မဟုတ်ပေလား။

မျက်နှာဖုံးအုပ်အမျိုးသမီးက ရုတ်တရုတ် စကားစလိုက်သည်။ "ဆရာကြီး ယန်၊ ငါ့မောင်လေးကို ဒဏ်ရာတွေပြန်သက်သာအောင် သွားခွင့်ပြုပါ။ ငါနင့်ရဲ့ဓားစာခံဖြစ်မယ်... အဆင်ပြေလား"

"မဟုတ်ဘူး!" ရဲလန်ချန်က အလင်စလိုပြောလေသည်။ "အစ်မ၊ ဒီလူက စိတ်ဖောက်ပြန်သူလို့ ကြားတယ်။ မင်းသာ သူ့လက်ထဲရောက်သွားရင် သူ မင်းကို သေချာပေါက် တစ်ခုခုလုပ်လိမ့်မယ်။ ငါ့ကိုစိတ်မပူပါနဲ့။ ကိုင်လို့ရတယ်။ သူ့ဓားကြောင့်

ဒဏ်ရာအနည်းငယ်ရတာပဲ မဟုတ်လား။ အဆင်ပြေပါတယ်!”

ယန်ယဲ့ ၏ပါးစပ်ထောင့်များက လှုပ်ယမ်းသွားသည်။ "မတရားသဖြင့်လား? ဘယ်သူက ငါ့ဂုဏ်သိက္ခာကို ဖျက်စီးမှာလဲ?"

မျက်နှာဖုံးအုပ်အမျိုးသမီးက ရဲလန်ချန်ကိုအချိန်တော်တော်ကြာ စိုက်ကြည့်ပြီးနောက် တစ်ဖန် ယန်ယဲ့ ကို စိုက်ကြည့်လိုက်သည်။

ယန်ယဲ့က သူ့လက်ကို ဝှေ့ယမ်းကာ

အဆင့်မြင့်ကုသရေးအဆောင်ကိုထုတ်ယူရင်း

ရဲလန်ချ န် ၏ခန္ဓာကိုယ်ပေါ်ကပ်ပေးလိုက်သည်။

ဒီအချိန်တွင် ရဲလန်ချန်က

သူ့အကာအကွယ်ဖြစ်နေသဖြင့် သေဆုံးခွင့်

မပြုနိုင်ပေ။

အဆင့်လွန်ကုသရေးအဆောင်ကို မြင်သောအခါ

မျက်နှာဖုံးအုပ်အမျိုးသမီး ၏ မျက်နှာပေါ်တွင်

အံ့အားသင့်စရာ ပေါ်လာပြီး ယန်ယဲ့ ကို အကြာကြီး

ကြည့်လိုက်သည်။

" ဒီဓားအင်ပါယာ က တကယ့်ကို

ဆန်းကြယ်လွန်းနေတယ်မဟုတ်လား?"

အုန်း!

ရုတ်တရက် သမုဒ္ဒရာမျက်နှာပြင်မှ

ရောမလှိုင်းလုံးကြီး မြင့်တက်လာပြီးနောက်

လူသားခန္ဓာကိုယ်၊ ငါးအမြီးနှင့်

လက်ထဲတွင်သုံးမြောင့်ခက်ရင်းခွတစ်ချောင်းကိုကို

င်ထားသော ပင်လယ်သတ္တဝါတစ်ကောင်

၎င်းတို့ရှေ့တွင် ပေါ်လာသည်။

"ရေသူမမျိုးနွယ်စု!" ချီး
မြှောက်ခြင်းနယ်ပယ်ပညာရှင်များက
မျက်နှာပေါ်တွင်
အလွန်လေးနက်သောအမူအရာများရှိနေကာ၊
တစ်ချိန်တည်းတွင် မျက်နှာဖုံးအုပ်အမျိုးသမီးနှင့်
အခြားသူများသည်လည်း
သုန်မှုန်နေသောအမူအရာများရှိနေသည်ကို
ယန်ယွဲ့လည်းချက်ချင်းပင် သတိပြုမိခဲ့သည်။

ရေသူမမျိုးနွယ်စုလား? အဲဒါ ဘာကောင်လဲ?
ယန်ယွဲ့က မကြားဖူးသဖြင့်
မျက်မှောင်ကြုတ်လိုက်သည် ။

"ရေသူမမျိုးနွယ်စုက သမုဒ္ဒရာထဲမှာရှိတဲ့
ပင်လယ်သတ္တဝါမျိုးနွယ်စုတွေထဲက တစ်ခုလေ။
မင်းမဲ့သရိုက်သမုဒ္ဒရာထဲမှာနေထိုင်ကြတယ်။
လူသားတွေက သူတို့ကို ကျွန်အဖြစ်
ဖမ်းဆီးရောင်းချလို့ လူသားတွေကို
အရမ်းမုန်းတီးကြတယ်။

သူတို့က အဖမ်းခံရမှာကို ကြောက်လို့ သမုဒ္ဒရာရဲ့
အထက်ကို တစ်ခါမှ ထွက်မပြတတ်ကြဘူး။
ဒါပေမဲ့ သူတို့ သမုဒ္ဒရာအထက်မှာ
ပေါ်လာပြီဆိုရင်တော့
အုပ်စုလိုက်ကြီးတစ်ပြိုင်တည်းထွက်ပေါ်လာတာကို
ဆိုလိုတယ်။ဒီလိုဆို ငါတို့ အန္တရာယ်ရောက်နေပြီ!"
အန်ရှောင်းနန်က ယန်ယွဲ့ ၏ဘေးနားသို့

လျှောက်လာပြီး အသံတိုးတိုးဖြင့် ပြောလိုက်သည်။

ဟုတ်သည်၊ ယန်ယဲ့သည် အန်ရှောင်းနန်
၏စကားကိုနားထောင်နေရင်းပတ်ပတ်လည်တွင်ဝို
င်းရံထားသော ရေသူမမျိုးနွယ်စုမှ ပညာရှင်များကို
ချက်ချင်းသတိပြုမိလိုက်လေသည်။

ယန်ယဲ့ မြင်နေရသည်မှာ မရေမတွက်နိုင်သော
အမျိုးသမီးများဖြစ်ပြီး အလွန်လှပသော
အမျိုးသမီးများဖြစ်ကြောင်း အံ့အားသင့်စွာ
သတိပြုမိခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ၎င်းတို့က ကျားမမခွဲခြားဘဲ သင်္ဘောပေါ် ရှိ လူသားများကို ကြည့်သောအခါ ၎င်းတို့၏အကြည့်များတွင် အမုန်းတရားများ ပါဝင်နေသည်။

"ဘာလဲ? ငါ ဒီနတ်ဆိုးကြီးက မင်းကိုသတ်မှာ မကြောက်ဘူးလား" ယန်ယွဲ့သည် ရုတ်တရက် ရယ်မောသော အန်ရှောင်းနန် ကိုစနောက်လိုသော အမူအရာဖြင့် ပြောလိုက်သည်။

အန်ရှောင်းနန်က ခြေလှမ်းအနည်းငယ် နောက်ပြန်ဆုတ်သွားကာ ယန်ယဲ့ ၏စကားကြောင့် အနည်းငယ်သတိထားနေပုံရသည်။

ထိုကဲ့သို့ အပြုအမူကြောင့် ယန်ယဲ့လည်း စကားမပြောနိုင်အောင် ခံစားလိုက်ရ၏။ "ငါက တကယ်ပဲကြောက်စရာကောင်းနေတာလား?"

ထို့နောက်တွင် သူမကို ဂရုမစိုက်တော့ဘဲ အဝေးကိုသာ လှမ်းကြည့်လိုက်ပါသည်။

ဤအခိုက်အတန့်တွင် ၎င်းတို့၏သင်္ဘောကို
ရေသူမမျိုးနွယ်စုများက ဝိုင်းရံထားပြီး
ရေသူမမျိုးနွယ်စုမှ ကျင့်ကြံသူများ အများအပြား
အမြင်အာရုံထဲတွင်ပြည့်နေပါသည်။

ရေသူမမျိုးနွယ် ၏ပညာရှင်အရေအတွက်က
(၁၀,၀၀၀) ကျော်ထိပင် ရှိနိုင်လေသည်။

"လူသား! ငါတို့ရဲ့မျိုးနွယ်ဝင်ကို လက်လွှဲလိုက်ပါ၊
မဟုတ်ရင် မင်းတို့အားလုံး ဒီနေ့
သမုဒ္ဒရာအောက်မှာ မြုပ်သွားလိမ့်မယ်!"
ရေသူမမျိုးနွယ်ဝင်များကို

ဦးဆောင်နေသူကဒေါသတကြီး အသံဖြင့် ပြောနေစဉ် သဘော်သုံးစင်းကို ညွှန်ပြလိုက်သည်။

သူတို့ရဲ့ မျိုးနွယ်ဝင်လား? ယန်ယဲ့က ရဲလန်ချန်၏အမူအရာ အနည်းငယ်ထူးခြားလာ သတိပြုမိခဲ့သည်။

မျက်နှာဖုံးအုပ်အမျိုးသမီးက မျက်မှောင်ကြုတ်ကာ “နင့်ရဲ့ မျိုးနွယ်ဝင်တွေကို ငါတို့ မဖမ်းရသေးဘူး။ နင်လူများမှားနေသလား"

“လူသား၊ မင်းရဲ့လမ်းကို ရှောင်ဖို့ မကြိုးစားနဲ့။ သူမရဲ့အငွေ့အသက်ကိုငါခံစားနိုင်တယ်။ သူမက မင်းတို့ သင်္ဘောပေါ်မှာ ရှိနေတယ်။ မင်း သူမကိုဖမ်းဖို့ စက်ဆုပ်ရွံရှာဖွယ်နည်းလမ်းတွေကို အသုံးချခဲ့တာ သေချာပါတယ်။ သူမကို လက်လွှဲပေးဖို့ အခွင့်အရေးပေးမယ်၊ ဒါဆိုရင် ငါတို့ချက်ချင်း ထွက်သွားမယ်။ မဟုတ်ရင် မင်းတို့အားလုံး ဒီနေ့ မင်းရဲ့ ကံကြမ္မာကို တွေ့လိမ့်မယ်!”

ရေသူမျိုးနွယ်၏ခေါင်းဆောင်ဖြစ်သူက ဒေါသတကြီးဖြင့် ပြောလိုက်သည်။

ယန်ယဲ့က ရုတ်တရက် ပြောလိုက်၏။
"မင်းရဲ့မောင်လေး ကို မေးလိုက်တာ
ကောင်းမယ့်ထင်တယ်!"

ရဲလန်ချန် ၏အမူအရာသည် ပို၍ပင်
ဆိုးရွားလာခဲ့သည်။

မျက်နှာဖုံးအုပ်အမျိုးသမီးက မျက်နှာအမူအရာ
ပြောင်းလဲသွားသည်ကို သတိပြုမိသောအခါ
“ဘာဖြစ်နေတာလဲ” ဟု ချက်ချင်း မေးလိုက်သည်။

ရဲလန်ချန်က မည်သည့်စကားမှ ပြန်မပြောဘဲ

တိတ်ဆိတ်နေ၏။

မျက်နှာဖုံးအုပ်အမျိုးသမီးက ဒေါသတကြီးဖြင့် အော်ငေါက်လိုက်သည်။ "နင်က လူတိုင်းကို သတ်ဖို့ ကြိုးစားနေတာလား?"

ရဲလန်ချန်က တိတ်ဆိတ်နေဆဲပင်.....

"သဘော်ကို ရှာလိုက်ပါ!"
မျက်နှာဖုံးအုပ်အမျိုးသမီးက အေးစက်စက် ပြောလိုက်ပါသည်။

အနားမှ လူတစ်ယောက်က သူမ၏ အမိန့်ကို
နာခံလိုက်ပြီး
လျင်မြန်စွာထွက်သွားသည်။သိပ်မကြာခင်မှာပဲ
ထိုလူက နောက်တစ်ကြိမ် ပြန်ပေါ်လာ၏။

သို့သော် သူ့လက်ထဲတွင် အမျိုးသမီးတစ်ဦး
ရှိနေပြီး အမျိုးသမီး၏ ခန္ဓာကိုယ်အောက်ပိုင်းကို
အနက်ရောင်ဝတ်စုံဖြင့် ဖုံးအုပ်ထားသည်။

ထိုအမျိုးသမီး
၏ခန္ဓာကိုယ်အသွင်အပြင်နှင့်အငွေ့အသက်က
ရေသူမမျိုးနွယ်ဝင်ဖြစ်ကြောင်း သိသာနေပါသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၉၉ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၉၉) - ရဲလန်ချန် ၏ချစ်ခြင်းမေတ္တာ

တိမ်ပင်လယ်ကုန်သည်အုပ်စု

၏အခြားအဖွဲ့ဝင်များက သူမကို မြင်သောအခါ

သိသိသာသာမျက်နှာပျက်သွားကြတော့သည်။

၎င်းတို့၏သခင်လေးက ရေသူမတစ်ကောင်ကို သဘော်ာပေါ်အမှန်တကယ်ခေါ်ဆောင်လာသည်ဟု သူတို့မထင်ထားခဲ့ပေ။

"နောက်ဆုံးတော့ ထိုကဲ့သို့ပြုမူခြင်းက ပျားအုံကို ထိုးဖွလိုက်သလိုပင်မဟုတ်သလော?"

“အစ်မ၊ သူ့ကို ကာကွယ်ပေးဖို့ တောင်းပန်ပါတယ်။ ငါ တောင်းပန်ပါတယ်...." ရဲလန်ချန်က ထိုအမျိုးသမီးကိုတွေ့သောအခါ အလျင်စလို တောင်းပန်လိုက်သည်။

မျက်နှာဖုံးအုပ်အမျိုးသမီးက ရဲလန်ချန်ထံ လျှပ်တပြက်ရောက်လာပြီး ပါးဖြတ်ရိုက်ကာ

"ရဲလန်ချန်၊ နင် တကယ်ပဲ ရေသူမတစ်ကောင်ကို သင်္ဘောပေါ်တင်လာခဲ့တာ။ ငါတို့အားလုံး နင့်ကြောင့်သေရမယ်ဆိုတာ သိလား။ အပြင်ကိုကြည့်ရုံပဲ။ ချီးမြှောက်ခြင်းနယ်ပယ် ၁၀ ယောက်ကျော်နဲ့ ဝိညာဉ်နယ်ပယ်အလွှာအဆင့် ပင်လယ်သတ္တဝါ (၁,၀၀၀) ကျော်ရှိတယ်။သူတို့ဆန္ဒရှိသရွေ့ သူတို့ရဲ့အင်အားကို နှစ်ဆ ဒါမှမဟုတ် သုံးဆတောင် တိုးနိုင်တယ်။ နင်က ငါတို့ သူ့ကို ကာကွယ်ခိုင်းနေတာလား။ နင်က အရူးတစ်ယောက်လား?"

“အစ်မ၊ ငါတို့ တစ်ယောက်ကို တစ်ယောက် ရိုးသားစွာ ချစ်နေတယ်။ ကျေးဇူးပြုလို့ သူမအား ရေသူမမျိုးနွယ်ဆီ ပြန် မပေးပါနှင့်။ မဟုတ်ရင် အခုပဲ ငါ့ကိုယ်ငါ သတ်သေလိုက်မယ်။ အစ်မ! ငါနောက်နေတာမဟုတ်ဘူးဆိုတာ မင်းသိသင့်တယ်!" ရဲလန်ချန် က လေးနက်သောလေသံဖြင့် ပြောလိုက်သည်။

“နင်….” မျက်နှာဖုံးအုပ်အမျိုးသမီး ၏ ရင်ဘတ်က နိမ့်ချည်မြင့်ချည်ဖြစ်လာကာ ဒေါသကြောင့် လျင်မြန်စွာ လဲကျသွားခဲ့သည်။

"လူသား! သူမကို လက်လွှဲလိုက်ပါ!”
ဤအခိုက်တွင် သဘော်အတားအဆီးအပြင်ဖက်ရှိ ရေသူမမျိုးနွယ်ခေါင်းဆောင်က နောက်တစ်ကြိမ် ထပ်ပြောပြန်သည်။

ယန်ယဲ့လည်း အပြင်ကိုတစ်ချက်စူးစမ်းလိုက်ရာ ရေသူမကလန် ၏အဖွဲ့ဝင်အရေအတွက် ပို၍တိုးများလာနေသည်ကို သတိပြုမိလိုက်သည်။

"သူမကို လက်လွှဲပေးလိုက်!"
မျက်နှာဖုံးအုပ်အမျိုးသမီးက အေးစက်သော
အသံဖြင့် အမိန့်ပေးလိုက့်သည်။

"မင်းတို့လုပ်ဝံ့သလား!" ရဲလန်ချန်က ရုတ်တရက်
လန့်သွားသည်။ "သူမကို လက်လွှဲဝံ့တဲ့သူရဲ့
မိသားစုတစ်ခုလုံးကို ငါ ချေမှုန်းပစ်မယ်!"

ဖြောင်း!

ရဲလန်ချန် ၏မျက်နှာပေါ်တွင် နောက်ထပ်
လက်ဝါးရာတစ်ခု ပေါ်လာသည်။

သူက မျက်နှာဖုံးအုပ်အမျိုးသမီးကို စိုက်ကြည့်ကာ “အစ်မ၊ ငါ့တစ်သက်လုံး မင်းကို ဘာတစ်ခုမှ မတောင်းဆိုဖူးဘူး။ ဒါပေမဲ့ သူတို့ကို မပေးပါနဲ့လို့ တောင်းပန်ပါရစေ။ မင်းသူမကို သူတို့လက်ထဲအပ်လိုကလရင် သူ့မျိုးနွယ်ဝင်တွေက သူမကိုသတ်လိမ့်မယ်။ သူမကို တကယ်သတ်လိမ့်မယ်!"

“လန်ချန်….” ထိုအတောအတွင်း ရေသူမလေးက ရုတ်တရက် ပြောလာလေသည်။ “အစ်မကို ခက်ခဲတဲ့ အနေအထားမှာ မထားပါနဲ့။ ငါ

နင့်ကိုတွေ့ပြီး ချစ်မိသွားလို့ ငါအရမ်းကျေနပ်နေပြီ။ ငါ့ကိုဖမ်းဆီးဖို့ကြိုးစားတဲ့လူတွေလက်ကနေ ကယ်တင်ပြီး ငါ့ဂုဏ်သိက္ခာကို ကာကွယ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျေးဇူးတင်ပါတယ်။"

"ဟုန်ယု၊ ငါ မင်းကို သူတို့လက်ထဲ မအပ်ဘူး၊ ငါမလုပ်ဘူး!" ရဲလန်ချန် က “လူသားကမ္ဘာကို အတူတူ စူးစမ်းလေ့လာဖို့ ငါတို့ သဘောတူထားပြီးပြီ၊ မင်းကို ငါကတိပေးတယ်။ ငါ့ကတိကို ငါလုံးဝဖြည့်ဆည်းပေးမယ်။ အစ်မ၊ တောင်းပန်ပါတယ် သူမကို လက်မလွှတ်ပါနဲ့။

သူမကို သူတို့လက်ထဲ မအပ်ပါနဲ့၊ နောင်မှာ မင်းပြောသမျှကို ငါနာခံပါ့မယ်…”

မျက်နှာဖုံးအုပ်အမျိုးသမီးက အသက်ပြင်းပြင်းရှူကာ “ရေသူမမျိုးနွယ်က ရာထောင်ချီတဲ့အဖွဲ့ဝင်တွေရဲ့ဝိုင်းရံတိုက်ခိုက်တာခံ ရမှာကိုနင်သင်သဘောပေါက်လား” ဟုဆိုသည်။

အုန်း!

ဤအချိန်တွင် ကုန်သဘော်က ရုတ်တရက် အပြင်းအထန်လှုပ်ခါသွား၏။

အားလုံး ကြည့်လိုက်သည့်အခါ

ရေသူမမျိုးနွယ်ဝင်များက ကုန်သဘော်ကို

စတင်တိုက်ခိုက်နေကြောင်း တွေ့လိုက်ရလေသည်။

ထိုလူ ၏ခွန်အားသည်

အလွန်ကြောက်မက်ဖွယ်ကောင်းနေသောကြောင့်

ယန်ယဲ့ ၏အမူအရာပင် လေးနက်လာသည်။

"လူသား! သူ့ကို မြန်မြန် လွှဲပေး !”

အဆိုပါခေါင်းဆောင်က သဘော်

၏အကာအကွယ်ကို အနည်းငယ် ထိမှန်ခဲ့ပြီး

သဘော်ကို ပြင်းထန်စွာ လှုပ်ခတ်စေခဲ့သည်။

ယန်ယဲ့က ချက်ချင်း ငြိမ်ကျသွားသည်။

သူက ဤကိစ္စတွင် လက်ရှောင်ရန်

ဆုံးဖြတ်လိုက်ပါသည်။

မည်သို့ပင်ဆိုစေကာမူ ရေသူမမျိုးနွယ်က

သူ့ကိုလိုက်လံဖမ်းဆီးလာခဲ့ခြင်း မရှိပေ။

မျက်နှာဖုံးအုပ်အမျိုးသမီး က ရဲလန်ချန်ကို

အကြာကြီး ကြည့်နေသည် ။

ရုတ်တရက် သူမ၏လက်ကိုဆန့်ကာ ရဲလန်ချန် ၏

ခေါင်းနောက်ကို လျှပ်တစ်ပြက်ရိုက်ချကာ ချက်

ချင်း သတိမေ့စေလိုက်သည်။

"သူနိုးလာတဲ့အခါ
မင်းကိုအမြဲတမ်းမုန်းတီးနေမယ်ဆိုတာ
မင်းသတိထားသင့်တယ်။ မင်းကို
သူ့ရန်သူဖြစ်အောင်တောင်
သတ်မှတ်သွားလိမ့်မယ်!" ယန်ယဲ့က
သက်ပြင်းချရင်းပြောလိုက်ပါသည်။

မျက်နှာဖုံးအုပ်အမျိုးသမီးက ယန်ယဲ့ ကို
အေးစက်စွာ စိုက်ကြည့်ပြီးနောက်
ရေသူမလေးထံသို့ လျှောက်သွားကာ
"တောင်းပန်ပါတယ်၊ ဒါပေမဲ့ မင်းကို ဒီမှာ
မထားနိုင်တော့ဘူး"ဟု ပြောပါသည်။

ဟုန်ယု ဟုခေါ်သော ရေသူမလေးက
ခေါင်းညိတ်ကာ “နားလည်ပါတယ်။ နောက်ဘဝမှာ
ငါက သူ့မိန်းမဖြစ်မယ် ဆိုပြီး သူ့ကိုပြောလိုက်ပါ !”

မျက်နှာဖုံးအုပ်အမျိုးသမီးက
ခေါင်းညိတ်ပြပြီးနောက် ဟုန်ယုကိုဆုပ်ကိုင်ရင်း
ရှေ့သို့တက်သွားကာ“မင်းတို့ရဲ့အဖွဲ့ဝင်တွေကို
ဆုတ်ခိုင်းပြီး သူ့ကို ချက်ချင်းလက်လွှဲပေးမယ်”

ရေသူမမျိုးနွယ် ခေါင်းဆောင်က
မျက်နှာဖုံးအုပ်အမျိုးသမီးကို

တစ်ချက်ကြည့်လိုက်သည်။ ရုတ်တရက် သူက ယန်ယဲ့ ကို လက်ညှိုးထိုးပြပြီး "သူ့ကိုလည်း လွှဲပေးလိုက်!"

မျက်နှဖျာဖုံးအုပ်အမျိုးသမီးက အရင်ဦးဆုံး အံ့အားသင့်သွားကာ ရေသူမမျိုးနွယ်မှ အပေါင်းအပါများ ဒုက္ခရောက်တော့မည် ဖြစ်ကြောင်း သူမ၏ ပင်ကိုယ်အသိစိတ်က ပြောလာသောကြောင့် ဝမ်းသာသွားမိသည်။

တစ်ဖက်တွင် ယန်ယဲ့ လည်း ထိတ်လန့်သွားသည်။

"ဒီကောင်ကို ငါတောင်မသိဘူး! ရေသူမကလန် က လောှကျန်းနဲ့ပူးပေါင်းထားတာများလား?"

ဤအချက်ကို တွေးလိုက်သောအခါ ယန်ယဲ့၏အကြည့်များက ငရဲနတ်ဆိုးကဲ့သို့ အေးခဲသွားပါတော့သည်။

"ဘာလဲ? မင်းအဲလိုမလုပ်ချင်ဘူးလား?"

ခေါင်းဆောင်ဖြစ်သူက အေးစက်စွာပြောလိုက်သည်။ မရေမတွက်နိုင်သောလှိုင်းလုံးများက သူ့ပတ်ပတ်လည်ကိုလွှမ်းခြုံလာပြီး

ပြင်းထန်သောအရှိန်အဝါက
ဖြည်းညှင်းစွာလွင့်ထွက်သွား၏။

မျက်နှာဖုံးအုပ်အမျိုးသမီးက စကားမပြောဘဲ
ယန်ယဲ့ကို စိုက်ကြည့်နေပါသည်။

ယန်ယဲ့က ရှေ့ကိုလှမ်းတက်လာရင်း “ငါတို့
အချင်းချင်း သိမယ် မထင်ဘူး၊ ဟုတ်တယ်ဟုတ်။
မင်းငါ့ကိုဘာလို့တောင်းတာလဲ
ငါတကယ်သိချင်နေတယ်။"

“တစ်စုံတစ်ယောက်က မင်းအတွက်

ဆုကြေးထုတ်ထားတယ်။ မင်းကိုအရှင်ဖမ်းနိုင်ရင်

ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး ၁၀၀၀ နဲ့

မင်းသေရင် ၅၀၀!”

ခေါင်းဆောင်လုပ်သူကဆက်ပြောလေသည်။

“အဆင့် ၂

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ပုရွက်ဆိတ်တစ်ကော

င်က ဘာကြောင့်များ

ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး(၁,၀၀၀)

တန်ဖိုးရှိလဲဆိုတာကို ငါ တကယ်ပဲ သိချင်နေတယ်။

ကောင်းပြီ၊ စကားပြောဖို့ လုံလောက်တယ်။ မင်း

အသိဉာဏ်ရှိရင် လာခဲ့၊ မဟုတ်ရင် မင်းဘေးနားက

လူတွေ အားလုံး မင်းကြောင့် သေလိမ့်မယ်!"

ယန်ယဲ့ဟာ သူ့အပေါ်
မည်သူကဆုကြေးထုတ်လိုက်ကြောင်းသိရန်တွေး
နေစရာမလိုတော့ပေ။

သူက အသက်ရှူချိန်ကိုမဖြုန်းတော့ဘဲ
လက်ကိုတစ်ချက်ယမ်းလိုက်ရာ ထိပ်တန်းအဆင့်
စွမ်းအင်ကျောက်တုံး ၁၀၀ က
သဘော်ကုန်းပတ်ပေါ် ရှိ အပေါက်များထဲသို့
ဝင်သွားလေသည်။

တစ်ခဏလေးအတွင်း မရေမတွက်နိုင်သော အလင်းတန်းမြောက်များစွာက လေထဲသို့ ပစ်လွှတ်လိုက်သည်။

ထိုလူက ခဏတာအံ့အားသင့်သွားပြီး ဖျတ်ခနဲတောက်ပကာ အလင်းတန်းများကို ရှောင်ထွက်သွားသည်။

သို့သော်၊ ပတ်ဝန်းကျင်ရှိ အခြားသော ရေသူမမျိုးနွယ်အဖွဲ့ဝင်များက ချက်ချင်းပင် ပေါက်ကွဲသွားကြသည်။

ယန်ယဲ့မှာလည်း ထိပ်တန်းအဆင့်
စွမ်းအင်ကျောက်တုံး နည်းပါးခြင်းမရှိပေ။

ထို့နောက်တွင် သူ့လက်ကို
ထပ်မံ၍ဝှေ့ယမ်းလိုက်ရာ
ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး ၂၀၀ က
မျက်နှာဖုံးအုပ်အမျိုးသမီးရှေ့တွင်ကျလာပြီး
“သူတို့ကို ဖောက်ခွဲပစ်လိုက်။
ဒီရေသူမတွေအားလုံးကိုညှာတာမနေနဲ့။
ယုတ်ညံ့တဲ့ ပင်လယ်သတ္တဝါတွေ! သူတို့က
ပင်လယ်သမုဒ္ဒရာထဲက သတ္တဝါတွေ ဖြစ်မဲ့အစား
လောဘကျန်း ရဲ့ ခွေးတွေပဲ ဖြစ်ရမယ် ။
ခွေးတွေတောင် ဖြစ်လို့မရအောင် ငါလုပ်မယ်!”

လူတိုင်း ယန်ယဲ့က ထိပ်တန်းအဆင့်
စွမ်းအင်ကျောက်တုံး ၂၀၀ ထုတ်ပေးလိုက်ကြောင်း
မြင်သောအခါ ပါးစပ်ထောင့်များ
တုန်လှုပ်သွားသည်။
"သူက ဘယ်လောက်တောင်ကြွယ်ဝနေတာလဲ ?

မျက်နှာဖုံးအုပ်အမျိုးသမီး ၏မျက်ခွံများပင်
တွန့်ကွေးသွားပါတော့သည်။
သူမ ကဲ့သို့ တိမ်ပင်လယ်ကုန်သည်အုပ်စု
၏ပိုင်ရှင်တစ်ဦးပင်လျှင်

ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးများကို ယန်ယဲ့ ကဲ့သို့အသာလေးထုတ်ပေးနိုင်စွမ်းမရှိပေ။

မည်သို့ပင်ဖြစ်စေ လက်ရှိရင်ဆိုင်နေရသည့် အန္တရာယ်က ပြေလည်သွားပြီဟုဆိုနိုင်လေသည်။

ရေသူမလေး ဟုန်ယု
ကိုလက်လွှဲပေးစရာမလိုတော့သည်ဖြစ်ရာ သူမ၏မောင်လေးဖြစ်သူအားနာကျင်စေနိုင်မည်မဟုတ်ပေ။

ထို့အပြင် ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး အလုံအလောက်ရှိနေသဖြင့် သဘော

၏တိုက်ခိုက်ရေးအစီအရင်က

အဆက်မပြတ်အသက်ဝင်လာတော့သည်။

တစ်ချိန်တည်းတွင် မရေမတွက်နိုင်သော

အလင်းတန်းများစွာက ပတ်ဝန်းကျင်ဆီသို့

အဆက်မပြတ် ရိုက်ခတ်လာကာ ရေသူမမျိုးနွယ်

၏အဖွဲ့ဝင် အမြောက်အမြား ချက်ချင်း

ပေါက်ကွဲပြီး သေဆုံးသွားခဲ့သည်။

ရေသူမမျိုးနွယ် ၏အဖွဲ့ဝင်များလည်း

သင်္ဘောအနီးအနားသို့မချဉ်းကပ်ရဲတော့ဘဲအတော်

ဝေးဝေးထိကို ဆုတ်ခွာသွားကြတော့သည်။

ယွမ်ရန်နှင့် အခြားသူများက ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ ဝမ်းသာသွားကြသည်။

တိမ်ပင်လယ်ကုန်သည်အုပ်စုတွင်ရှိနေသောထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးများက လက်ကျန်ဖြစ်ကြောင်း ခံစားရသောကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့် ဤတိုက်ခိုက်မှုလှိုင်းများ ပြီးဆုံးသည်နှင့် တိမ်ပင်လယ်ကုန်သည်အုပ်စုက ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးများ ကုန်ဆုံးသွားပါလိမ့်မည်။

သို့ရာတွင် ကုန်သည်အဖွဲ့က ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး (၁,၀၀၀) ကျော်ကို ၎င်းတို့နှင့်အတူ ယူဆောင်လာခဲ့သဖြင့်မယုံနိုင်အောင်သွားကြ၏။

"ယန်ယွဲ့၊ နင်က တကယ်ချမ်းသာတာပဲ!" အန်ရှောင်းနန်က ယန်ယွဲ့အနားတွင် ရုတ်တရက် ပေါ်လာသည်။

သို့သော် သူမက သိပ်အနီးကပ်မနေခဲ့ပေ။

သိသာစွာပင် သူမက ယန်ယွဲ့(နတ်ဆိုး)ကို ကြောက်လန့်နေပုံရ၏။

"ဘာလဲ....။ မင်းငါ့ကိုလုယက်ဖို့စဉ်းစားနေတာလား"
ယန်ယွဲ့က ပြုံးကာ ပြောသည်။

အန်ရှောင်းနန် က လက်ကို အမြန်ဝှေ့ယမ်းပြီး
"အခုမဟုတ်သေးဘူး၊ ငါပြန်လာမှာပဲ..."
စကားပြောပြီးသည်နှင့်
အတော်ဝေးဝေးသို့ဆုတ်ခွာသွား၏။

သူမက
ယန်ယွဲ့တိုက်ခိုက်လာမည်ကိုကြောက်လန့်နေပုံရပြီး
ခြေလှမ်းအနည်းငယ် နောက်ပြန်ဆုတ်သွားကာ
စကားမပြောရဲတော့ပေ။

ယန်ယဲ့သည်လည်း သူမကဲ့သို့
မျက်လုံးပြူးသွားသည်။
"တကယ်ဆို သူမက ငါ့ကို လုယက်ဖို့
ကြံနေတာပဲ...။"

ထိုအချိန်တွင် ထိုအလင်းတန်းများ
ပျောက်ကွယ်သွားခဲ့သည်။ တစ်ချိန်တည်းမှာပင်
ယွမ်ရန်နှင့် အခြားလူများကလည်း
ထပ်မံ၍တိုက်ခိုက်လာခဲ့သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၅၀၀ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၅၀၀) - တန်ပြန်တိုက်ခိုက်မှု

ယွမ်ရန် ဦးဆောင်သောအဖွဲ့က သဘော်နှင့်မီတာ ၃၀၀ အကွာသို့
ရောက်လာချိန်တွင်အလင်းတန်းအနည်းငယ်က ကောင်းကင်သို့ တစ်ကြိမ် ထပ်မံပစ်လွှတ်တ်ခဲ့ပြီး ၎င်းတို့အုပ်စုဆီသို့ ကျရောက်လာသည်။

ဤအလင်းတန်းများကိုမြင်သောအခါ ယွမ်ရန်
၏အမူအရာပြောင်းလဲသွားပြီး
အားလုံးလည်းအကြီးအကျယ်
ထိတ်လန့်သွားကြသည်။

လူတိုင်းက တုန့်ဆိုင်းမနေရဲပေ၊
အာကာသဟင်းလင်းပြင်ကို ဆုတ်ဖြဲကာ
ကမန်းကတန်း ထွက်ပြေးလိုက်ကြသည်။

သို့သော်လည်း အချိန်မီ
ရှောင်ထွက်နိုင်ခြင်းမရှိသောကြောင့်

ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၆ ဦး ထပ်မံသေဆုံးသွားရသည်။

“ဘောပဲ! သူတို့မှာ အဆင့်လွန်စွမ်းအင်ကျောက်တုံးတွေ ဘယ်လိုရှိနိုင်မှာလဲ!"

"ယွမ်ရန်! မင်းပဲ သူတို့မှာ တစ်ခုမှမကျန် တော့ဘူးလို့ပြောတာမဟုတ်လား။

"ယွမ်ရန်! မင်း ငါတို့အားလုံးကိုသတ်ဖို့ကြိုးစားနေတာလား။

ဒါမှမဟုတ် မင်းရဲ့ ကောင်းကင်နတ်ဆိုးဂိုဏ်းက ငါတို့ရဲ့အင်အားတွေကို ရည်ရွယ်ချက်ရှိရှိ ကုန်ဆုံးနေတာဖြစ်ကောင်းဖြစ်နိုင်တယ်။"

တိုက်ခိုက်မှုကနေ လွတ်မြောက်သွားသော အခြား ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၈ ဦးက ယွမ်ရန်ကို ဒေါသတကြီး စိုက်ကြည့်နေကြသည်။

ယွမ်ရန်က အဆင့် ၆ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ဖြစ်နေသဖြင့် သဘော်၏တိုက်ခိုက်ရေးအစီအရင်က ၎င်းကိုအသက်အန္တရာယ် မစိုးရိမ်ရပေ။

သို့ရာတွင် ၎င်းတို့ကတော့ မတူကွဲပြားလှသည်။
၎င်းတို့က အဆင့်နိမ့်
ချီးမြှောက်ခြင်းနယ်ပယ်များသာဖြစ်ရာ သဘော်
၏တိုက်ခိုက်ရေးအစီအရင်ကို ခုခံနိုင်စွမ်းမရှိခဲ့ပေ။

"သူတို့မှာ ထိပ်တန်း စွမ်းအင်ကျောက်တွေ
ရှိနေသေးတာကို ငါဘယ်လိုသိနိုင်မှာလဲကွ။"
ယွမ်ရန်ကလည်း ဒေါသတကြီးပြောလိုက်သည်။
"ရည်ရွယ်ချက်ရှိရှိလုပ်နေတာလား?ကြည့်ကောင်း
အောင်လား? ငါ့ရဲ့
ကောင်းကင်နတ်ဆိုးဂိုဏ်းကလည်း

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၃ ဦး ဆုံးရှုံးခဲ့တယ်!"

"ဟမ့်! ဘယ်လိုပဲဖြစ်ဖြစ် ထပ်ပြီးမတိုက်ခိုက်နိုင်တော့ဘူး။ မင်း... ယွမ်ရန်! တကယ်လို့ ယန်ယဲ့ကိုဖမ်းချင်နေသေးရင် မင်းကိုယ်တိုင် လုပ်နိုင်တယ်!"

အဘိုးအိုတစ်ဦးက အေးစက်စက်လေသံဖြင့် ပြောလေသည်။

ယွမ်ရန်က အဘိုးအိုကို စိုက်ကြည့်ရင်း အသံတိုးတိုးနဲ့ပြောလိုက်ပါသည်။ "လဲ့ယွန်၊

ယန်ယွဲ့ကို လိုက်သတ်ဖို့ ဘယ်သူက အမိန့်ပေးခဲ့တယ်ဆိုတာ မင်းသိမှာပါ။ ငါတို့က ယန်ယွဲ့ကိုလက်လွှတ်လိုက်ရင် မင်းနဲ့ မင်းဂိုဏ်းက ဒီတာဝန်ကို ထမ်းနိုင်ပါ့မလား"

"ဒါဆို မင်းရဲ့ ကောင်းကင်နတ်ဆိုးဂိုဏ်းက ဘာလို့ မလုပ်တာလဲ။" အဘိုးအိုလဲ့ယွန်က အေးစက်စက်ရယ်မောကာ "မင်းတို့ ကောင်းကင်နတ်ဆိုးဂိုဏ်းက အခုလိုအရမ်းကြိုးစားလုပ်ဆောင်နေတဲ့ အကြောင်းအရင်းက ကောင်းကင်နတ်ဆိုးဂိုဏ်းကို မင်းမဲ့စရိုက်သမုဒ္ဒရာမှာ နံပါတ်တစ်ဂိုဏ်းဖြစ်အောင် လုပ်မယ်လို့

ကတိပေးထားတဲ့အတွက်ပဲလေ....မှန်တယ်မဟုတ်လား?

ကောင်းပြီ၊ ယွမ်ရန်! ဒီလူအိုကြီးက အခု ပွင့်ပွင့်လင်းလင်းပဲပြောတော့မယ်။ ငါ့အပြာရောင်ဝေလငါးဂိုဏ်းက ပါဝင်တော့မှာမဟုတ်ဘူး။ ငါတို့က ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၃ ဦးတောင် ဆုံးရှုံးခဲ့ရလို့ လူသားကောရာဇ် က အပြစ်ပေးလာရင်တောင်ရှင်းပြနိုင်တယ်။”

အဘိုးအိုယွမ်ရန်လည်း ဟင်းပြင်ဂိုဏ်းနှင့် ဒဏ္ဍာရီလာနတ်ဂိုဏ်း

၏အဖွဲ့ဝင်များကိုစိုက်ကြည့်ရင်း သူ့အမူအရာက အနည်းငယ် ဆိုးရွားသွားခဲ့သည်။ “မင်းတို့ဂိုဏ်းတွေ ထပ်ပြီး ပါဝင်ဖို့ မရည်ရွယ်ဘူးလား”

ဒဏ္ဍာရီလာနတ်ဂိုဏ်း ၏အကြီးအကဲတစ်ဦးက "လူအိုကြီး ယွမ်ရန်၊ ငါတို့က ငြင်းပယလတာမဟုတ်ဘူး၊ ဒါပေမဲ့ အဲဒီလူ ယန်ယဲ့ကို ငါတို့က လုံးလုံးလျားလျား မဖမ်းနိုင်ခဲ့ဘူး ဟုတ်တယ်မလား? ငါတို့က ဒီလိုနည်းနဲ့ ဘယ်လိုလုပ်မလဲ။ ယွမ်ရန် မင်းက အဲဒီသဘော်ပေါ်က အကာအကွယ်အစီအရင်နဲ့တိုက်ခိုက်ရေးအစီအရင်

တွေကို ဖျက်စီးနိုင်ရင် ငါ့ရဲ့ ဒဏ္ဍာရီလာနတ်ဂိုဏ်းက နောက်မှာ အသင့်ရှိနေမှာဘဲ”

"ငါလည်းသဘောတူတယ်!" ဟင်းလင်းပြင်ဂိုဏ်း ၏အကြီးအကဲတစ်ဦးက “ယွမ်ရန်၊ မင်းက သဘော်ရဲ့အစီအရင်တွေကို ဖြေရှင်းနိုင်ရင် ယန်ယဲ့ ကို ဖမ်းဖို့ မင်းနဲ့အတူ ဆက်ပြီးပူးပေါင်းနိုင်တယ်။ မတတ်နိုင်ရင်တော့... ငါတို့လည်း စိတ်မကောင်းပါဘူး။ တကယ်လို့ငါတို့သာ ဒီနေရာမှာသေသွားရင် ငါတို့ရဲ့ဂိုဏ်းတွေက မင်းမဲ့စရိုက်သမုဒ္ဒရာမှာ အားနည်းသွားလိမ့်မယ်။”

ယွမ်ရန် ၏အမူအရာက
အနည်းငယ်မှုန်ကုတ်သွားသည်။

ဂိုဏ်းသခင်က ယန်ယဲ့ အား ဗဟိုနယ်မြေကို
ရောက်ရန် ခွင့်မပြုနိုင်ဘဲ သတ်ပစ်ရန်
ညွှန်ကြားထားခဲ့သည်။

သူက အဆင့် ၆
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်ဖြစ်ပြီး
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် အယောက် ၂၀
ကျော်ကိုဦးဆောင်လာသဖြင့်
ယုံကြည်မှုအပြည့်ရှိခဲ့သည်။

ဤအင်အားစုက အဆင့် ၂
ဝိညာဉ်နယ်ပယ်အလွှာအဆင့်
ပုရွက်ဆိတ်တစ်ကောင်ကို သတ်ရန်
အလွန်လွယ်ကူသည် မဟုတ်သလော။

သို့သော်လည်း၊ အခြေအနေအမှန်မှာ ဤ
'ပုရွက်ဆိတ် သည် ဂိုဏ်းတစ်ခုထက်ပင်
ကိုင်တွယ်ရ ပိုခက်နေ၏။

"ဒါပေမဲ့ ငါသာ ယန်ယဲ့ ကို မသတ်နိုင်ဘူးဆိုရင်
လူသားဧကရာဇ်က ငါ့ကောင်းကင်နတ်ဆိုးဂိုဏ်းကို
အရမ်း စိတ်ပျက်သွားလိမ့်မယ် မဟုတ်လား?"

ထိုသို့တွေးလိုက်သောအခါ ယွမ်ရန်က မဆိုင်းမတွ ရပ်သွားကာ သူ့ပုံရိပ်က သဘော်အထက် ကောင်းကင်ပေါ်သို့ ပျံတက်သွားသည်။

ယွမ်ရန်က ကုန်သည်အဖွဲ့မှ အဖွဲ့ဝင်များကို စိုက်ကြည့်ကာ "မိန်းမပျို ရဲ၊ ယန်ယဲ့က လူသားဧကရာဇ် သတ်ချင်နေတဲ့လူတစ်ယောက်ပဲ။ မင်းသူ့ကိုဒီလိုဆက်ပြီးကူညီနေမယ်ဆိုရင် လူသားဧကရာဇ် ကိုစော်ကားမိမှာ မကြောက်ဘူးလား။ မိန်းမပျို ရဲ! မင်းရဲ့အဖေက လက်ရှိလုပ်ရပ်တွေကို ထောက်ခံမှာမဟုတ်ဘူးလို့ထင်တယ်....ဟုတ်သလား?"

မျက်နှာဖုံးအုပ်အမျိုးသမီးက "မြင့်မြတ်သော
ဟန်အင်ပါယာနဲ့ ရန်သူတွေဖြစ်လာဖို့
ရည်ရွယ်ချက်မရှိဘူး၊ ဒါပေမဲ့
ငါ့မောင်လေးရဲ့အသက်က ယန်ယွဲ့
ရဲ့လက်ထဲမှာပဲရှိတယ်ဆိုတာ စီနီယာက
သတိပြုမိမယ်လို့ ယုံကြည်ပါတယ်။
သူပြောတဲ့အတိုင်းလုပ်ဖို့ကလွဲလို့ ငါ့မှာ
ရွေးချယ်စရာမရှိတော့ဘူး။”

ယွမ်ရန်က မျက်နှာပျက်သွားသည်။ "ဒါဆို
ကရုဏာမရှိလို့ ငါ့ကို အပြစ်မတင်နဲ့!"

စကားပြောပြီးသည်နှင့် ရုတ်တရက်
သူညာလက်ဝါးကို သဘော်ဆီသို့
ရိုက်ချလိုက်သည်။

မီတာ ၃၀၀ လောက်ကြီးမားသည့်
လက်ဝါးကြီးတစ်ဖက်က အောက်ဖက်
ပင်လယ်ပြင်ကို တိုက်ရိုက် ဖိချကာ ကုန်သဘော်ကို
နစ်မြုပ်လုနီးပါး ဖြစ်သွား၏။

ဘုန်း!

လက်ဝါးကြီးက ကုန်သဘော်ကို ဖုံးအုပ်ထားသည့်
အလင်းအတားအဆီးကို ပေါက်ကွဲသွားစေသည်။
မရေမတွက်နိုင်သော ပင်လယ်လှိုင်းလုံးများ
အထက်သို့ မြင့်တက်လာစဉ် သဘော်တစ်ခုလုံး
လျင်မြန်စွာ နစ်မြုပ်လာခဲ့သည်။

သဘော်ပေါ် ရှိ လူတိုင်း ၏အမူအရာများလည်း
သိသိသာသာ ပြောင်းလဲသွားသည်။

ယန်ယဲ့က မျက်နှာဖုံးအုပ်အမျိုးသမီးကို
စိုက်ကြည့်နေရင်း လက်ကိုဝှေ့ယမ်းကာ

ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး ၁၀၀ ကိုထပ်မံထုတ်ပေးလိုက်သည်။

တစ်ချိန်တည်းမှာပဲ ဒါဇင်အနည်းငယ်သော အလင်းတန်းများက လေထုကိုဖြတ်သန်းကာ ယွမ်ရန်ဆီသို့ ကျရောက်လာသည်။

"လေဟာနယ် ထိန်းချုပ်ခြင်း!"

အလင်းတန်းများက ရုတ်တရက် အေးခဲသွားသည်။

ယန်ယွဲ့ ၏မျက်နှာသည် အနည်းငယ်မှိန်ကထသွားကာ ညာဖက်လက်ကို

နောက်တစ်ကြိမ် ဝှေ့ယမ်းလိုက်ရင်း
ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး ၁၀၀ ကို
ထပ်မံထုတ်ယူလိုက်ပြန်သည်။
သူက မျက်နှာဖုံးအုပ်အမျိုးသမီးကိုစိုက်ကြည့်ရင်း
"တိုက်ခိုက်ရေးအစီအရင်ကိုအသက်သွင်း! သူ့ကို
အသေသတ်ပစ်လိုက်!"

မျက်နှာဖုံးအုပ်အမျိုးသမီးက
ယန်ယဲ့ကိုတစ်ချက်ကြည့်ရင်း
တိုက်ခိုက်ရေးအစီအရင်ကိုမြန်မြန်ဆန်ဆန်အသက်
သွင်းလိုက်ပါသည်။

နောက်တစ်ကြိမ် အလင်းတန်း တစ်ဒါဇင်ကျော်
ထိုးတက်လာသည်ကိုမြင်သောအခါ ယွမ်ရန်
၏အမူအရာက သိသိသာသာ
ပြောင်းလဲသွားခဲ့ပါပြီ။

သူသည် အလင်းတန်းများကို ထိပ်တိုက်မတိုက်ဝံ့ဘဲ
ဖျတ်ခနဲလင်းလက်သွားကာ သင်္ဘော တစ်ဖက်သို့
ရှောင်ထွက်သွား၏။

တစ်ဆက်တည်း "မင်းတို့မှာ
ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးတွေ
ဘယ်လောက်ရှိတယ်ဆိုတာ
အတိအကျကြည့်ပါရစေ။"

စကားပြောနေရင်းနှင့် သူ့လက်ဝါးကို
နောက်တစ်ကြိမ် ထပ်ရိုက်ချလိုက်သည်။

ယန်ယဲ့သည်လည်း ထိုအဘိုးအိုယွမ်ရန်
၏အင်အားက
အလွန်ကြောက်မက်ဖွယ်ကောင်းကြောင်း
ဝန်ခံရန်မှတစ်ပါး ရွေးချယ်စရာမရှိပေ။

အဘယ်ကြောင့်ဆိုသော်
အဘိုးအိုယွမ်ရန်ကသဘော်တစ်ခုလုံးရှိ
တိုက်ခိုက်ရေးအစီအရင်ကို
တစ်ကိုယ်တည်းခုခံနိုင်သောကြောင့်ပင်။

ထို့အပြင် ၎င်းက
ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးများ
ကုန်ဆုံးရန် တမင်လုပ်ဆောင်နေကြောင်း
သတိပြုမိသည်။

သူ့တွင် ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး
အများအပြားရှိသော်လည်း ၎င်းနှင့်
ဂိမ်းတစ်ခုကိုမကစားလိုပေ။

ယန်ယဲ့က အလင်းအသံလှိုင်းဓား ကိုထုတ်ယူရင်း

သူ့ခန္ဓာကိုယ်မှ

ဆန်းကြယ်ချီစွမ်းအင်ကိုထုတ်ဖော်လိုက်ပါသည်။

တိမ်ပင်လယ်ကုန်သည်အဖွဲ့မှ အဖွဲ့ဝင်များက

ယန်ယဲ့ ၏အပြုအမူကို သတိပြုမိသွားကာ

ပါးစပ်ထောင့်များ

တဆတ်ဆတ်လှုပ်ယမ်းသွားကြသည်။

"သူက ယွမ်ရန် ကိုသတ်ဖို့ စိတ်ကူးနေသလား။

ယွမ်ရန်က အဆင့် ၆

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် လေ။!

သို့သော် ယန်ယဲ့သည်လည်း အလင်းအသံလှိုင်းဓား
ကို ထုတ်သုံးရန် အတော်လေး
ထိတ်လန့်နေမိသည်။

၎င်းက တစ်ကြိမ်အသုံးပြုရုံမျှဖြင့်
ဆန်းကြယ်ချီစွမ်းအင်ကိုအများအပြားကုန်ဆုံးစေပါ
သည်။

ယန်ယဲ့က အလင်းအသံလှိုင်းဓား ကိုဖြည်းညှင်းစွာ
မြှောက်နေသည်ကိုမြင်သောအခါ ယွမ်ရန်
၏အမူအရာက အနည်းငယ် ပြောင်းလဲသွားသည်။

သူက မဆိုင်းမတွဘဲ ခုန်ထွက်လိုက်ကာ
တဖျပ်ဖျပ်လင်းလက်လာပြီး  ချက်ချင်းပင်
ပျောက်ကွယ်သွားသည် ။

သဘော်ပေါ် ရှိ လူတိုင်း အံ့သြသွားကြသည်။"သူက
အဲ့လောက်ထိကြောက်သွားပြီလား?
ဂုဏ်သိက္ခာရှိတဲ့ အဆင့် ၆
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်က
ဒီလိုအသည်းအသန် ကြောက်လန့်နေတာလား?"

ယန်ယဲ့ပင်လျှင် အနည်းငယ် အံ့သြသွားလေသည်။

"သူက ဒီအတိုင်း ထွက်ပြေးသွားတာလား ? ဒါပေမဲ့ အဲဒါလည်း ကောင်းပါတယ်။ ငါ့ရဲ့ ဆန်းကြယ်ချီစွမ်းအင်ကို ကုန်ဆုံးစရာမလိုတော့ဘူးပေါ့။"

မှန်သည်၊ သူသည် အလင်းအသံလှိုင်းဓားကိုတစ်ကြိမ်အသုံးပြုလိုက်တိုင်း ဆန်းကြယ်ချီစွမ်းအင် ကို လုံးလုံးလျားလျား ကုန်ဆုံးစေသည်။

အဘိုးအို လဲ့ယွန် နှင့် အခြားသူများသည်လည်း
ယွမ်ရန် ဆုတ်ခွာသွားသည်ကိုမြင်သောအခါ
ခေါင်းယမ်းပြီး ထွက်သွားရန် ပြင်လိုက်ကြသည်။

ကောင်းကင်နတ်ဆိုးဂိုဏ်းမှ အဖွဲ့ဝင်နှစ်ဦးအပြင်
အခြားလူများကလည်း အာကာသဟင်းလင်းပြင်ကို
ဆုတ်ဖြဲကာ ချက်ချင်းထွက်ခွာသွားခဲ့ကြသည်။

သဘော်ာ ၏အကာအကွယ်ကိုပင်
မဖျက်ဆီးနိုင်သောကြောင့် ဤနေရာတွင်
ဆက်နေရန်မှာ အဓိပ္ပါယ်မရှိပေ၊

ထို့ကြောင့် အဘိုးအိုယွမ်ရန် ရှုံးနိမ့်သည်နှင့်
ထွက်ခွာရန် တုံ့ဆိုင်းမနေခဲ့ကြပေ။

အဘိုးအိုယွမ်ရန် ၏အမူအရာက ၎င်းတို့
ထွက်သွားသည်ကို မြင်သောအခါ အနည်းငယ်
ဒေါသထွက်သွားလေတော့သည်။

ရန်သူ ၏တိုက်ခိုက်နိုင်စွမ်းက
အကန့်အသတ်ရောက်နေသည်ဟုခံစားမိသော
ကြောင့် ၎င်းတို့ကို လက်ငှားခိုင်းရန်
ရည်ရွယ်ထားခြင်းဖြစ်သည်။

သို့ရာတွင် ၎င်းတို့က စကားတစ်ခွန်းပင် မပြောဘဲ ထွက်ပြေးသွားလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

“ဘယ်လောက်တောင်အသုံးမကျတဲ့ အမှိုက်တွေလဲ!” အဘိုးအိုယွမ်ရန်က ဒေါသတကြီးအော်ငေါက်လိုက်သည်။

ဆက်ရန်

အဆိုးမဲ့ဓားကမ္ဘာ ၅၀၁(ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၀၁ - သတ်ဖြတ်ခြင်း

"အကြီးအကဲယွမ်၊ ငါတို့ အခု တိုက်ခိုက်မှာလား"

အဘိုးအိုယွမ်ရန်၏ ဘေးနားတွင်ရပ်နေသော မီဒူဆာက မေးလိုက်သည်။

အမှန်စင်စစ် ယန်ယွဲ့ကို သတ်နိုင်ခြင်းမရှိတော့သဖြင့် သူမလည်း ထွက်သွားချင်နေပြီဖြစ်သည်။

ထို့အပြင် အနည်းငယ်သောအမှားသည် သူမအား ဤနေရာတွင် ချက်ချင်း သေသွားစေနိုင်သည်မဟုတ်ပါလော။

သို့သော် သူမက ကောင်းကင်နတ်ဆိုးဂိုဏ်း၏
အဖွဲ့ဝင်ဖြစ်၍နေသည့်အတွက်
အဘိုးအိုယွမ်ရန်၏အမိန့်မရဘဲ ထွက်မသွားရဲပေ။

အဘိုးအိုယွမ်ရန်က ခဏတာငြိမ်သက်နေပြီးမှ
ခေါင်းယမ်းလိုက်ပြီး "သူက အခုကနေ
နေ့တစ်ဝက်လောက်ဆို ဗဟိုနယ်မြေကို
ရောက်တော့မယ်။ အဲတော့ သူက
လူအုပ်ကြားထဲမှာ ရောပါသွားရင် ငါတို့က ရှာ
တွေ့နိုင်မှာမဟုတ်တော့ဘူး။

သူ့ကိုသတ်ဖို့ အကောင်းဆုံးအခွင့်အရေးကို ငါတို့ ဆုံးရှုံးသွားပြီ။ အခု ဂိုဏ်းကို ပြန်သွားပြီး လုပ်ကြံသတ်ဖြတ်မှု မအောင်မြင်ဘူးဆိုတာ ဂိုဏ်းသခင်ကိုအကြောင်းကြားပါ။”

"အကြီးအကဲ ယွမ်! အကြီးအကဲက ပြန်မလာသေးဘူးလား" မီဒူဆာက အဘိုးအိုယွမ်ရန် ၏စကားကြောင့် ပြန်မေးလိုက်သည်။

အဘိုးအိုယွမ်ရန် ၏မျက်လုံးထဲတွင် အေးစက်စက်အလင်းရောင်တစ်ချက်

ဖြတ်ပြေးသွားပြီး "ငါ ဒီမှာလုပ်စရာတွေ
ရှိသေးတယ်။ မင်းအရင်ဆုံးပြန်သွားနှင့်လိုက်။"

မီဒူဆာက ခေါင်းညိတ်ပြပြီးနောက်
အာကာသယာဉ်လင်းပြင်ကို ဆုတ်ဖြဲကာ
နေရာတွင်ပင် ပျောက်ကွယ်သွား၏။

အဘိုးအိုယွမ်ရန်က သမုဒ္ဒရာမျက်နှာပြင်ရှိ
ကုန်သင်္ဘောကို စိုက်ကြည့်ရင်း မျက်လုံးထဲတွင်
သတ်ဖြတ်ချင်စိတ်များ လင်းလက်သွားသည်။

ယန်ယဲ့ကို သတ်နိုင်လျှင်

မြင့်မြတ်သောဟန်အင်ပါယာ

၏ဂုဏ်ထူးဆောင်အကြီးအကဲအဖြစ်

ချီးမြှင့်မည်ဟု လူသားဧကရာဇ်က

ကတိပေးထားသောကြောင့် ယန်ယဲ့ကို သတ်ရန်

ဆုံးဖြတ်ခဲ့ခြင်းပါ။

ထိုအကျိုးအမြတ်က

အလွန်ကြီးမားလှသည်မဟုတ်သလော။

အခြားအရာများကို အသာထား၊

ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး ၁၀၀

ဟူသောပမာဏကပင် သူ့ကို အလွန်

ဆွဲဆောင်နေပြီဖြစ်သည်။

ထို့အပြင် ယန်ယဲ့ပိုင်ဆိုင်သော
တာအိုရတနာလက်နက်ကိုလည်း
လိုချင်နေပါသည်။

အကယ်၍ သူသာ ၎င်းကို ပိုင်ဆိုင်နိုင်ပါက
ချီးမြှောက်ခြင်းနယ်ပယ်တွင်
ပြိုင်ဖက်ကင်းသလောက်ရှိသွားပြီဖြစ်သည်။

အဘိုးအိုယွမ်ရန်တစ်ယောက်သာ
ကျန်ရှိတော့သည်ကို မြင်သောအခါ ယန်ယဲ့
၏ပါးစပ်ထောင့်တွင် အပြုံးတစ်ခု ပေါ်လာသည်။

အဘိုးအို ယွမ်ရန် ထွက်သွားမှသာ ကိစ္စများက ပြောင်းလဲသွားပါလိမ့်မည်။

သို့သော် အဘိုးအိုယွမ်ရန်က အမှန်တကယ်ပင် နောက်ချန်နေခဲ့၏။ "သူက တကယ်ကို သေလမ်းရှာတာဘဲ!

ယန်ယဲ့သည် ရဲလန်ချန်ကို လွှတ်ပေးလိုက်ပြီး အင်မော်တယ်နဆ်ဘုရားချုပ်နှောင်ကြိုးကို ဖယ်လိုက်ကာ “ရှေ့ဆက်သွားပါ။ ငါခဏထွက်သွားလိုက်မယ်!”

စကားပြောပြီးသည်နှင့်
နဝမမြောက်ငရဲအေးအတောင်ပံများက
သူ့နောက်ကျောတွင် ပေါ်လာပြီးနေရာမှာပင်
ပျောက်ကွယ်သွား၏။

ရေသူမကလန် ၏အဖွဲ့ဝင်များ
ထွက်ခွာမသွားသေးသည့်အတွက်
မျက်နှာဖုံးအုပ်အမျိုးသမီးက
သူ့ကိုစောင့်ဆိုင်းနေသည်မှာ သေချာပေသည်။

မည်သို့ပင်ဖြစ်စေ ၎င်းတို့က ရေသူမမျိုးနွယ်ကို
ခုခံရန် သူ့အား သေချာပေါက်
အကူအညီယူရမည်ဖြစ်သည်။

သူ့ရှေ့တွင် ယန်ယဲ့ ပေါ်လာသည်ကို မြင်သောအခါ အဘိုးအိုယွမ်ရန်က အနည်းငယ် ထိတ်လန့်သွားခဲ့သည်။ "ဒီကောင်က သူ့အသက်စွန့်ဖို့ လာခဲ့တာလား?"

သို့သော် သူ့ပတ်ဝန်းကျင်တွင် အနက်ရောင်ဝတ်လူ ၃ ဦး ပေါ်လာသောကြောင့် အဘိုးအိုယွမ်ရန် ၏အမူအရာက ချက်ချင်းပင် ပြောင်းလဲသွားသည်။

ရှစ်!

ထိုအချိန်တွင် လေတိုးသံသဲ့သဲ့ ထွက်ပေါ်လာပြီး
အင်မော်တယ်နတ်ဘုရားချုပ်နှောင်ကြိုးက
အာကာသဟင်းလင်းပြင်ကို ဖြတ်ကာ
အဘိုးအိုယွမ်ရန် ၏ရှေ့တွင်
ချက်ချင်းရောက်လာသဖြင့်
ထိတ်လန့်သွားပါတော့သည်။

သူ့စိတ်ထဲ ရုတ်တရက် ပေါ်လာသော
တာအိုရတနာလက်နက်ကို ချည်နှောင်သွားရန်
ခွင့်မပြုရဲပေ။
တစ်ချိန်တည်းတွင် သူ့ပတ်ဝန်းကျင်ရှိ
အာကာသဟင်းလင်းပြင် အေးခဲသွားသဖြင့်

အဘိုးအိုယွမ်ရန် ၏အမူအရာက ထပ်မံ၍ ပြောင်းလဲသွားပြန်သည်။

 ၎င်းက အာကာသချုပ်နှောင်ခြင်းဖြစ်ပြီး၊ တစ်ခုထက်ပင် များပြားနေ၏။

 သို့သော်

"ဟမ့်! ဒီလောက်အဆင့်ပဲရှိတဲ့ အာကာသချုပ်နှောင်ခြင်းနဲ့ ငါ့ကို ချုပ်နှောင်ဖို့ သူ စဉ်းစားနေတာလား?"

သူ့စိတ်ထဲတွင် အထင်အမြင်သေးမှုများ ဖြစ်ပေါ်လာသည်။

ရုတ်တရက် သူ့လက်ကို ရှေ့တွန်းထုတ်လိုက်ကာ
အနက်ဝတ်လူ ၃ ဦးဖန်တီးထားသော
အာကာသချုပ်နှောင်ခြင်းကို ဖျက်ဆီးလိုက်သည်။

တစ်ဆက်တည်း သူ့တိုက်ခိုက်မှုက
အင်မော်တယ်နတ်ဘုရားချုပ်နှောင်ကြိုးကိုပါ
လွင့်စင်သွားစေသည်။

ထိုအချိန်တွင် အဘိုးအိုယွမ်ရန် ၏မျက်လုံးများက
ကျဉ်းမြောင်းနေကာ မကြုံစဖူး
လေးနက်သောအမူအရာများ ပေါ်လာလေသည်။

အဘယ်ကြောင့်ဆိုသော် သူ့ပတ်ဝန်းကျင်တွင်
အပြာရောင်အလင်းတန်း ၄ ခုနှင့် အပြာရောင်
ဓား(၄)ချောင်း ရုတ်တရက်ပေါ်လာသည်ကို
သတိပြုမိလိုက်ခြင်းကြောင့်ပါ။

အပြာရောင် ဓား ၄ ချောင်းက
အလင်းတန်းများသဖွယ် ချိတ်ဆက်နေကာ
အလယ်ဗဟိုတွင် ဝိုင်းရံထားကြတယ်။

အဘိုးအိုယွမ်ရန်
၏ထက်မြက်သောအမြင်အာရုံအရ ထို ဓား ၄
ချောင်းစလုံးက
တာအိုရတနာလက်နက်များဖြစ်ကြောင်း
ချက်ချင်းပင် သတိထားမိခဲ့သည်။

ထိုအခြေအနေက အဘိုးအိုယွမ်ရန်ကို ပြင်းထန်စွာတုန်လှုပ်သွားစေသည်။

"ချီး...! သူ့မှာ ဘယ်လိုဖြစ်ပြီး ဒီလောက်များတဲ့ တာအိုရတနာလက်နက်တွေ ရှိနိုင်တာလဲ ?" အဘိုးအိုယွမ်ရန်က စိတ်ထဲတွင် ဒေါသတကြီး ကျိန်ဆဲလိုက်ပါသည်။ သို့ရာတွင် သူက ပေါ့ပေါ့ဆဆ ပြုမူခြင်းမရှိပေ။

သူ့ခန္ဓာကိုယ်ထဲမှ ဆန်းကြယ်ချီစွမ်းအင်များကို ထုတ်ဖော်ရင်း တိုက်ခိုက်ရန် ပြင်လိုက်ပါသည်။

ထိုအချိန်တွင် ပတ်ဝန်းကျင်ရှိ လွင့်မျောနေသော အပြာရောင် ဓား ၄ ချောင်းက ရုတ်တရက် လျင်မြန်စွာ လှည့်ပတ်လာပြီးနောက် မရေမတွက်နိုင်သော အလင်းတန်းများအသွင်အဖြင့်တောက်ပလာကာအဘိုးအိုယွမ်ရန်ကို ဖုံးအုပ်သွားလေတော့သည်။

ဘာ....! ရုတ်တရက် တိုက်ခိုက်မှုကြောင့် အဘိုးအိုယွမ်ရန် ၏အမူအရာက သိသိသာသာ ပြောင်းလဲသွားခဲ့သည်။

“ပျက်စီးစမ်း!”

ထိုအချိန်တွင် ယန်ယဲ့ ၏ဒေါသတကြီးအသံက ဓားစက်ဝန်းအပြင်ကနေ ပဲ့တင်ထပ်ကာ သူ့မျက်နှာကလည်း အနည်းငယ် ဖြူဖျော့သွားပါသည်။

သို့သော် ယန်ယဲ့ ၏မျက်လုံးများက ရက်စက်ကြမ်းကြုတ်သောအမူအရာများဖြင့် ပြည့်နှက်နေကာ ရုတ်တရက် သူ့ခန္ဓာကိုယ်ပေါ်တွင် ရွှေရောင်အလင်းအလွှာပါးပါးလေးပေါ်လာသည်။

ယန်ယဲ့ ၏အော်သံနှင့်အတူ အဘိုးအိုယွမ်ရန် ၏ပတ်ပတ်လည်မှ အလင်းတန်းများ ရုတ်တရက် ရပ်တန့်သွားသည်။

နောက်အခိုက်အတန့်တွင်
ရောမပေါက်ကွဲသံကြီးတစ်ခု ထွက်ပေါ်လာပြီး
အဘိုးအို ယွမ်ရန်ရပ်နေသည့်နေရာကို
ချက်ချင်းဖျက်ဆီးပစ်လိုက်သည်။

တစ်ချိန်တည်းတွင် ထိုနေရာမှ
ကြောက်မက်ဖွယ်ကောင်းသော
အနက်ရောင်စွမ်းအင်များ
တဟုန်ထိုးထွက်ပေါ်လာကာ မရေမတွက်နိုင်သော
အနက်ရောင်အက်ကြောင်းများ ပေါ်လာသည်။

သို့သော် ယန်ယဲ့ ၏အမူအရာက တည်ငြိမ်နေခြင်းမရှိဘဲ အတော်လေးကို လေးနက်လာပါသည်။

"သေစမ်း ယန်ယဲ့!" ထိုအချိန်တွင် အဘိုးအိုယွမ်ရန်သည် တာအိုရတနာလက်နက် ၄ ခုမှ ဖန်တီးထားသော အလင်းတန်းများကြားကနေ ဖောက်ထွက်လာပြီး သူ့လက်ဝါးတစ်ဖက်ကို ဆန့်ထုတ်ကာ ယန်ယဲ့ ၏ရင်ဘတ်သို့ အားကုန်ရိုက်ချလိုက်သည်။

ဒီအချိန်တွင် အဘိုးယွမ်ရန်သည် အနည်းငယ်
ရှက်ရွံ့သော အခြေအနေတွင် ရှိနေ၏။

သူ့ခန္ဓာကိုယ်ပေါ် ရှိ ဝတ်ရုံရှည်က စုတ်ပြဲနေကာ
ခန္ဓာကိုယ်တစ်ခုလုံး ဒဏ်ရာအများအပြားဖြင့်
ဖုံးလွှမ်းထားသည်။

သို့သော်လည်း သူ့အမြင်တွင် ယန်ယဲ့က
သူ၏တိုက်ခိုက်မှုအား
ရှောင်တိမ်းရန်မဖြစ်နိုင်ဟုယုံကြည်နေသောကြောင့်
မျက်နှာထက်တွင် အပြုံးတစ်ခု ရှိနေသည်။

တစ်နည်းအားဖြင့် ဤတိုက်ခိုက်မှုဖြင့် ယန်ယဲ့က
သေချာပေါက် သေဆုံးသွားပြီဖြစ်သည်။

ယန်ယဲ့ သေဆုံးသွားသည်နှင့် ထို
တာအိုရတနာလက်နက်များနှင့်
သဘာဝလွန်ရတနာက
သူ့အပိုင်ဖြစ်သွားပေလိမ့်မည်။

သူသာ ထိုအရာအားလုံးကို ပိုင်ဆိုင်ထားပါက
ချီးမြှောက်ခြင်းနယ်ပယ်တွင်
ရှုံးနိမ့်နိုင်ပါဦးမည်လော?
ထို့အချက်ကို စဉ်းစားပြီးနောက် အဘိုးအိုယွမ်ရန်
၏မျက်နှာပေါ် ရှိ အပြုံးက ပို၍ပီပြင်လာသည်။

သို့သော်လည်း ယန်ယဲ့ ၏ပါးစပ်ထောင့်တွင် သရော်ပြုံးတစ်ခု ရှိနေသည်ကိုမူ သတိမထားမိလိုက်ပေ။

အုန်း!

ဆက်ရန်။

အဆုံးမဲ့ဓားကမ္ဘာ ၅၀၂ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၀၂ - အံ့ဩတုန်လှုပ်သွားကြခြင်း

အဘိုးအိုယွမ်ရန် ၏လက်ဝါးက ယန်ယဲ့
၏ရင်ဘတ်ပေါ်သို့ တိုက်ရိုက် ကျရောက်သွားသည်။

သို့သော် ယန်ယဲ့သည် လုံးဝမလှုပ်ရှားဘဲ
အဘိုးအိုယွမ်ရန်ကို တစ်ချက်ပြုံးပြလိုက်သည်။

ထိုအပြုံးကို မြင်လိုက်သောအခါ အဘိုးအိုယွမ်ရန်
၏မျက်နှာပေါ် ရှိအပြုံးက ချက်ချင်းပင်
အေးခဲရပ်တန့်သွားသည်။

ဓားစက်ဝန်းက အဘိုးအိုယွမ်ရန်ကို
လုံးဝသတ်နိုင်မည် မဟုတ်ကြောင်း ယန်ယွဲ့
၏စိတ်ထဲကောင်းစွာသတိပြုမိထားသည်။
အများဆုံးမှ အဘိုးအိုယွမ်ရန်ကို အပြင်းအထန်
ဒဏ်ရာရစေနိုင်ပါလိမ့်မည်။

တကယ်တမ်းတွင် ဤအဘိုးအိုက သူသတ်ခဲ့သော
တင်းရှန် ထက်ပင်
ပို၍အားကောင်းနေခဲ့သည်။ထို့ကြောင့် ယန်ယွဲ့သည်
ဓားစက်ဝန်းကို အသုံးပြုနေရင်း
လူသားဧကရာဇ်ချပ်ဝတ်ကို
လျှပ်တစ်ပြက်အသက်သွင်းထားခဲ့၏။

တစ်ချိန်တည်းတွင် သူ့လက်မောင်းပေါ် ရှိ
အင်မော်တယ်နတ်ဘုရားချုပ်နှောင်ကြိုးက
မြွေတစ်ကောင်ကဲ့သို့ ပျံသန်းကာ အဘိုးအိုယွမ်ရန်
၏ခန္ဓာကိုယ်ပေါ် ရစ်ပတ်သွားလေသည်။

ဘာ! သူ့ခန္ဓာကိုယ်အတွင်းမှ
ဆန်းကြယ်ချီစွမ်းအင်များ
ရုတ်တရက်ငြိမ်ကျသွားသည်ကို
သတိပြုမိသောအခါ အဘိုးအိုယွမ်ရန်
၏မျက်လုံးများတွင် ထိတ်လန့်မှုများ ပေါ်လာသည်။

ထိုအချိန်တွင် ဟုန်အမျိုးသမီးက အဘိုးအိုယွမ်ရန်
၏နောက်တွင်ပေါ်လာပြီး
အေးစက်သောအလင်းတန်းတစ်ခု
သူ့နောက်ကျောကို ထိုးဖောက်သွားလေတော့သည်။

အဘိုးအိုယွမ်ရန် ၏မျက်လုံးထဲတွင် အရောင်များ
တဖြည်းဖြည်း မှိန်ကျသွားကာ၊
သေဆုံးသွားသည့်တိုင် သူ့မျက်လုံးများက
မယုံကြည်နိုင်ဟန်များ၊
လောဘအရိပ်အယောင်များ ကျန်ရှိနေဆဲပင်။

ယန်ယဲ့က အဘိုးအိုယွမ်ရန်
သေဆုံးသွားကြောင်းမြင်လိုက်မှသာ
သက်သာရာရသွားပြီး ချက်ချင်းပင်
သက်ပြင်းချလိုက်သည်။

အကြောင်းမှာ လူသားကေရာဇ်ချပ်ဝတ်ကို
အသုံးပြုခြင်းက သူ့ခန္ဓာကိုယ်ထဲရှိ
ဆန်းကြယ်ချီစွမ်းအင်ကို
လုံးလုံးလျားလျားကုန်ဆုံးသွားစေ၏။

ကံကောင်းထောက်မစွာ၊

သူ့စိတ်ထဲတွင် ထိုကဲ့သို့ဖြစ်လာမည်ကို
ခန့်မှန်းထားပြီး အဆင့်လွှန်စွမ်းအင်ကျောက်တုံးကို
ထုတ်ယူကာ ဓားစက်ဝန်းကို
စတင်ထုတ်ဖော်သည်နှင့် ချက်ချင်းပင်
စုပ်ယူခဲ့သည်။

ရုတ်တရက် သူ့စိတ်ထဲတွင် ထိုနေ့က
အဘိုးအိုတင်းရှန်ကို သတ်ပြီးနောက်
ကြုံတွေ့ခဲ့ရသည့် အန္တရာယ် အခြေအနေကို
ပြန်တွေးမိကာ မနေနိုင်ဘဲ သူ့ကိုယ်သူ
ကျိန်ဆဲလိုက်ပါတော့သည်။

အကယ်၍ သူသာ ထိုနေ့တွင် အရာအားလုံးကို ကောင်းစွာပြင်ဆင်ထားပါက ထိုကဲ့သို့ဆိုးရွားသော အခြေအနေသို့ ရောက်လိမ့်မည်မဟုတ်ပါ။

ခဏအကြာတွင် ခေါင်းယမ်းကာ အဘိုးအိုယွမ်ရန် ၏အလောင်းကို ဆွဲယူရင်း ဓားဝိညာဉ်ကို ဆင့်ခေါ်လိုက်ပါသည်။

အဘိုးအိုယွမ်ရန် ၏ခွန်အားက သိပ်မဆိုးလှပေ၊ ၎င်းကို ဓားအစေခံအဖြစ်သန့်စင်လိုက်ပါက အတော်လေးကောင်းမွန်ပါလိမ့်မည်။

"ချီးမြှောက်ခြင်းနယ်ပယ်ကို အမြန်တက်ပါ။ နင်
အဲဒီကိုရောက်တာနဲ့
ကျေရာဇ်အဆင့်စွမ်းအားရှင်တွေကလွဲလို့
ချီးမြှောက်ခြင်းနယ်ပယ်မှာ နင့်ကိုသတ်နိုင်မဲ့သူ
တစ်ယောက်မှ ရှိမှာမဟုတ်ဘူး။

ဒါ့အပြင် နင်က
ချီးမြှောက်ခြင်းနယ်ပယ်ကိုရောက်တာနဲ့
ဓားအစေခံတွေကို ပိုပြီးထိန်းချုပ်နိုင်လိမ့်မယ်။

တိုတိုပြောရရင် နင်သာ
ချီးမြှောက်ခြင်းနယ်ပယ်ကိုရောက်တာနဲ့
လူသားကျေရာဇ်က အဆင့်မြင့်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေစေလွှတ်ရင်

တောင် နင့်ကို သတ်နိုင်မှာမဟုတ်တော့ဘူး။”
ဓားအိမ်ဝိညာဉ်က ပြောလိုက်ပါသည်။

ယန်ယဲ့လည်း ဓားအိမ်ဝိညာဉ်
၏စကားကိုခေါင်းညိတ်သဘောတူလိုက်သည်။

လက်ရှိတွင် သူက
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကို
သတ်နိုင်သော်လည်း တာအိုရတနာလက်နက်များ
နှင့် ဓားအစေခံများကို အသုံးပြုနေသောကြောင့်ပါ။

ထိုသို့မဟုတ်လျှင် သူ့အနေဖြင့်
ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကို
သတ်နိုင်မည်မဟုတ်ပါ။

ထို့ကြောင့် သူသည်
ဓားအိမ်ဝိညာဉ်ပြောခဲ့သည့်အတိုင်း တတ်နိုင်သမျှ
ချိုးမြှောက်ခြင်းနယ်ပယ်သို့အမြန်ဆုံးတက်လှမ်းရမ
ည်ဖြစ်သည်။

ခဏအကြာတွင် အသက်ပြင်းပြင်းရှူပြီး
တင်ပျဉ်ခွေလျက်ထိုင်ချလိုက်ကာ
သူ့လက်ဝါးပေါ် ရှိ
အဆင့်လွန်စွမ်းအင်ကျောက်တုံးမှ
စွမ်းအင်များကိုစုပ်ယူလိုက်ပါတော့သည်။

အဆင့်လွန်စွမ်းအင်ကျောက်တုံးထဲမှ စွမ်းအင်က
အလွန်သန့်စင်ပြီး စွမ်းအင်ချည်မျှင်များကဲ့သို့
ယန်ယဲ့ ၏ခန္ဓာကိုယ်ထဲသို့ အဆက်မပြတ်
စီးဝင်လာသည်။

ထိုကဲ့သို့ပင် တစ်နာရီနီးပါး ကြာမြင့်ပြီးနောက်
ယန်ယဲ့ ၏ဆန်းကြယ်ချီစွမ်းအင်က
အပြည့်အဝပြန်လည်ကောင်းမွန်လာခဲ့ပါသည်။

တစ်ချိန်တည်းတွင် သူ၏ကျင့်ကြံမှုအဆင့်ကလည်း
တစ်ဆင့်မြင့်တက်သွားကာ အဆင့် ၃
ဝိညာဉ်နယ်ပယ်အလွှာအဆင့်သို့ ရောက်ရှိသွား၏။

ထို့အပြင် အဆင့် ၄
ဝိညာဉ်နယ်ပယ်အလွှာအဆင့်သို့
တက်လှမ်းတော့မည့် အရိပ်အယောင်များပင်
မှိန်ဖျော့ဖျော့ ထွက်ပေါ်လာသဖြင့်
အတင်းဖိနှိပ်ထားလိုက်လေသည်။

ယန်ယွဲ့သည် ချီးမြှောက်ခြင်းနယ်ပယ်သို့
အမြန်ဆုံးတက်လှမ်းချင်သော်ငြားလည်း

ခိုင်မာသောအခြေခံအုတ်မြစ်ကို
ထိန်းသိမ်းထားချင်သေးသည်။

ခွန်အားကို အလျင်အမြန်မြှင့်တင်ပါက
နောက်ဆုံးတွင် ဖြစ်နိုင်ခြေရှိသော ပြဿနာများစွာ
ရှိလာနိုင်ပေသည်။

တစ်ကြိမ်လျှင် ခြေတစ်လှမ်း လှမ်းပြီး ခိုင်မာသော
အခြေခံအုတ်မြစ်ကို ထူထောင်ခြင်းသည်သာ
သူ့အတွက် အရေးကြီးဆုံးဖြစ်သည်။

နောက်ထပ် ဓားအစေခံတစ်ဦးအပြင် တိုက်ပွဲမှ
နောက်ထပ်အရာတစ်ခုကိုပါ ရရှိလိုက်သည်။

၎င်းသည် အဘိုးအိုယွမ်ရန်၏သိုလှောင်လက်စွပါထဲမှ တွေ့လိုက်သော ကောင်းကင်အဆင့်နိမ့်နည်းစနစ်တစ်ခုဖြစ်သည့် "တိုက်တန်လက်ဝါး"ဖြစ်သည်။

"တိုက်တန်လက်ဝါး!" ယန်ယွဲ့သည် ဤနည်းစနစ်၏စွမ်းအားကြောင့် အတော်လေးကျေနပ်မိသည်။

အစောပိုင်းတွင် အဘိုးအိုယွမ်ရန်က ၎င်းကို အသုံးပြုပြီး သဘော်၏အကာအကွယ်ကိုပင်ချိုးဖျက်လုနီးပါးဖြစ်သည်။

၎င်းသည် ခါးနည်းစနစ် မဟုတ်သော်လည်း ယန်ယွဲ့ အတွက် အသုံးဝင်နေဆဲဖြစ်သည်။

တိုက်တန်လက်ဝါး နည်းစနစ်ကို သိမ်းပြီးနောက် ယန်ယွဲ့က မတ်တပ်ထရပ်ကာ နဝမငရဲအေးမီးတောက်အတောင်ပံများကို ထုတ်လွှင့်ပြီး တဟုန်ထိုးပျံသန်းကာ ပျောက်ကွယ်သွားလေတော့သည်။

ဆက်ရန်။

အဆုံးမဲ့ခါးကမ္ဘာ ၅၀၃(ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၀၃ - သတ်လိုက်တာလား?

တိမ်ပင်လည်ကုန်သည်အုပ်စုပိုင်

သဘော်ာပေါ်တွင်..။

ရဲလန်ချန်သည် သတိလစ်နေရာမှ

နိုးထလာပြီးနောက် မျက်နှာဖုံးအုပ်အမျိုးသမီးကို

ချက်ချင်းမေးလေသည်။ "အစ်မ၊ အဲဒီလူ ယန်ယွဲ့က

ယွမ်ရန်ကိုသွားသတ်တာလား?"

သူနိုးလာသောအခါတွင် ရေသူမလေးက

ဤနေရာတွင် ရှိနေသည်ကို မြင်လိုက်ရသဖြင့် အလွန်ဝမ်းသာသွား၏။

၎င်းက ယန်ယွဲ့ကြောင့်ဟု သိလိုက်ရသောအခါ ယန်ယွဲ့အပေါ် သူ့အမြင်က ချက်ချင်းပင် ပြောင်းလဲသွားပါတော့သည်။

"သူပဲဖြစ်သင့်တယ်!" မျက်နှာဖုံးအုပ်အမျိုးသမီးက အနည်းငယ် မသေချာဟန်ဖြင့် ပြန်ပြောလိုက်၏။ အမှန်အတိုင်းပြောရလျှင် ယန်ယွဲ့သည် ကြီးကျယ်ခမ်းနားသောပါရမီရှင် များနှင့်

ပတ်သက်ကာ သူမသူမ မျှော်လင့်ထားသည်ထက်
များစွာကျော်လွန်သွားပြီဖြစ်သည်။

ထိုကဲ့သို့ ပါရမီရှင်များက
ဗဟိုနယ်မြေတွင်ရှိသော်လည်း
လက်တစ်စုပ်စာသော
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူများက
သာ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကို
သတ်နိုင်စွမ်းရှိသည်။

အကယ်၍ ယန်ယွဲ့သည် အဆင့် ၆
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်ကို သတ်နိုင်ခဲ့လျှင်
ကြီးကျယ်ခမ်းနားသောပါရမီရှင်တစ်ဦးဟုပင်ဖော်
ပြနိုင်တော့မည်မဟုတ်ပေ။

"ဟူး....! အစတုန်းကတော့ ငါ သူ့ကို အနိုင်မယူနိုင်ရင်တောင် လက်ရည်တူ တိုက်ခိုက်နိုင်မယ်လို့ ထင်ခဲ့တယ်။ ဒါပေမဲ့ ငါတို့ကြားမှာရှိတဲ့ ကွာဟချက်က ဒီလောက်ကြီးမားမယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။ ဒါက ငါ့ရဲ့ယုံကြည်မှုကို တကယ်ထိခိုက်စေတယ်!" ရဲလန်ချန်က သက်ပြင်းချလိုက်သည်။

ဗဟိုနယ်မြေမှ တစ်စုံတစ်ယောက်အနေဖြင့် သူသည် ဗဟိုနယ်မြေရှိ အခြားသူများကဲ့သို့ အခြားသော နယ်မြေများမှ လူငယ်မျိုးဆက်များကို အထင်သေးခဲ့သည်။

ထို့အတူ ယန်ယဲ့က ဓားအင်ပါယာ
ဖြစ်နေကြောင်းသိလိုက်ရသည့်တိုင် လုံးဝ
ဂရုမစိုက်ခဲ့ပေ။

သို့သော်လည်း ယန်ယဲ့ နှင့် တိုက်ခိုက်မှသာ
သူတို့နှစ်ဦးကြားမှ ကွာဟချက်ကို
ရှင်းလင်းစွာသိလိုက်ရ၏။

"သူက အရမ်းသန်မာတယ်။ ငါတို့
ရေသူမကလန်ထဲမှာဆိုရင်တောင် သူက
ထိပ်တန်းမှာ ရှိနေတယ်လို့ ပြောရမယ်။" ရဲလန်ချန်
၏ဘေးနားမှ ဟုန်ယုက ရုတ်တရက်
ဝင်ပြောလိုက်သည်။

"ဒါပေမဲ့ နင်စိတ်မပျက်သင့်ဘူး။ နင်တို့နှစ်ယောက်ကြားမှာ ကွာဟချက်ရှိရင်တောင် အဲဒါက စိတ်ပျက်အားငယ်သွားစေမဲ့ အချက်မဟုတ်ဘူး။ နင်က သူ့ကို ပစ်မှတ်အဖြစ်ထားပြီး သူ့လိုဖြစ်အောင် ကြိုးစားရမယ်။ ဒီလိုနည်းနဲ့သာ နင်က ဒီထက်ပိုပြီးသန်မာလာနိုင်မှာ!"

ရဲလန်ချန်က ပြုံးလိုက်သည်။ သူ့လက်ကို ဆန့်ပြီး ဟုန်ယုကို ဆုပ်ကိုင်ရင်း "စိတ်မပူပါနဲ့၊ သူ့ကြောင့် ငါ့ကိုယ်ငါ စိတ်မပျက်ပါဘူး။" ဟု ပြောလိုက်ပါသည်။

ဟုန်ယုကလည်း ရဲလန်ချန် ၏လက်ကို ပြန်ဆုပ်ကိုင်လိုက်ရင်း ချစ်ခင်ကြင်နာမှုအပြည့်ဖြင့် ပြုံးပြလိုက်ပါသည်။

"သခင်မလေး၊ ငါတို့ သူ့ကို တကယ်စောင့်နေမှာလား?"

မျက်နှာဖုံးအုပ်အမျိုးသမီး ၏နံဘေးရှိ အဘိုးအိုက "ယန်ယဲ့က လော့ကျန်းနဲ့ သေခြင်း၊ရှင်ခြင်းရန်သူတွေဆိုတာ လူတိုင်းသိနေတယ်။ ငါတို့က မြင့်မြတ်သောဟန်အင်ပါယာ ရဲ့ ရန်ငြိုးဖွဲ့တာကို မခံမယူသင့်ဘူး။"

မျက်နှာဖုံးအုပ်အမျိုးသမီးက ခေါင်းခါလိုက်ပြီး "အရမ်းနောက်ကျနေပြီ။ ကောင်းကင်နတ်ဆိုးဂိုဏ်းနဲ့ တခြားအင်အားစုတွေရဲ့ အဖွဲ့ဝင်အသီးသီးက ပူးပေါင်းပြီးတိုက်ခိုက်နေပြီဆိုမှတော့ အခုကျမှ ပြန်ဆုတ်ဖို့ဆိုရင် အချိန်နှောင်းသွားပြီ။ အခု ငါတို့က သူနဲ့အတူတူ တစ်လှေတည်းစီးနေပြီ။"

"ငါတို့က လူသားကေရာဇ်ကို ရှင်းပြနိုင်တယ်လေ!" အဘိုးအိုကပြောလိုက်သည်။

"အကြီးအကဲ! လူသားကေရာဇ်က ယုံမယ်လို့ ထင်လား?" မျက်နှာဖုံးအုပ်အမျိုးသမီးက “ဒါ့အပြင် သူယုံကြည်တာပဲဖြစ်ဖြစ် မယုံတာပဲဖြစ်ဖြစ် အရေးမကြီးဘူး။ အခု သူ့မှာ ဒီလို ဆင်ခြေတွေရှိနေပြီဆိုတော့ ငါတို့က သူ့ဆီ အညံ့ခံရမှာ, ဒါမှမဟုတ်ရင် သူက ငါတို့ရဲ့ ကုန်သည်အဖွဲ့ကို တိုက်ခိုက်လိမ့်မယ်။ ငါတို့က ကြားနေဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး!”

ထိုစကားကို ကြားပြီးနောက် အဘိုးအိုက မတတ်သာစွာ ခေါင်းယမ်းလိုက်ပါသည်။

မူလက တိမ်ပင်လယ်ကုန်သည်အုပ်စုသည် ကြားနေအနေအထားတွင်သာရှိခဲ့၏။

လူသားကောရာဇ် နှင့် နယ်မြေအသီးသီးမှ ရန်ငြိုးဖွဲ့
ပဋိပက္ခစစ်ပွဲများတွင် ပါဝင်ခဲ့ခြင်းမရှိပေ။

သို့သော်လည်း ဤတစ်ကြိမ်တွင် ယန်ယဲ့
၏အတင်းအကြပ်ါဖိအားပေးမှုဖြင့်
အကူအညီပေးလိုက်သောကြောင့်
လူသားကောရာဇ်က ရှင်းပြခွင့်ပြုနိုင်ပါမည်လော။

မျက်နှာဖုံးအုပ်အမျိုးသမီးပြောသည့်အတိုင်းပင်
တိမ်ပင်လယ်ကုန်သည်အုပ်စုက
ကြားနေရန်မဖြစ်နိုင်တော့ပေ။

ထိုအခိုက်အတန့်တွင်
ကောင်းကင်ထက်မှအလင်းတန်းတစ်ခုကျဆင်းလာ

ပြီး ယန်ယဲ့ ၏ပုံရိပ်ပေါ်လာသည်ကို
မြင်လိုက်ကြလေသည်။

ယန်ယဲ့ကို မြင်လိုက်သောအခါ လူတိုင်း
၏အမူအရာများက
ချက်ချင်းပင်ပြောင်းလဲသွားသည်။

"ယန်ယဲ့၊ နင်....နင်က ယွမ်ရန်
ကိုသတ်လိုက်တာလား?" အန်ရှောင်းနန်က
သိချင်နေပုံဖြင့် အလျင်စလိုမေးလာလေသည်။

သင်္ဘောပေါ် ရှိ လူတိုင်းကလည်း ယန်ယဲ့ကို ကြည့်နေကြသည်။

ယန်ယဲ့က အန်ရှောင်းနန်ကို ပြန်မဖြေပါ။ မျက်နှာဖုံးအုပ်အမျိုးသမီးကို စိုက်ကြည့်ကာ မေးလိုက်၏။ "မိန်းမပျို ရဲ၊ ငါတို့ ဗဟိုနယ်မြေကို ရောက်ဖို့ ဘယ်လောက်ကြာဦးမှာလဲ?"

မျက်နှာဖုံးအုပ်အမျိုးသမီးက သင်္ဘောရှေ့ကို လှမ်းကြည့်ကာ "ပတ်ဝန်းကျင်က ရေသူမတွေနဲ့ ရေသူရဲတွေက ငါတို့ကို မတားဘူးဆိုရင်တော့ အနည်းဆုံး ခြောက်နာရီလောက်

ကြာရင်ရောက်လိမ့်မယ်။ ဒါပေမဲ့ သူတို့
တားထားရင် သမုဒ္ဒရာထဲမှာ
မုန်တိုင်းတွေဖြစ်ပေါ်လာနိုင်လို့ အနည်းဆုံး
တစ်ရက်နှစ်ရက်လောက်
ကြာကောင်းကြာလိမ့်မယ်။”

ယန်ယဲ့က ပြန်မပြောသေးဘဲ သူ့လက်ကို
ဝှေ့ယမ်းလိုက်ရာ မျက်နှာဖုံးအုပ်အမျိုးသမီးရှေ့တွင်
ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး ၃၀၀
ပေါ်လာသည်။ တစ်ဆက်တည်း သူက
ပင်လယ်ပြင်ကို ကြည့်ရင်း သူမကို ပြန်ကြည့်ကာ
"လမ်းတစ်လျှောက်လုံး သင်္ဘောရဲ့
တိုက်ခိုက်ရေးအစီအရင်နဲ့

အကာအကွယ်အစီရင်ကို

အသက်သွင်းပြီးအရှိန်မြှင့်ပါ။

တခြားဘာမှတွေးမနေနဲ့! သူတို့ကို ပင်လယ်ထဲမှာပဲ

အပိုင်းပိုင်းခွဲပစ်လိုက်!"

ဆက်ရန်။

အဆုံးမဲ့ဓားကမ္ဘာ ၅၀၄ (ယန်ယဲ့

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၀၄ - ရေသူမကာလန် နှင့် တိုက်ခိုက်ခြင်း

စကားပြောပြီးသည်နှင့် တစ်ပြိုင်နက် ယန်ယွဲ့က လေထဲသို့ လွင့်မျောသွားပြီး "မိန်းမပျို ရဲ! မင်းရဲ့ လူတွေကို ငါက ပင်လယ်သတ္တဝါတွေနဲ့ တိုက်ခိုက်နေတုန်း ချီးမြှောက်ခြင်းနယ်ပယ်အဆင့် ပင်လယ်သတ္တဝါအချို့ကို တားဆီးပေးဖို့ တောင်းဆိုချင်တယ်။ ဒီလိုသေလမ်းရှာတဲ့ သတ္တဝါတွေကို ငါ မီးကင်စားမယ်!"

မျက်နှာဖုံးအုပ်အမျိုးသမီးက ယန်ယွဲ့ပြောလိုက်သောစကားကြောင့် ထိတ်လန့်သွား၏။

သို့သော် သူမက ငြင်းဆန်မနေဘဲ နောက်တွင်ရပ်နေသော လူအုပ်စုကို

ခေါင်းညိတ်ပြလိုက်ရာ လူတိုင်း ချက်ချင်းပင်
ကောင်းကင်ထက်သို့ ပျံတက်သွားကြသည်။

ယန်ယဲ့လည်း အဆိုပါမြင်ကွင်းကြောင့်
ခေါင်းညိတ်လိုက်ပါသည်။

ငရဲတစ္ဆေမီးတောက်က သူ့လက်ဝါးပေါ်တွင်
ပေါ်လာပြီး အဝေးမှ ထောင်ချီနေသော
ပင်လယ်သတ္တဝါ အုပ်စုကို
စူးစိုက်ကြည့်လိုက်လေသည်။

ထို့နောက်တွင် သူ့မျက်လုံးထဲ၌
ရက်စက်ကြမ်းကြုတ်သော
အမူအရာများတောက်ပလာပြီး လက်ကို
တစ်ချက်လှုပ်ကာ ငရဲတစ္ဆေမီးတောက်က
ပင်လယ်မျက်နှာပြင်ထက်သို့
ပျံသန်းသွားပါတော့သည်။

"ငါယန်ယွဲ့ ဒီနေ့ မင်းတို့အားလုံးကို
မီးလောင်တိုက်သွင်းပစ်မယ်.... လော့ကျန်း
ရဲ့နောက်လိုက်ခွေးတွေ သေကြစမ်း!"

လူတိုင်းက ထိုစကားကို ကြားလိုက်သော်လည်း မည်သူမှ စကားပြန်မပြောကြပေ။

ငရဲတစ္ဆေမီးတောက်က သမုဒ္ဒရာထဲသို့ လျင်မြန်စွာ ပြန့်နှံ့သွားပြီး မီတာ ၅၀၀ ကျော်ကျယ်ဝန်းသော ဧရိယာက မီးတောက်သမုဒ္ဒရာအဖြစ် ချက်ချင်း ပြောင်းလဲသွားကာ ထိုနေရာရှိ ရေပြင်က ပွက်ပွက်ဆူလာခဲ့၏။

ရေသူမကလန် ၏အဖွဲ့ဝင်များက ခဏကြာငေးကြောင်နေစဉ်မှာပင် အားနည်းသော အဖွဲ့ဝင်အချို့ ချက်ချင်းပင် အရှင်လတ်လတ် မီးလောင်ကျွမ်းသွားခဲ့လေသည်။

ကျန်ရေသူမများနှင့် ရေသူရဲများကလည်း အလွန်အမင်း ထိတ်လန့်သွားကြကာ သမုဒ္ဒရာအနက်ပိုင်းဆီသို့ ကမန်းကတန်း ထွက်ပြေးခဲ့ကြသည်။

မီတာ ၅၀၀ ကျော် ကျယ်ဝန်းသော ပင်လယ်ပြင်က မီးတောက်မီးလျှံများ ဖုံးလွှမ်းနေပြီး၊ ဝမ်းနည်းပူဆွေးသောအော် ဟစ်သံများ၊ထိတ်လန့်တုန်လှုပ်ဖွယ်အော်သံများ အဆက်မပြတ် ပဲ့တင်ထပ်နေလေသည်။

တိမ်ပင်လည်ကုန်သည်အုပ်စုမှ အဖွဲ့ဝင်များသည် မီးတောက်သမုဒ္ဒရာကို စိုက်ကြည့်နေစဉ် ၎င်းတို့၏ မျက်နှာများတွင် လေးနက်သော အမူအရာများ ရှိသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့ဆီသို့ ကြည့်နေသော ၎င်းတို့၏ အကြည့်များတွင်လည်း ကြောက်ရွံ့မှုများနှင့် ပြည့်နှက်နေပါသည်။

မျက်နှာဖုံးအုပ်အမျိုးသမီး ၏မျက်လုံးများပင်လျှင် ကြောက်ရွံ့မှုများ ပြည့်နှက်နေသည်။

ဤအခိုက်အတန့်တွင် ဓားအင်ပါယာက ဓားတစ်ချက်တည်းဖြင့် နည်းစနစ်အားလုံးကို

ဖျက်ဆီးပြီး အဆင့်တူနယ်ပယ်တွင်
မရှုံးနိမ့်နိုင်သောတည်ရှိမှု ဟူသည့်
စကားတစ်ခွန်းကို သတိရသွားမိသည်။

အထူးသဖြင့် တောင်ပိုင်းနယ်မြေတွင်
ဓားအင်ပါယာ ထွက်ပေါ်ထွန်းလာသောအခါ
သူမစိတ်ထဲ ဤစကားကို အမှန်တကယ် မယုံခဲ့ပေ။

သို့သော် လက်ရှိတွင်တော့ ယုံကြည်ရန်ကလွဲ၍
ရွေးချယ်စရာမရှိတော့ပါ။

"ငါ့အစ်ကိုကြီးက အဲဒီလူကို အနိုင်ယူနိုင်မှာ မဟုတ်ဘူး။" အန်ရှောင်းနန်က  လေထဲတွင် လွင့်မျောနေသော ယန်ယဲ့ကို စိုက်ကြည့်ရင်း တိုးညှင်းစွာရေရွတ်လိုက်သည်။

ယန်ယဲ့ ဖက်မှ ကူညီတိုက်ခိုက်ပေးနေသည့် တိမ်ပင်လယ်ကုန်သည်အုပ်စုမှ အဖွဲ့ဝင်များသည်လည်း အဆိုပါမြင်ကွင်းကြောင့် အလွန်တုန်လှုပ်သွားကြသည်။
အားလုံး ယန်ယဲ့ထံမှ  အလွန်ပြင်းထန်သော အန္တရာယ်အငွေ့အသက်ကို ခံစားမိလိုက်ပုံပင်။

"အာ!! လူသား! ငါမင်းကိုသတ်မယ်!"
ဤအခိုက်အတန့်တွင် ခေါင်းဆောင်ရေသူရဲကရုတ်တရက် ဒေါသတကြီး အော်ဟစ်ကာ လက်ထဲမှ သုံးမြှောင့်ခက်ရင်းခွဖြင့် ယန်ယွဲဆီသို့ တိုက်ရိုက်ခုန်ဝင်သွားသည်။

ယန်ယွဲ့က သူ့လက်ကို ဝှေ့ယမ်းလိုက်ရာ ငရဲတစ္ဆေမီးတောက်က မီးလုံးလေးအဖြစ်ပြောင်းကာ သူ့ခန္ဓာကိုယ်ထဲသို့ ပြန်ဝင်သွား၏။

ထို့နောက်တွင် မျက်နှာဖုံးအုပ်အမျိုးသမီးကို တစ်ချက်ကြည့်လိုက်ရင်း တဖျပ်ဖျပ်တောက်ပကာ သဘော်ာ ကုန်းပတ်ပေါ်သို့ ဆင်းလာခဲ့သည်။

မျက်နှာဖုံးအုပ်အမျိုးသမီးကလည်း ယန်ယဲ့၏ရည်ရွယ်ချက်ကို နားလည်ပုံရပြီး ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးများကို သဘော်ာကုန်းပတ်ပေါ်မှ အစီအရင်ထဲသို့ ပစ်ထည့်လိုက်ပါသည်။

အစီအရင်က တဖျပ်ဖျပ်လင်းလက်လာပြီးနောက် ဒါဇင်အနည်းငယ်ခန့်

အဖြူရောင်အလင်းတန်းများက လေထဲသို့ ပျံတက်သွား၏။

ထိုအချိန်တွင် သဘော်ဆီမှ အဖြူရောင်အလင်းတန်းများ ဖြာထွက်လာသည်ကို မြင်သောအခါ ထိုလူက အလွန် ထိတ်လန့်သွားသည်။

၎င်းက အလင်းတန်းများကို ထိပ်တိုက်ရင်ဆိုင်ဝံ့ခြင်းမရှိဘဲ ဘေးဖက်သို့ ကမန်းကတန်း ရှောင်ထွက်သွားသည်။

သို့သော်လည်း သူ့ဘေးနားရှိ
ချိုးမြော့ကြက်ခြင်းနယ်ပယ်အဆင့်
ရေသူရဲနှစ်ဦးကတော့
အချိန်မှီရှောင်တိမ်းနိုင်စွမ်းမရှိသဖြင့်
အလင်းတန်းများ ထိမှန်ကာ ချက်ချင်း
သေဆုံးသွားခဲ့သည်။

ရေသူရဲခေါင်းဆောင်က သူ့မျိုးနွယ်ဝင်များ
အတုံးအရုံးသေနေသည်ကို မြင်သောအခါ
သူ့မျက်လုံးများက မီးပွင့်လုမတတ်
နီရဲလာလေတော့သည်။

သို့သော်လည်း သူသည် သဘော်အနီးသို့ မချဉ်းကပ်ဝံ့ဘဲ အဝေးကနေသော ယန်ယဲ့ကို မကျေမနပ် စိုက်ကြည့်နေသည်။

ယန်ယဲ့သည် ကုန်သဘော်ကို ပြန်ကြည့်ရင်း အနည်းငယ်တုန်လှုပ်သွားမိသည်။

"တကယ့်ကို ပြောစရာမလိုအောင် ထူးခြားတဲ့ ရတနာတစ်ခုပဲ။ ဒါက ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေကို အသာလေးသတ်နိုင်တယ်ပေါ့။ ငါလည်း တစ်ခုလောက် ပိုင်ဆိုင်သင့်လား?" သို့သော် ၎င်းသည် သူ့အတွက် လုံးဝ

အသုံးမဝင်သောကြောင့် ဤအတွေးကို
အမြန်စွန့်လွှတ်လိုက်သည်။
နောက်ဆုံးတွင် သင်္ဘောက
ပင်လယ်သမုဒ္ဒရာထဲတွင်သာ အသုံးပြုနိုင်သည်
မဟုတ်သလော။

“မင်းတို့ မင်းမဲ့စရိုက်သမုဒ္ဒရာထဲမှာ
ဒီလိုသင်္ဘောတွေ အများကြီးရှိသလား?” ယန်ယွဲ့က
မေးလိုက်သည်။

မျက်နှာဖုံးအမျိုးသမီးက ခေါင်းညိတ်ပြီး “ရှိတယ်၊ ဒီလို သဘော်တွေက ၁၀,၀၀၀ ကျော်လောက်ရှိနေပြီ” ဟုဆိုသည်။

"အဲ့လောက်များလား?" ယန်ယဲ့လည်း အလွန်အံ့သြသွား၏။

အကယ်၍ ထို သဘော် ၁၀,၀၀၀ ကျော် ၏တိုက်ခိုက်ရေးအစီအရင်များကိုသာ တစ်ပြိုင်နက်တည်းအသက်သွင်းလိုက်ပါက……....? မည်မျှ ကြောက်စရာကောင်းမည်ကို သူ့စိတ်ထဲပင် မတွေးဝံ့ပေ။

မျက်နှာဖုံးအုပ်အမျိုးသမီးက ပြောလေသည်။ "နင်ဘာတွေတွေးနေတာလဲ ငါသိတယ်။ အမှန်တော့၊ ဒီသင်္ဘောတွေက ကြောက်စရာကောင်းပေမဲ့ အဲဒါတွေကို အသုံးပြုရတဲ့ အရင်းအမြစ်တွေကလည်း အရမ်းကြောက်စရာကောင်းတယ်။ တချို့အင်အားစုတွေနဲ့ ဂိုဏ်းတွေတောင် အသုံးပြုဖို့ မတတ်နိုင်ကြဘူး။

ပြီးတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀ အတွင်းမှာ ငါတို့က ဒီလိုမျိုး ပထမဆုံးလုပ်ခဲ့တာပဲ!"

ယန်ယွဲ့က ခဏလောက် လေးလေးနက်နက် စဉ်းစားပြီး နောက်မေးခွန်းတစ်ခု

ထပ်မေးလိုက်တယ်။ “မင်းမဲ့စရိုက်သမုဒ္ဒရာထဲမှာ ဘယ်အင်အားစုက ဒီလိုသင်္ဘောတွေ အများဆုံး ပိုင်ဆိုင်လဲ?”

"တင်းကလန်!" မျက်နှာဖုံးအုပ်အမျိုးသမီးက “မင်းမဲ့စရိုက်သမုဒ္ဒရာတစ်ခုလုံးမှာရှိတဲ့ သင်္ဘောအားလုံးရဲ့ ၈၀ ရာခိုင်နှုန်း ကို လက်တွေ့ကျကျ ထိန်းချုပ်ထားတယ်။ သူတို့က မင်းမဲ့စရိုက်သမုဒ္ဒရာ မှာ စစ်မှန်တဲ့ အုပ်စိုးရှင်တွေလို့ဆိုရမယ်။”

"တင်းကလန် လား? ဟမ့်...!" ထိုအခိုက်အတန့်တွင် ထိုနေ့က တင်းရှောက်ယောင် ပြောသည့်စကားကို ပြန်ပြီးသတိရသွား၏။

တင်းကလန် သာ တားဆီးထားလျှင် မြင့်မြတ်သောဟန်အင်ပါယာ ၏တပ်ဖွဲ့ဝင်များက မင်းမဲ့စရိုက်သမုဒ္ဒရာကို လုံးဝ ဖြတ်ကျော်နိုင်မည်မဟုတ်ပေ။

၎င်းသည် ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးများ အမြောက်အမြား လိုအပ်သော်လည်း

သဘော်များစွာနှင့် တင်းကလန် ၏ စွမ်းရည်၊ အရင်းအမြစ်နှင့်ဆိုပါက အကြိမ်အနည်းငယ် အသုံးပြုခြင်းမှာပြဿနာမဖြစ်နိုင်ပေ။

မည်သို့ပင်ဖြစ်စေ သဘော်မှ အကြိမ်အနည်းငယ်မျှ မဟုတ်ဘဲ တစ်ကြိမ်တိုက်ခိုက်မှုသည်ပင် သာမန်စစ်တပ်များ ခံနိုင်ရည်ရှိသော အရာမဟုတ်ပေ။

ဆက်ရန်။

အဆိုးမဲ့ဓားကမ္ဘာ ၅၀၅ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၀၅ - ဗဟိုနယ်မြေ

မျက်နှာဖုံးအုပ်အမျိုးသမီးက ရုတ်တရက် စကားစလာသည်။ "ဆရာကြီး ယန်! နင်က တားမြစ်နယ်မြေမှာရှိတဲ့ သူတော်စင်အကြွင်းအကျန်နယ်မြေကိုသွားဖို့ ဗဟိုနယ်မြေကို ခရီးထွက်နေတာလား?"

ယန်ယဲ့က အနည်းငယ် အံ့သြသွားပြီး "မင်းဘယ်လိုသိတာလဲ?"

သူမက ပြန်မပြောခင် တစ်ခဏလောက်
လေးလေးနက်နက် စဉ်းစားပြီး "ဗဟိုနယ်မြေက
မြင့်မြတ်သောဟန်အင်ပါယာရဲ့နယ်မြေဆိုတာ
နင်က ရှင်းရှင်းလင်းလင်းသိထားသင့်တယ်။
ဒါ့အပြင် ဗဟိုနယ်မြေရဲ့အဆင့် (၉) မဟာဂိုဏ်းကြီး
၃ ခုက မြင့်မြတ်သောဟန်အင်ပါယာနဲ့ အတူတူပဲ။
ပြီးတော့ တခြားမျိုးနွယ်စုတွေလည်းရှိသေးတယ်။
ဗဟိုနယ်မြေကို ဝင်လိုက်တာနဲ့ ပတ်ပတ်လည်မှာ
ရန်သူတွေ ဝိုင်းရံထားပြီလို့ ဆိုနိုင်တယ်။
ပွင့်ပွင့်လင်းလင်းပြောရရင်
နင်အခုလက်ရှိပိုင်ဆိုင်ထားတဲ့ ခွန်အားတွေနဲ့

ဗဟိုနယ်မြေကို ရောက်တဲ့အခါ ဘာမှလုပ်နိုင်မှာ မဟုတ်ဘူး!"

ယန်ယဲ့လည်း ခဏကြာ ငြိမ်ကျသွား၏။

မှန်ပါသည်၊ သူလည်း သူရင်ဆိုင်ရမည့် အခက်အခဲများ၊ အန္တရာယ်များကို ကောင်းကောင်းကြီးသဘောပေါက်ထားပါသည်။

သို့သော် သူ့တွင် ရွေးချယ်စရာ ရှိပါသလော။

မည်သို့ပင်ဖြစ်စေ သူက ရှေ့ကို ဆက်သွားရပါမည်။

သူသည် မည်သည့်အရာကိုမှ မကြောက်သော်လည်း ဗဟိုနယ်မြေသို့

ရောက်သည်နှင့် သူ့အား စောင့်ကြိုနေသည့်အရာကို ရှင်းရှင်းလင်းလင်း သိထားပါသည်။

၎င်းသည် ယခင်ကထက် ၁၀ ဆ သို့မဟုတ် အဆ ၁၀၀ လောက် ပို၍ကြောက်စရာကောင်းသည့် လုပါကြံသတ်မှုပင် ဖြစ်သည်။

သို့တိုင် သူသည် မည်ကဲ့သို့ နောက်ပြန်ဆုတ်ရမည်နည်း?

ယန်ယဲ့သည် မျက်နှာဖုံးအုပ်အမျိုးသမီးကို ကြည့်ရင်း "ငါလည်း မိန်းမပျို ရဲ ပြောတာကို သဘောတူပါတယ်။ ဒါပေမဲ့ အခုချက်ချင်း

နောက်လှည့်ပြီး ပြန်သွားသင့်တာ ဖြစ်နိုင်ပါ့မလား? ငါ့ရှေ့မှာ ဘာတွေပဲစောင့်ကြိုနေပါစေ ရှေ့ဆက်သွားရမယ်။

လူသားကေရာဇ် ထွက်ပေါ်လာတာနဲ့ကောင်းကင်ဘုံရဲ့ ကိုယ်စားလှယ်အဖြစ် နယ်မြေအားလုံးက သူ့လက်အောက်ကို ဝင်သွားကြလိမ့်မယ်။ ဒါပေမဲ့ ငါယန်ယဲ့က အဲဒါကို ငြင်းဆိုတယ်။ နောက်ဆုံး အဆုံးသတ်မှာ လူသားကေရာဇ်က ရယ်မောနိုင်မလား? ဒါမှမဟုတ် ငါလားဆိုတာတော့ စောင့်ကြည့်ရမှာပဲလေ !”

"အပြောကောင်းတယ်!" ထိုအချိန်တွင် အန်ရှောင်းနန်က ရုတ်တရက် လက်ခုပ်တီးကာ "နတ်ဆိုး ယန်!  မင်းပြောတာ မှန်တယ်။ လော့ကျန်း ဆိုတဲ့ အဲဒီလူကလည်း ကောင်းတာမှမဟုတ်တာ။ လူသားကေရာဇ် လား? ဟမ့်...! သူကလည်း ရှုံ့ရှာဖို့ကောင်းတဲ့ လူတစ်ဦးပဲလေ။ သူက မင်းနဲ့ထိပ်တိုက်တွေ့ပြီးပြတ်ပြတ်သားသား အနိုင်ယူရင် သူ့ကို ငါ ချီးကျူးသင့်တယ်။ ဒါပေမဲ့ သူက မင်းကိုသတ်ဖို့ ဒီလို စက်ဆုပ်ဖွယ်နည်းလမ်းတွေကို အသုံးပြုခဲ့တယ်။ ဘယ်လောက်တောင် အောက်တန်းကျလိုက်သလဲ? ကံကောင်းထောက်မစွာပဲ ငါ့အဖိုးက သူနဲ့ပူးပေါင်းဖို့ သဘောတူခဲ့တာမဟုတ်ဘူး!"

"နတ်ဆိုး ယန် ? ယန်ယဲ့ ၏ပါးစပ်ထောင့်များ လှုပ်ယမ်းသွားသည်။ သူမက ငါ့ကို နတ်ဆိုးတစ်ယောက်ဖြစ်အောင် တကယ်လုပ်နေတာပဲ။"

သို့သော် ထိုနာမည်ကလည်း သူ့အတွက် တစ်နည်းတစ်ဖုံ အဓိပ္ပါယ်ရှိနေပေသည်။ နောက်ဆုံးတွင်တော့ အတိတ်တွင် သူလုပ်ဆောင်ခဲ့သည့်အရာအားလုံးက စိတ်ဆန္ဒအတိုင်းသာ။ မည်သည့်အခါမှ မှားသည်၊မှန်သည်ကို မစဉ်းစားခဲ့ပေ။

ထို့ကြောင့် လူသားကမ္ဘာတွင် နတ်ဆိုးများထွက်ပေါ်လာသကဲ့သို့ ဖြစ်ရပ်နှင့် မည်သို့ကွာခြားတော့မည်နည်း?

မျက်နှာဖုံးအုပ်အမျိုးသမီးသည် ပြန်မပြောမီ ခဏတာ တုံ့ဆိုင်းသွားကာ “ဆရာကြီး ယန် က မင်းဆန္ဒရှိရင် ခဏလောက်အနားယူဖို့ ငါ့ရဲ့ ရဲကလန် ကိုလာနိုင်ပါတယ်။ ငါ့ရဲ့ရဲကလန် က မြင့်မြတ်သောဟန် အင်ပါယာထက် နိမ့်ကျနေပေမဲ့ တခြားသူတွေ စိတ်လွတ်ကိုယ်လွတ် စော်ကားနိုင်တဲ့ အင်အားစုတော့ မဟုတ်ဘူး။”

သူမသည် မူလက ယန်ယွဲ့ နှင့်ပတ်သက်သော အဆက်အသွယ်အားလုံးကိုဖြတ်ရန် ရည်ရွယ်ထားခဲ့ခြင်းပင်။

နောက်ဆုံးတွင် ရဲကလန် က မြင့်မြတ်သောဟန်အင်ပါယာကို တိုက်ရိုက်ဆန့်ကျင်ရန် မတတ်နိုင်ခဲ့ပေ။

သို့သော်လည်း သူမသည် အချို့အရာများကို တွေးတောပြီးနောက် ယန်ယွဲ့ကို မျက်နှာသာပေးရန် သာ ဆုံးဖြတ်လိုက်၏။

အကြောင်းပြချက်မှာ လူသားကေရာဇ်က ယန်ယဲ့အား ဖယ်ရှားရန် မဖြစ်နိုင်ဟု ခံစားမိသောကြောင့်ပင်။

ထို့အပြင် ယန်ယဲ့သာ ကျရှုံးခြင်းမရှိဘဲ အင်အားကြီးလာပါက ထူးခြားသောပညာရှင်တစ်ဦးနှင့်ခင်မင်ရင်းနှီးမှုကို ရရှိခြင်းနှင့် ညီမျှပေသည်။

ယန်ယဲ့လည်း အနည်းငယ် အံ့သြသွားသည်။

"သခင်မလေး ရဲ၊ မင်းရဲ့ကြွင်နာတဲ့ ရည်ရွယ်ချက်တွေကို ငါ တန်ဖိုးထားတယ်၊ ဒါပေမဲ့

ငါ အဲဒီကို သွားမယ်ဆိုရင် မင်းရဲ့ရဲကလန် ကို အရမ်းအန္တရာယ်များတဲ့ အခြေအနေတွေ ကျရောက်လာလိမ့်မယ်။ ဒါ့အပြင် ငါက သူတော်စင်အကြွင်းအကျန်နယ်မြေကို တတ်နိုင်သမျှ အမြန်ဆုံး ရောက်အောင်သွားရမယ်။
”

ထိုအချိန်တွင် ဘေးနားရှိ အဘိုးအိုက "သခင်မလေး၊ ငါတို့က အခု ဗဟိုနယ်မြေကို ရောက်နေပြီ။" ထို့နောက် အဘိုးအိုက တစ်စုံတစ်ခုကိုပြောချင်နေပုံဖြင့် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပါသည်။

ယန်ယဲ့သည် ထိုစကားကိုကြားသောအခါ သူ့ခေါင်းကိုမော့ပြီး ကြည့်လိုက်ရာ သူ့မြင်ကွင်းထဲတွင် ကြီးမားကျယ်ပြန့်လှသော အဆောက်အဦးကြီးများ ပေါ်လာသည်ကို တွေ့လိုက်ရသည်။

ဝုန်း!

တစ်ချိန်တည်းတွင် နဝမငရဲအေးမီးတောက်အတောင်ပံများက သူ့နောက်ကျောတွင် ပေါ်လာသည်။

သဘော်ပေါ်မှ ဆင်းသည်နှင့် ကမ်းပေါ်တွင် သူ့အား ကြိုတင်စောင့်ဆိုင်းနေသည့် မရေမတွက်နိုင်သော လုပ်ကြံသတ်ဖြတ်သူများ ရှိနေသည်ကို သိထားသည်။

ထို့ကြောင့် သူ့အနေဖြင့် နောက်တစ်ကြိမ် ထွက်ပြေးရန်ကလွဲပြီး ရွေးချယ်စရာမရှိပေ။ သူ့ကိုယ်သူ အနည်းငယ်စိတ်မကောင်းဖြစ်မိသော်လည်း ရန်သူ၏နယ်မြေထဲသို့ ဝင်ရောက်လာပြီးနောက် မည်သို့ လုပ်ဆောင်နိုင်ပါမည်နည်း?

ဤအခိုက်အတန့်တွင် မျက်နှာဖုံးအုပ်အမျိုးသမီးက သရေစာလိပ်တစ်ခုကို ထုတ်ယူပြီး ယန်ယွဲ့ ထံ

လွှဲပေးလိုက်ရင်း "သခင်လေး ယန်! ဒါက
အဆင့်မြင့်
ကျပန်းတည်နေရာရွှေ့ပြောင်းခြင်းအဆောင်နဲ့
ဗဟိုနယ်မြေရဲ့မြေပုံပါ။ နှစ်ခုလုံးက နင့်အတွက်
အခုအချိန်မှာ တော်တော်အသုံးဝင်နိုင်တယ်!”

ယန်ယဲ့က သူမကို တစ်ချက်ကြည့်လိုက်ပြီးနောက်
ပြုံးပြလိုက်သည်။ သူက ငြင်းမနေတော့ဘဲ
“ငါယန်ယဲ့က ဒီကြင်နာမှုကို သတိရနေမှာပါ”
ပြောပြီးသည်နှင့် လက်ခံယူလိုက်ပါသည်။

မျက်နှာဖုံးအုပ်အမျိုးသမီးက ခေါင်းညိတ်ကာ "ကောင်းပါပြီ၊ ဂရုစိုက်ပါ!"

ယန်ယွဲ့သည် ခေါင်းတစ်ချက်ညိတ်ပြပြီးနောက် သူ့ပုံရိပ်က ကောင်းကင်သို့ ပျံတက်သွားသည်။

ဤအခိုက်အတန့်တွင် ပုံရိပ်တစ်ဒါဇင်ကျော်က အဝေး ကမ်းစပ်တွင် ရုတ်တရက် ပေါ်လာပြီး ယန်ယွဲ့ဆီသို့ လျှင်မြန်စွာ ဖျတ်ခနဲ လိုက်ပါသွားကြသည်။

၎င်းတို့အားလုံးသည်
ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ ဖြစ်ကာ၊
အဆင့် ၅ သို့မဟုတ် အဆင့် ၅ နှင့်အထက် ၅
ယောက်ခန့်ပင်ရှိနေ၏။

ယန်ယဲ့ ၏မျက်ခွံများ တဆတ်ဆတ်
လှုပ်ယမ်းသွားသည်။ "လော့ကျန်း က ငါ့အတွက်
တကယ်ကို
ကြီးမားတဲ့လက်ဆောင်တစ်ခုပြင်ဆင်ထားတာပဲ။"

ရေရွတ်လိုက်ရင်း နဂါးအရိုးစားကို ဆုပ်ကိုင်ကာ
နေရာမှာပင် ဖျတ်ခနဲ
ပျောက်ကွယ်သွားပါတော့သည်။

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ
ရောက်ရှိလာသောအခါ ယန်ယွဲ့
၏အရိပ်အယောင်ကိုပင် မမြင်ရတော့ပေ။

“သေစမ်း! တကယ်ပဲ သူ့မှာ
ကျပန်းတည်နေရာရွှေ့ပြောင်းခြင်းအဆောင်ရှိနေတ
ယ်!” လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးက

ကျိန်ဆဲလိုက်ရင်း မျက်နှာတွင်
မှုန်ကုပ်ကုပ်ဖြစ်နေသည်။

ရုတ်တရက်ပင် ၎င်း၏အကြည့်များက
တိမ်ပင်လယ်ကုန်သည်အုပ်စု သင်္ဘောဆီသို့
စူးစူးရဲရဲစိုက်ကြည့်ရင်း မျက်လုံးများ
မှိန်ဖျော့သွားခဲ့သည်။ ထိုအချိန်တွင် ဘေးနားရှိ
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦးက
အဆိုပါလူကို တားလိုက်ပြီး"ဒါက
တိမ်ပင်လယ်ကုန်သည်အုပ်စုပိုင်တဲ့ ကုန်သင်္ဘော
ပဲ။ မင်းက ဒေါသထွက်မနေနဲ့။ မဟုတ်ရင်
ငါတို့အားလုံး ရဲမျိုးနွယ်ထဲက အဲဒီအရူးကို
စော်ကားမိရင် အားလုံး သေကုန်လိမ့်မယ်!"

တိမ်ပင်လယ်ကုန်သည်အုပ်စု ဟူသော အမည်ကို ကြားလိုက်သောအခါ လူလတ်ပိုင်းအဘိုးအို ၏မျက်ခွံများ လှုပ်ယမ်းသွားသည်။

သူ့ဘေးနားမှ လူ ၏စကားအတိုင်း သူ့ရင်ထဲမှ သတ်ပစ်လိုသောစိတ်ဆန္ဒအရိပ်အယောင်များ ချက်ချင်းပင် ပျောက်ကွယ်သွား၏။ "အဲဒီလူ ယန်ယဲ့က ဝေးဝေးသွားနိုင်ဦးမှာမဟုတ်ဘူး။ လူခွဲပြီးလိုက်ရှာရအောင်။ ငါတို့ရဲ့အရှိန်နဲ့ဆိုရင် သူ့ကို ဖမ်းနိုင်မှာ သေချာတယ်။”

"လူခွဲပြီးလား?" တစ်ယောက်က

မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

“ကောလဟာလအရ သူ့မှာ

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေကို

သတ်နိုင်စွမ်းရှိတယ်။ အဲဒါက အမှန်မဟုတ်ဘူးလား

….”

"အဲ့ဒါကို အရူးတောင် ယုံမှာလား"

လူလတ်ပိုင်းအရွယ်က

ဒေါသတကြီးပြောလေသည်။

“ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူက

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်ကို

သတ်ပစ်နိုင်မှာတဲ့လား? သူက လွန်ခဲ့တဲ့နှစ်

၁၀,၀၀၀ က ဆေဘာဓားဂိုဏ်းရဲ့
တည်ထောင်သူဘိုးဘေးလို့များ မင်း
ထင်နေတာလား? သူ့ခွန်အားက
မဆိုးဘူးဆိုတာတော့ ငါဝန်ခံပါတယ်။ ဒါပေမဲ့ သူက
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေကို
သတ်နိုင်တယ်ဆိုတာတော့ မယုံကြည်ဘူး။ ဒါဟာ
သူနဲ့ပတ်သက်ပြီး တမင်ချဲ့ကားပြောနေတဲ့
ကောလဟာလတစ်ခုပဲ ဖြစ်နိုင်တယ်!”

လူတိုင်းက ခဏကြာအောင် တွေးတောပြီးနောက်
သက်လတ်ပိုင်းအဘိုးအို ၏စကားက
အဓိပ္ပါယ်ရှိသည်ဟု ခံစားမိလိုက်ကြသည်။

ထို့နောက်တွင် လူတိုင်း၏ပုံရိပ်က
တဖျပ်ဖျပ်ခတ်သွားကာ မတူညီသော
ဦးတည်ရာဆီသို့ မျက်စိတစ်မှိတ်အတွင်း
ပျောက်ကွယ်သွားကြသည်။

တိမ်ပင်လယ်ကုန်သည်အုပ်စုပိုင် သင်္ဘောပေါ်တွင် ။
ရဲလန်ချန်က ပတ်ဝန်းကျင် အခြေအနေကို
ငေးကြည့်နေရင်း "အစ်မ၊ သူတို့က
လေလွင့်ကျင့်ကြံသူတွေဖြစ်ရမယ်။ လော့ကျန်းက
ဗဟိုနယ်မြေတစ်ခုလုံးမှာ ယန်ယဲ့ကို
ဆုကြေးထုတ်ထားလိုက်ပုံပဲ!"

မျက်နှာဖုံးအုပ်အမျိုးသမီးက
ခေါင်းညိတ်လိုက်သော်လည်း မည်သည့်စကားမှ
ပြန်မပြောခဲ့ပေ။

အချိန် ၁၀ မိနစ်ခန့်ကြာပြီးနောက်....။

ဓားအင်ပါယာ ယန်ယဲ့
ဗဟိုနယ်မြေသို့ရောက်ရှိလာသည့်သတင်းသည်
ရောမမုန်တိုင်းကြီးကဲ့သို့ ဗဟိုနယ်မြေ တစ်ခုလုံး
ပြန့်နှံ့သွားခဲ့လေသည်။

တစ်ချိန်တည်းတွင်.......။

ဗဟိုနယ်မြေရှိ မရေမတွက်နိုင်သော
လေလွင့်ကျင့်ကြံသူများက ယန်ယဲ့ကို
အရှူးအမူးရှာဖွေခဲ့ကြသည်။
ထိုအထဲတွင် မရေမတွက်နိုင်သော
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူများ၊
သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူများ၊ ရုတ်စွအဆုံး
ကောင်းကင်လွှာအဆင့်ကျွမ်းကျင်သူများပင်
ပါဝင်ခဲ့သည်။

အဘယ်ကြောင့်ဆိုသော်....။
မြင့်မြတ်သောဟန်အင်ပါယာမှ ထုတ်ပြန်ခဲ့သည့်
ဆုလာဘ်ပမာဏက

ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး ၁၀၀၀ ကနေ ၃၀၀၀ အထိ တိုးမြင့်သွားသောကြောင့်ပင်။

ထို့အပြင် ကောင်းကင်အဆင့်နိမ့် နည်းစနစ် ၂ ခုနှင့် ကောင်းကင်အဆင့်နိမ့် အမှောင်ရတနာလက်နက်တစ်ခုလည်း ပါဝင်နေ၏။

တစ်နည်းဆိုရသော် ယန်ယဲ့ ရောက်ရှိလာခြင်းကြောင့် ဗဟိုနယ်မြေတစ်ခုလုံး အကြီးအကျယ် တုန်လှုပ်သွားခဲ့သည်ဟု ဆိုနိုင်သည်။

ဆက်ရန်။

အဆုံးမဲ့ဓားကမ္ဘာ ၅၀၆ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၀၆ – သတ်ဖြတ်ခြင်းစတင်ပြီ

ယန်ယဲ့သည် သူ့ပတ်ဝန်းကျင်က
ကမ္ဘာကြီးတစ်ခုလုံး လှည့်ပတ်နေသလို
ခံစားလိုက်ရပြီး အနည်းငယ် မူးဝေသွားသည် ။

သူ့ရင်ထဲက ခံစားချက်များ ပျောက်ကွယ်မသွားခင် အချိန်မည်မျှကြာသွားမှန်းမသိဘဲ မျက်လုံးကို ဖွင့်ကြည့်လိုက်မိသည်။

သို့သော် သူ့ရှေ့မှမြင်ကွင်းကြောင့် အလွန်အံ့အားသင့်သွားရသည်။

" ငါက အခု ဘယ်ရောက်နေတာလဲ?"

ထိုအချိန်တွင် ယန်ယွဲ့သည် အခန်းတစ်ခုအတွင်း၌ ရှိနေကာ နှလုံးသားကို ရွှင်လန်းစေပြီး စိတ်ကို လန်းဆန်းစေသည့် ပန်းရနံ့သင်းသင်းများဖြင့် လွှမ်းခြုံထားသည်။

စားပွဲတင်ခုံ၊ ပန်းနုရောင် ကန့်လန့်ကာတစ်ခုလည်း ရှိနေသည်...။

ယန်ယဲ့က လက်ရှိသူရောက်နေသော နေရာဟာ အမျိုးသမီးတစ်ယောက် ၏အိပ်ခန်းဖြစ်သည်ကို တစ်ချက် တစ်ချက်ကြည့်လိုက်ရုံဖြင့် သိလိုက်သည်။

ယန်ယဲ့သည် အမျိုးသမီးတစ်ဦး၏အခန်းထဲသို့ အမှတ်တမဲ့ ပို့ခံရကြောင်း သိလိုက်ရသောအခါ ချက်ချင်းပင် စကားမပြောနိုင်ပေ။

"ချိး...! ငါ မိန်းမတွေနဲ့ပတ်သက်လာရင် တကယ်ပဲ ကံကောင်းနိုင်ပါ့မလား?"

ယန်ယဲ့သည် မကောင်းသော ရည်ရွယ်ချက်ဖြင့်
အမျိုးသမီးတစ်ဦး၏ အခန်းထဲသို့
ခိုးဝင်သွားသူအဖြစ် အထင်မှားမထံချင်ပေ။

သူက ချက်ချင်းပင် နောက်ပြန်လှည့်ကာ
ထွက်သွားရန်ပြင်လိုက်၏။

သို့သော် ထိုအချိန်တွင် အခန်းအပြင်ဖက်မှ
အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာပြီးနောက်
ယန်ယဲ့ ၏ခြေလှမ်းများက တုံ့ခနဲရပ်သွားကာ
ပါးစပ်ထောင့်များပင် တဆတ်ဆတ်
လှုပ်ယမ်းသွားသည်။

"ဝမ်အာ၊ ချန်းယုက ငယ်ငယ်ရွယ်ရွယ်နဲ့
ဝိညာဉ်နယ်ပယ်အလွှာအဆင့် ၇ ကို ရောက်နေပြီ။

သူက ကောင်းကင်ဂိုဏ်း ရဲ့
ထိပ်တန်းတပည့်တစ်ယောက်တောင် ဖြစ်သွားပြီ။

လိုအပ်ခြင်း မြို့မှာ သူ့ကို မှီနိုင်တဲ့
လူငယ်မျိုးဆက်ဆိုတာ မရှိဘူး၊ သူက
ဗဟိုနယ်မြေတစ်ခုလုံးမှာတောင် ဒါမှမဟုတ်
ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးမှာ
ထူးချွတ်တဲ့ပါရမီရှင်တစ်ဦးလို့သတ်မှတ်နိုင်တယ်။

မင်းသူ့ကိုလက်ထပ်မယ်ဆိုရင် မင်းကတော့ ချန်
ကကလန်ရဲ့မိန်းမပျိုလေးဖြစ်လာမယ်။
ဒီလိုကောင်းတဲ့ ကိုယ်စားလှယ်လောင်းနဲ့

ဒီလိုအခြေအနေကောင်းတွေကို လွတ်သွားရင်တော့ မင်းတစ်သက်လုံး နောင်တရလိမ့်မယ်!”

လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးက အခန်းတံခါးအပြင်ဖက်တွင် ရပ်နေကာ သူ့ရှေ့တွင် ရပ်နေသော အမျိုးသမီးကို ဆွဲဆောင်နိုင်စေရန် အစွမ်းကုန်ကြိုးစားနေလေသည်။

အမျိုးသမီးသည် အသက် ၂၀ ဝန်းကျင်ရှိကာ အစိမ်းရောင်ဝတ်ရုံကို ဝတ်ဆင်ထား၏။

သူမက အလွန် ချောမောလှပသော်လည်း အသွင်အပြင်က ပျော့ညံ့သိမ်မွေ့ပုံရသည်။

ထိုအမျိုးသမီးသည် လူလတ်ပိုင်းအရွယ် အမျိုးသား၏စကားကို ကြားသောအခါ ပြန်မဖြေဘဲ မျက်လုံးများမှေးမှိန်သွားကာ ခေါင်းကို အနည်းငယ်ငုံ့ထားလိုက်သည်။

လူလတ်ပိုင်းအရွယ်က သဘောကျစွာ ဆက်ပြောလိုက်သည်။ "ဝမ်အာ၊ ချန်းယု က မင်းအတွက် လေးနက်တဲ့ခံစားချက်တွေရှိနေခဲ့တာ တော်တော်ကြာပြီ။ ဒါကြောင့် မင်းသူ့ကိုလက်ထပ်ရင် သူလုံးဝစိတ်ပျက်မှာမဟုတ်ဘူး။ ဒါ့အပြင် မင်းသူ့ကိုလက်ထပ်ပြီးတာနဲ့ ငါတို့ လုကလန် က

လိုအပ်ခြင်းမြို့မှာ
ထိပ်သီးအင်အားစုတစ်ခုဖြစ်လာလိမ့်မယ်။ပြီးတော့
ငါတို့ကို မည်သူက
အနိုင်ကျင့်စော်ကားဝံ့မှာမဟုတ်တော့ဘူး။"

လုဝမ်အာက တိတ်ဆိတ်နေဆဲပင်၊
သူမ၏ဝတ်ရုံစကို တင်းတင်းကျပ်ကျပ်
ဆုပ်ကိုင်ထားသည်။

လူလတ်ပိုင်းအရွယ်က သက်ပြင်းတစ်ချက်ချကာ
မမေးမီ ခဏမျှ တုံ့ဆိုင်းသွားသည်။ "ဝမ်အာ၊
မင်းက တခြားတစ်ယောက်ကို ကြိုက်လို့လား,?"

"ဟမ့်...!မင်းဘယ်လိုသတ္တိရှိလဲ!" ထိုအချိန်တွင် ခမ်းနားသည့်ဝတ်ရုံရှည်ကို ဝတ်ဆင်ထားသော လူငယ်တစ်ယောက် အိမ်တံခါးဝအပြင်ဖက်တွင် ပေါ်လာသည်။

ထိုလူငယ်ကိုမြင်သောအခါ လုဝမ်အာ ၏မျက်လုံးများတွင် ကြောက်ရွံ့မှုများ ဖြစ်ပေါ် လာပြီး နောက်ကို ခြေလှမ်း ၂ လှမ်းခန့် အလိုလိုဆုတ်သွားခဲ့သည်။

"သခင်လေး ချန်! ဒီနေ့ မင်း ဘယ်လိုဖြစ်ပြီးရောက်လာတာလဲ?" လူလတ်ပိုင်းအရွယ်က သူ့မျက်နှာကို ပြုံးပြပြီး စကားမပြောခင် အံ့အားသင့်သွားသည်။

ချန်းယု ဟူသောလူငယ်က စကားပြန်မပြောသေးဘဲ သူတို့နှစ်ဦး ဆီ ဖြည်းညှင်းစွာလျှောက်လာ၏။ သူက လူလတ်ပိုင်းအရွယ်ကို ဂရုမစိုက်ဘဲ လုဝမ်အာ ကိုသာ စူးစိုက်ကြည့်ပြီး "ဝမ်အာ၊ မင်းက ငါ့ကို အမြဲရှောင်နေတာ။ မင်းက တခြားတစ်ယောက်ကို တကယ်ချစ်တာလား"

လုဝမ်အာက လူငယ်ကို
အလွန်ကြောက်လန့်နေပုံရပြီး နောက်ထပ်
ခြေနှစ်လှမ်းဆုတ်သွားကာ ၎င်းကို လုံးဝ
မကြည့်ဝံ့ပေ။

ချန်းယု ၏မျက်လုံးထဲတွင် ပြင်းထန်သော
အလင်းတန်းများ တောက်ပလာကာ "ဝမ်အာ၊
မင်းက ငါ့ခံစားချက်တွေကို သတိပြုသင့်တယ်။
မင်းငါ့ကိုသစ္စာဖောက်တာသိရင် ငါသတ်ပစ်မယ်!"

လုဝမ်အာက ဝတ်ရုံစကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်ပြီး သူမ၏ ခန္ဓာကိုယ် လေးကလည်း အနည်းငယ် တုန်ခါသွားသည် ။

ချန်းယုက  ရုတ်တရက်ပြုံးပြီး "ကောင်းပြီ။ ဝမ်အာ! ငါတို့မင်္ဂလာပွဲ နှောင့်နှေးရတယ်ဆိုတာ မင်းကိုပြောဖို့ ဒီနေ့ ငါဒီကိုလာခဲ့တာ။ အိမ်မှာပဲနေပြီး လက်ထပ်မဲ့အချိန်ကို မင်း စောင့်မျှော်နေပါ!"

"နောက်ကျရမှာလား?" လူလတ်ပိုင်းအရွယ်က အံ့သြသွားသည်။ "သခင်လေး ချန်း! ဘာများဖြစ်လို့လဲ?"

ချန်းယုက "ဦးလေး၊ ယန်ယဲ့ အကြောင်းကို ကြားဖူးတယ်မဟုတ်လား?"

"ဓားအင်ပါယာ ယန်ယဲ့? သူ့အကြောင်းကရော?" လူလတ်ပိုင်းအရွယ်က ထပ်မံ၍ အံ့သြသွားသည်။

ချန်းယုက အထင်အမြင်သေးစွာဖြင့် ပြောလိုက်သည်။ "ဓားအင်ပါယာ လား? သူက

အမှိုက်နယ်မြေကနေလာတဲ့ ခားသမား ပဲလေ။
သူက တောင်ပိုင်းနယ်မြေမှာ စိုးမိုးနိုင်ပေမဲ့
ဗဟိုနယ်မြေကိုရောက်လာတာနဲ့
ဘာကောင်မှမဟုတ်ဘူး။
မြင့်မြတ်သောဟန်အင်ပါယာက သူ့ခေါင်းအတွက်
ဒီလောက်ကြီးတဲ့ဆုလာဘ်ကို
ဘာကြောင့်ပေးတယ်ဆိုတာ ငါ အတော်လေး
သိချင်နေတယ်။ ဒါပေမဲ့ သူပိုင်ဆိုင်တဲ့
ဂုဏ်သတင်းကြောင့် မြင့်မြတ်သောဟန်
အင်ပါယာက သူ့စကားအတိုင်း
ပြန်ပြောင်းမှာတော့မဟုတ်လောက်ပါဘူး။”

"သခင်လေး ချန်း! မင်းက ယန်ယွဲ့ ကိုသတ်ဖို့ ရည်ရွယ်ထားတာလား။" လူလတ်ပိုင်းအရွယ်က အံ့အားသင့်စွာ ပြောလိုက်သည်။

"ဒါပေါ့!" ချန်းယုက ပြုံးပြီးပြောလေသည်။ "ငါတစ်ယောက်တည်းတော့ မဟုတ်ဘူး။ ငါ့ရဲ့ ကောင်းကင်ဂိုဏ်းက အပြင်စည်းတပည့်တွေနဲ့ ငါတို့ချန်းကလန် က တပည့်တွေ ပေါင်းပြီး သူ့ကို လိုက်ရှာနေပြီ။ တကယ်လို့ သူ့ကို သတ်နိုင်ရင် မြင့်မြတ်သောဟန်အင်ပါယာက ထုတ်ပြန်ထားတဲ့ ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး (၃,၀၀၀) နဲ့ ကောင်းကင်အဆင့်နည်းစနစ်တွေ၊ ရတနာတွေကို ရယူနိုင်မှာပဲ။ အဲဒီနောက်မှာ အနည်းဆုံး ၅

နှစ်အတွင်း ချီးမြှောက်ခြင်းနယ်ပယ်ကို ရောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။"

လူလတ်ပိုင်းအရွယ်က ချီတုံချတုံနှင့် ပြောလိုက်ပါသည်။ "ယန်ယွဲ့က ဓားအင်ပါယာ ဖြစ်လာနိုင်တဲ့အတွက် သူ့ရဲ့အစွမ်းသတ္တိက မဆိုးဘူးလို့ ငါထင်ပါတယ်။ ဒါ့အပြင် သူက ထူးခြားတဲ့ဝုက်ဖဲတချို့ပိုင်ဆိုင်ထားတာ သေချာတယ်။ ဒီလိုမှမဟုတ်ရင် သူက ဗဟိုနယ်မြေသို့ ရောက်ရှိဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ပြီးတော့ မြင့်မြတ်သောဟန်အင်ပါယာ ကလည်း သူ့ခေါင်းကို ဒီလောက်များပြားတဲ့ ဆုလာဘ်တွေထုတ်မယ်မထင်ဘူး။

သခင်လေး ချန်း! မင်း သတိထားသင့်တယ်လို့ ငါထင်ပါတယ်။ ယန်ယွဲ့ ကို အခု လိုက်မရှာသေးတာ အကောင်းဆုံးပဲ။ ငါတို့က တခြားလူတွေရဲ့ခွန်အားကို အရင်စမ်းသပ်ကြည့်ရအောင်။ ဒါက ပိုလုံခြုံတဲ့နည်းလမ်းပဲ!”

ချန်းယုက မကျေမနပ်ဖြင့် ပြောလိုက်သည်။ “အဲဒီလူက ဝိညာဉ်နယ်ပယ်အလွှာအဆင့် ၂ မှာရှိနေချိန် ငါက ဝိညာဉ်နယ်ပယ်အလွှာအဆင့် ၇ လေ။ ဦးလေး၊ ငါက သူ့ထက် ညံ့တယ်လို့ မင်းထင်လား?"

“အဲဒါ ငါဆိုလိုတာမဟုတ်ဘူး….”

လူလတ်ပိုင်းအရွယ်က စကားဆက်ပြောရန် ရည်ရွယ်ထားသော်လည်း ချန်းယု က သူ့ကို လက်ဝှေ့ယမ်းကာ တားလိုက်သည်။ သူက “ဦးလေး၊ အားလုံးပြီးအောင် လုပ်ထားပါ။ ငါပြန်လာတာနဲ့ ဝမ်အာ ကိုလက်ထပ်မယ်။ ဝမ်အာ ကငါ့ကိုလက်ထပ်ပြီးတာနဲ့ လိုအပ်ခြင်းမြို့မှာ မင်းရဲ့ လုကလန် ကို ဘယ်သူမှ ဆန့်ကျင်ဝံ့မှာမဟုတ်ဘူး။” လူငယ်က စကားကို ရပ်ပြီး လုဝမ်အာ ကို ကြည့်ကာ "ဝမ်အာ၊ ဒီအချိန်အတောအတွင်း အိမ်မှာပဲနေပြီး ငါ့ကိုလက်ထပ်ဖို့

အေးအေးဆေးဆေးစောင့်ပါ။
နားလည်တယ်မဟုတ်လား?"

လုဝမ်အော က ချန်းယု ၏စကားကို ကြားသောအခါ
ချက်ချင်း နောက်ပြန်ဆုတ်သွားလိုက်သည်။ သူမက
တုန်ယင်နေသော အသံဖြင့်
ပြောလိုက်လေသည်။"ငါ... နင့်ကို မကြိုက်ဘူး၊ ငါ
နင့်ကို လက်မထပ်ချင်ဘူး!"

"ဝမ်အော! အဲဒါ ဘာအဓိပ္ပာယ်မှမရှိဘူး!
လူငယ်သခင်လေး ချန်း ကို မြန်မြန်တောင်းပန်ပါ !"
ထိုအချိန်တွင် လူလတ်ပိုင်းအရွယ် အမျိုးသားက

တုန်လှုပ်နေရာကနေ သတိပြန်ဝင်လာပြီး
အလျင်စလိုပြောလေသည်။

လူလတ်ပိုင်းအဘိုးအိုက သူမအား
အော်ပြောသောအခါတွင် လုဝမ်အာ
၏မျက်လုံးများသည် ချက်ချင်းပင်
မျက်ရည်များပြည့်လာကာ လူလတ်ပိုင်းအဘိုးအိုကို
လှည့်ကြည့်လိုက်ကာ တံခါးကိုတွန်းဖွင့်ကာ
အခန်းထဲသို့ ပြေးသွားခဲ့သည်။ သို့သော်
ထိုနောက်တွင် သူမ အံ့အားသင့်သွားခဲ့သည်။

သက်လတ်ပိုင်းအဘိုးအိုနှင့် ချန်းယု တို့လည်း
သူမ၏နောက်ကို ပြေးလိုက်လာပြီးနောက်
ရုတ်ချည်းပင် အံ့အားသင့်သွားကြသည်။

ယန်ယဲ့ဟာ မည်သည့်စကားမှ
ပြန်မပြောနိုင်တော့ပေ။ သူက အမှန်ပင်
ပုန်းအောင်းလိုသော်လည်း
ဤကဲ့သို့အခန်းလေးထဲတွင် မည်သို့
ပုန်းအောင်းနိုင်ပါမည်နည်း?

ဖြန်း!

ရုတ်တရက် ချန်းယုက သူ့လက်ကို မြှောက်ပြီး လုဝမ်အာ ကို ပါးရိုက်ချလိုက်ရာ သူမ၏ခန္ဓာကိုယ်လေးက ယန်ယဲ့ ဖက်သို့ လွင့်ပျံလာလေသည်။

"ခွေးမ! မင်းငါ့ကို တကယ်သစ္စာဖောက်တယ်လို့ ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး၊ မင်းကအခန်းထဲက လူတစ်ယောက်ကိုတောင် ခေါ်ထားခဲ့သေးတယ်။ ငါ့ကိုပြောပါ! မင်း သူနဲ့ လုပ်ခဲ့တာ ကြာပြီလား?” ဒီအချိန်တွင် ချန်းယု က အလွန်ဒေါသ ထွက်နေလေသည်။

နောက်ဆုံးတွင် သူကိုယ်တိုင်တောင် လုဝမ်အာ ၏အိပ်ခန်းထဲကို မဝင်နိုင်ဘူးမဟုတ်ပါလား?

လူလတ်ပိုင်းအရွယ်လည်း လုံးဝ
အံ့အားသင့်သွားသည် ။
သိသာစွာပင်။ သူ့သမီး ၏အိပ်ခန်းထဲတွင်
အခြားယောက်ျားတစ်ယောက်ရှိလိမ့်မည်ဟု
သူလည်း မည်သည့်အခါကမှ မထင်ထားခဲ့မိပေ။

ယန်ယဲ့သည် လုဝမ်အာ ဆီသို့ ဖြည်းညှင်းစွာ
လျှောက်သွားပြီးနောက် သူမကို ထူမပေးလိုက်၏။
 ထိုအခိုက်တွင် သူ့နောက်မှ
လေပြင်းတစ်ချက်တိုက်ခတ်လာသဖြင့်
အနည်းငယ် မျက်မှောင်ကြုတ်သွားလေသည်။

တစ်ချိန်တည်းပင် သူ့ကျောတွင်လွယ်ထားသော အပြာရောင်သက်စောင့်ဓားက အလင်းတန်းများ ထွက်ပေါ်လာပြီး ချန်ယု ၏လက်မောင်းတစ်ဖက်က လေထဲသို့ ပျံထွက်သွားကာ နာကျင်စွာ အော်ဟစ်သံများ ထွက်ပေါ်လာသည်။

“အား! ငါ့လက်! ငါ့လက်!!!" ချန်းယု က နာကျင်စွာ အော်ဟစ်လိုက်လေသည်။

လုကလန် ၏သားအဖနှစ်ယောက်လုံး အံ့အားသင့်တုန်လှုပ်သွားသွားကြသည်။

ယန်ယဲ့က ချန်းယုကို ဂရုမစိုက်ဘဲ လုဝမ်အာ ၏ယောင်ယမ်းနေသော မျက်နှာလှလှလေးပေါ်လက်တင်လိုက်ကာ ခရမ်းရောင်စုံချီစွမ်းအင်အနည်းငယ်ကို ထုတ်ဖော်ပြီး ကုသပေးလိုက်သည်။

ထို့နောက် လုဝမ်အာ ကိုကြည့်ကာ "မင်းထက် သန်မာတဲ့သူကို လုံးဝငြင်းဆန်ချင်တယ်ဆိုရင် အဲဒါကို ပြီးမြောက်ဖို့ ခွန်အား လိုအပ်တယ်ဆိုတာ မင်းသဘောပေါက်ရမယ်။ ဒီလို ခွန်အားတွေ မပိုင်ဆိုင်ရင် ဒီအချိန်ခဏလေးလိုပဲ ဒုက္ခရောက်လိမ့်မယ်။ နားလည်ရဲ့လား?"

လုဝမ်အာ က သူမ၏မျက်လုံးထဲတွင်
တစ်ခါမှမပေါ်ဖူးသော အလင်းရောင်တစ်ခု
ရုတ်တရက်ပေါ်လာပြီး ယန်ယဲ့  ကို
စူးစိုက်ကြည့်နေသည်။

ဤအခိုက်အတန့်တွင် သူမက ရုတ်တရက်
ညဏ်အလင်းပွင့်ကာ တစ်စုံတစ်ခုကို
နားလည်သွားပုံရ၏။

“ဟမ်! မင်းကဘယ်သူလဲ...” ချန်းယု က ယန်ယဲ့ ကို
ထိတ်လန့်တကြားကြည့်လိုက်သည်။

သူက ထွက်ပြေးချင်သော်လည်း ထိုအတွေးကို
နှိုးဆွလိုက်သည်နှင့်ပင်

မမြင်နိုင်သောဖိအားတစ်ခုက
ပိတ်လှောင်ထားသည်ကို ခံစားလိုက်ရသည်။
တစ်ချိန်တည်း သူသာ အခုချက်ချင်းထွက်ပြေးလျှင်
သေချာပေါက်
အသက်ဆုံးရှုံးနိုင်ကြောင်းသိလိုက်လေသည်။

ယန်ယဲ့က သူ့လက်ဝါးကို ပြန်ရုတ်ကာ ချန်းယု
ကိုလှည့်ကြည့်ရင်း ပြုံးပြလိုက်၏။
"ဘယ်လိုလဲ?မင်းငါ့ကို မရှာချင်ဘူးလား?"

ချန်းယု က ခဏတာ အံ့အားသင့်သွားပြီးနောက်
ယန်ယဲ့ကို အံ့အားသင့်စွာ စိုက်ကြည့်ရင်း

သူ့အမူအရာ က ချက်ချင်း
ပြောင်းလဲသွားပါတော့သည်။ 'မင်း... မင်းက
ဓားအင်ပါယာ ယန်ယွဲ့ ပဲ!'

လူလတ်ပိုင်း၏ အမူအရာလည်း
ပြောင်းလဲသွားသည်။

သူ့ရှေ့တွင် ရပ်နေသော ဓားအင်ပါယာ ယန်ယွဲ့က
အမှန်တကယ်ပင်
အားကောင်းလွန်းလှသည်မဟုတ်သလော!

"မင်းရဲ့ကိုယ်ပိုင်ဂိုဏ်းအပြင်
ငါ့နောက်ကလိုက်လာတဲ့ တခြားဂိုဏ်းတွေလည်း
ရှိသေးတာလား?" ယန်ယွဲ့ ၏မျက်နှာက

တည်ကြည်သွားကာ အေးစက်စက်အသံဖြင့် မေးလိုက်ပါသည်။

"ဟားဟား!! ငါမင်းကိုပြောပြမယ်လို့ မင်းထင်လား။ မင်း….” ရုတ်တရက် သူ့ရင်ဘတ်တွင် အပေါက်ကြီးတစ်ခုပေါ်လာပြီး ဓားကြိုးတစ်ချောင်းက သူ့ကိုယ်တွင်းအင်္ဂါများကို အပိုင်းပိုင်းခွဲလိုက်သောကြောင့် ချန်းယု ၏အသံက ရုတ်တရက် ရပ်တန့်သွားခဲ့လေသည်။

“တစ်ခုခုကို သိချင်တာကြောင့် မင်းကို အသက်ရှင်ခွင့်ပေးခဲ့တာ။ ဒါပေမဲ့ မင်းငါ့ကို မပြောဖို့ ပြင်းတယ်။ ဒါဆိုရင် မင်းဘဝက

အသက်ရှင်ရတာ အဓိပ္ပါယ်မရှိတော့ဘူး!”
ယန်ယဲ့သည် ခေါင်းယမ်းကာ လှည့်ပြီး တံခါးဆီသို့ လျှောက်သွားလိုက်သည်။

ဆက်ရန်။